



mgyoe.com
SAMPLE BOOK
mgyoe.com





ငါတို့ရွာပြန်ကြရအောင် ( ညို့ထွန်းလူ )
9 782023 000328

mgyoe.com
SAMPLE BOOKS
mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၃၂)

ပုံနှိပ်မှတ်တမ်း



# ငါတို့ ရှာပြန်ကြရအောင်

ညိုထွန်းလူ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ မေလ

မျက်နှာဖုံးဒီဇိုင်း ♦ ရှာန်ရဲထွဋ်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၁၂၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

ညိုထွန်းလူ
ငါတို့ ရှာပြန်ကြရအောင် / ညိုထွန်းလူ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၄၁၆၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၃၂) ငါတို့ ရှာပြန်ကြရအောင်

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

လွန်ခဲ့သည့် နှစ်လေးဆယ်လောက်က ဖြစ်သည်။ ရွာဘုရားပွဲကိုသွားသည့်အမေ ပြန်ရောက်လာခဲ့သည်။ အမေနှင့်အတူ ရွာကပေးလိုက်သည့် လက်ဆောင်တွေကလည်း မနည်းမနော။ ဟင်းချက်စရာ အသီးအရွက်တွေ။ မြေပဲဆံ၊ ထန်းလျှက်၊ ဆီးသီးခြောက်၊ ဆယ်ပိဿာဝင် ဆီပုံးတစ်ပုံး။ အဖေကြိုက်သည့် ပဲရေပွနှင့် ခါးဆစ်သီးကိုလည်း မမေ့မလျော့ ယူလာခဲ့သေးသည်။ အမေသည် တစ်နှစ်တစ်ကြိမ်ကျင်းပသည့် ရွာဘုရားပွဲကို မဖြစ်မနေ ပြန်လေ့ရှိသည်။ ရွာမှာ ရက်တစ်ပတ်လောက် နေသည်။ မန္တလေးကို ပြန်လာတော့လည်း ရွာကဆွေမျိုးတွေပေးလိုက်ကြသည့် လက်ဆောင်တွေနှင့်အတူ ပြောစရာစကားတွေကိုလည်း သယ်ဆောင်လာခဲ့သည်။ အဖေကလည်း အမေပြောမည့် အကြောင်းအရာတွေကို နားထောင်ဖို့ အဆင်သင့် ပြင်ဆင်ထားသည်။

တစ်ရွာလုံးကလည်း ဆွေမျိုးတွေချည်း ဖြစ်၍ ဆွေမျိုးတွေအကြောင်း ပြောနေကြသည့် အဖေနှင့်အမေ၏ စကားဝိုင်းသည် တစ်နေ့တစ်ရက်နှင့်လည်း မပြီး။ တစ်ပတ်ဆယ်ရက် ပြည့်သွားသည့်တိုင် အဆုံးမသတ်နိုင်သေး။ တစ်လကျော်ကြာလည်း ပြောသူကလည်း ပြော၍မကုန် နားထောင်သူကလည်း အရသာရှိရှိ နားထောင်၍ ကောင်းနေဆဲ။ သူတို့စကားပြောချိန်က သတ်သတ်မှတ်မှတ်ဟူ၍မရှိ။ နေ့လယ်ခင်းအချိန် အမေက ဆန်ရွေးနေရင်းဖြင့် ရုတ်တရက် သတိရလာသမျှ

mgyoe.com

ကို ကောက်ခါငင်ခါ ပြောသည်။ ထို့အတူ အဖေကလည်း ရေနွေးကြမ်းတဖူးဖူး မှုတ်သောက်ရင်း ဘယ်သူတော့ ရှိသေးလားဟဟု ဖျတ်ခနဲ မေးလိုက်သည်။ အဲသည် နောက် ပြောစရာစကားတွေက တစ်ခုပြီးတစ်ခု ဆက်စပ်သွားကာ တစ်နွယ်ငင် တစ်စင်ပါကုန်ပြီး ပြော၍ကို မဆုံးနိုင်။ ကျွန်တော်လည်း မလွတ်ပါ တစ်ခါတစ်ရံ အမေတို့စကားဝိုင်းထဲသို့ ရောယောင်အဆစ်ပါသွားရသည်။

"ကိုကြီးငွေအောင်ကလည်း မေးလိုက်သေးတယ်။ ဒီကောင်ကြီး တက္ကသိုလ် ဘယ်နှတန်းရောက်နေပြီလဲ။ နောက်တစ်ခေါက် ရွာကိုလာရင် သူ့ကိုခေါ်လာခဲ့ဦး လို့ မှာလိုက်သေးတော်"

ခွကျလိုက်ပါဘိ ကိုယ့်အကြောင်း ပြောနေတော့လည်း အမေတို့အနားမှ မသိချင်ယောင်ဆောင်ပြီး ထသွား၍ မရ။ ထိုစဉ်တုန်းက အဖေနဲ့အမေကတော့ ရွာအကြောင်းကို ပြော,ပြောနိုင်လွန်းဗျာဟု မိုက်မိုက်မည်းမည်း တွေးခဲ့ဖူးသည်။ မိဘနှစ်ပါး၏ ရွာအလွမ်းကို ကျွန်တော် နားမလည် မခံစားနိုင်သေး။

ယခုတော့ ကျွန်တော် နားလည်သွားခဲ့ရပြီ။ အသက်အရွယ်ရလာ၍ အကြောင်းကိစ္စမရှိဘဲ ဘယ်မှမသွားဖြစ်တော့။ နေ့စဉ်နှင့်အမျှ စကားပြောဖော် ပြောဖက်တွေကို မျှော်နေမိသည်။ အသက်ကြီးလာသည့်အခါ အနာဂတ်သည်တို တောင်းသွားပြီး အတိတ်ကာလသည် ရှည်လျားလာစမြဲ။ ထိုအခါ စိတ်အာရုံတွေက လာရာလမ်းသို့ ပြန်လှည့်သွားတတ်ကြသည်။ ကျွန်တော်လည်း စကားပြောဖော် ပြောဖက်မိတ်ဆွေတွေကို မျှော်ရင်းဖြင့် လာရာလမ်းဆီသို့ စောင်းငဲ့ကြည့်မိလိုက်သည်။

လာရာလမ်း၏အဆုံးတွင် ကျွန်တော့်ရွာ ရှိသည်။ ရွာမှမွေးဖွားပြီး ရွာမှာပဲ လူလားမြောက်ခဲ့ရသည်။ သည်လိုနှင့် လာရာလမ်းအတိုင်း ခပ်ဖြည်းဖြည်း ပြန် သွားနေစဉ် တစ်နေရာရောက်တော့ သိန်းနိုင်နှင့် မမျှော်လင့်ဘဲ တွေ့လိုက်သည်။ သူနှင့် ကျွန်တော် ရွာအကြောင်းကို အလွမ်းပြေ ပြောနေတုန်းမှာပဲ ကိုငါးမူး ရောက် လာခဲ့သည်။ ခဏနေတော့ ကိုအောင်ဝင်းနှင့် မလှညိုလည်း ရောက်လာကြပြန် သည်။ ကိုငါးမူးက ငါတို့ ရွာပြန်ကြရအောင်တဲ့။ ကျွန်တော့်စိတ်တွေ လှုပ်ရှားသွား ခဲ့သည်။ ကိုအောင်ဝင်းကလည်း ငါရွာပြန်မယ်ဟု ကလေးတစ်ယောက်လို အော်ပြော လိုက်သည်။

ငါတို့ ရွာပြန်ကြရအောင်. . . ငါတို့ ရွာပြန်ကြရအောင် ဆိုသည့်အသံ က ကျွန်တော့်ရင်ထဲမှာ ပဲ့တင်သံတွေ ရိုက်ခတ်နေလျက်။ အမှန်တော့ ရွာပြန်ကြ ရအောင် ဆိုတာက ကျေးလက်တောရွာကိုပဲ ပြောလိုခြင်း မဟုတ်ပါ။ ကိုယ့်မွေးရပ်

mgyoe.com

mgyoe.com
SAMPLE BOOK

မြေနှင့် ငယ်ဘဝနှင့် လောကဝန်းကျင်ကိုလည်း ရည်ညွှန်းပါသည်။ ငယ်ဘဝလောက ဝန်းကျင်ကလေးသည် ရွာနှင့်မခြား သေးငယ်ကျဉ်းမြောင်းသည်။ အဲသည်မှာ ပေါ့ပါး ပျော်ရွှင်ခဲ့ကြသည်။ ကြီးလာတော့မှ အနားသတ်မဲ့သည့် လောကဝန်းကျင်ကြီးထဲသို့ ကျွန်တော်တို့ ရောက်သွားခဲ့ကြသည်။ သို့ရာတွင် မည်သူမဆို ကိုယ့်ဇာတိမြေနှင့် ကျင်လည်ခဲ့သည့် လောကဝန်းကျင်ကလေးကို သတိရကြစမြဲ။ လွမ်းကြစမြဲ။ ဒါကြောင့်လည်း နှစ်သစ်ကူးချိန်ရောက်တိုင်း ကိုယ့်နေရာဟောင်းကို ပြန်ဖို့အတွက် လေဆိပ်တွေ၊ မော်တော်ကားဂိတ်နှင့် မီးရထားဘူတာရုံတွေမှာ ခရီးသည်တွေ ဒင်းကြမ်းပြည့်ကျပ်နေလျက်။ ပြန်ခွင့်မသာသူတွေကတော့ အလွမ်းစိတ်ဖြင့် ဖြေသိမ့်နေကြ ရှာပါလိမ့်မည်။

သည်ဝတ္ထုကြီး ရေးချင်အောင် အဆက်မပြတ်တွန်းအားပေးပြီး စာမူကို ပရုဖ်ဖတ်ပေးသည့် စာပေညီငယ် ဆရာစိုးဘားဒိုင်ကို ကျေးဇူးတင်ရသည်။ သည်ဝတ္ထုကို လက်ပ်တော့ဖြင့် ရိုက်ပါသည်။ လူငယ်တွေအတွက် ဘာမျှမထူးဆန်းသော်လည်း ကွန်ပျူတာပညာရပ်ကို မူကြိုအဆင့်သာရှိသေးသည့် ကျွန်တော့်အတွက်တော့ အင်မတန်မှ ကြီးမားသည့် စွန့်စားခန်းဖြစ်သည်။ စာရိုက်နေစဉ် အခက်အခဲတွေ ကြုံရတိုင်း နီးရာလူကို အကူအညီတောင်းရ၏။ သည့်အတွက် အချိန်မဆိုင်း အကူအညီပေးကြသည့် ကိုကျော်ကျော်၊ ကိုအောင်ပိုက်နှင့် သမီးဝတ်ရည်ဖူးတို့ကိုလည်း ကျေးဇူးတင်ရသည်။ ပြီးတော့ ထုတ်ဝေသည့် ပြည့်အာကာရဲ့ စာရိပ်မြိုင် စာအုပ်တိုက်ကိုလည်း ကျေးဇူးစကား ဆိုပါရစေ။

ထုတ်ဝေသူက လူငယ်တစ်ယောက်ဟု သိရသည်။ ကျွန်တော်နှင့် လူချင်းတစ်ခါမျှ မဆုံဘူးသေး။ သို့သော်လည်း လူငယ်တစ်ယောက်ဖြစ်၍ သူ့အရည်အချင်းကို ယုံကြည်သည်။ သူက ကျွန်တော့်စာအုပ်ကို စာဖတ်ပရိသတ်ဆီသို့ ရောက်ဖို့အတွက် ပေါင်းကူးတံတား ထိုးပေးခဲ့သူဖြစ်သည်။ ကျွန်တော့်စာဖတ်ပရိသတ်နှင့်အတူ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါသည်။

ငါတို့ ရွာပြန်ကြရအောင်ပါ။ ရွာကို အပြန်ခက်နေကြသူများနှင့် ရပ်ဝေးမြေခြားမှ ကိုယ့်ဇာတိမြေ ကိုယ့်လောက ဝန်းကျင်ကလေးကို လွမ်းမောနေကြသူအားလုံး ရွာကိုပြန်နိုင်မည့် အခွင့်အခါကောင်းတွေ အမြန်ရောက်ပါစေဟု ကျွန်တော်ဆုတောင်းလိုက်မိသည်။

ညို့ထွန်းလူ

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း ၁

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလတစ်ခုက မှေးမှိန် ပျောက်ဆုံးသွားသော ပုံရိပ်တို့သည် ဘဝ၏ စာမျက်နှာတွေထဲမှာ အိပ်မက်တွေလို စွဲလန်းနှစ်သက်စွာဖြင့် ကျန်ရှိနေဆဲ။ အဲဒီ အိပ်မက်တွေထဲသို့ မကြာခဏ ကျွန်တော် ရောက်သွားတတ်သည်။ တစ်ခါတစ်ရံ တော့လည်း ကျွန်တော် မလိုချင်သည့် အိပ်မက်တွေက ကျွန်တော့်ဆီသို့ ပူးကပ်လာ တတ်သည်။ ဟုတ်ပါသည်။ ယခုလည်း စိတ်အာရုံကို ဆွဲလှုပ်လိုက်သည့် ခြောက် အိပ်မက်ထဲမှာ ကျွန်တော် ရှိနေသည်။ ကျွန်တော် အားကုန်သုံး၍ ပြေးနေသည်။ ဘာကြောင့် ပြေးနေရမှန်းလည်း မသိပါ။ ခက်တာက ဘယ်လိုပဲပြေးပြေး အပြေး လေ့ကျင့်သည့် စက်ပေါ်မှာ ပြေးနေရသလို ကျွန်တော့်ခန္ဓာကိုယ်သည် ရှေ့သို့ တိုးရွေ့ မသွားခဲ့။ အစွမ်းကုန် အားထုတ် ပြေးနေရင်း တဖြည်းဖြည်း မောဟိုက် ပင်ပန်းလာသည်။ အားတင်းထားသော်လည်း လက်လျှော့ချင်လာခဲ့ရပြီ။ ကျွန်တော် စိတ်တိုသွားသည်။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လွန်း၍ အော်ဟစ်လိုက်မိသော် လည်း အသံထွက်မလာ၊ လည်ချောင်းဝမှာ တစ်ဆို့နေလျက်။ ကျွန်တော့်အား စကားမပြောနိုင်အောင် ပိတ်ဆို့တားဆီးထားသည့် အရာတွေကို တုန့်ပြန်နိုင်ဖို့ အတွက် ကျွန်တော့်အင်အားတွေ၊ ခံနိုင်စွမ်းရည်တွေ၊ ပြင်းပြသည့် စိတ်ခံစားမှုတွေကို စုစည်းလိုက်သည်။ ပြီးတော့ အံတစ်ချက်ကြိတ်၍ အားကုန်ရုန်းလိုက်သည်။

မောလိုက်တာ။ ပါးစပ်ဟပြီး အသက်ကို အငမ်းမရ ရှူနေရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်နေလျက်။ အိပ်မက် မက်နေတာပဲဆိုသည့် အသိကြောင့် စိတ်သက်သာရာ ရသွား၏။ ဘယ်လိုကြောင့် ဒီလိုအိပ်မက်မျိုး မက်ခဲ့ရပါလိမ့်။ ဘဝဆိုသည်ကလည်း အိပ်မက်တစ်ခုလိုပါပဲ။ ကျွန်တော်တို့အားလုံး ကာလခရီးကို ဖြတ်သန်းနေကြသည်။ စင်တင်ပြဇာတ်တွေထဲကလို နောက်ခံကားချပ်တွေ တစ်ခုပြီးတစ်ခု ပြောင်းလဲသွားသည်။ နောက်ခံမြင်ကွင်းများသည် ကျွန်တော် ရောက်ရှိသည့်နေရာကို ဖော်ပြနေလျက်ရှိသည်။ ကျွန်တော် ငေးနေမိသည်။ ဆယ်စုနှစ် သုံးခုခန့်ကြာခဲ့ရသည့် ခရီးတာသည် ကိုယ့်အနားမှာပဲ နာရီဝက်ခန့်၊ အနည်းငယ်ခန့် စီးမျောသွားခဲ့ပြီးနောက် အငွေ့ပျံ ပျောက်ကွယ်သွားခဲ့သည်။ ကျွန်တော်တို့သည် ဘဝ၏အစနှင့် အဆုံးနှစ်ခုကြားမှာ ရှည်လျားသည့်ခရီးကို ပင်ပင်ပန်းပန်း ဖြတ်သန်းလာခဲ့ကြသည်ဟု ထင်မှတ်နေကြ၏။ သို့ရာတွင် ကျွန်တော့်အသိဉာဏ်ထဲမှာ စွဲမှတ်နေခဲ့သော အရာအားလုံးသည် အိပ်မက်ထဲက ပုံရိပ်တွေလို ရုတ်တရက် ရောက်လာခဲ့ပြီး ရုတ်တရက် ပြန်လည်ပျောက်ကွယ်သွားခဲ့သည်။ ထိုအတောအတွင်း ဘဝ၏ ရှင်သန်မှုနှင့် တစ်ချိန်တစ်ခါက ကျွန်တော့်လောက၊ ကျွန်တော့်ဝန်းကျင်သည် ကျွန်တော့်ဆီသို့ တခဏပြန်လည်ရောက်လာကြသည်။ ထူးဆန်းသည်တော့ မဟုတ်ပါ။ ပျော့ပျောင်းသည့် အရာတစ်ခုကို စက်ဝိုင်းသဏ္ဍာန် ကွေးညွတ်လိုက်သောအခါ အစနှင့်အဆုံးသည် ဆုံမှတ်တစ်ခုမှာ ပြန်လည်ထိစပ်လိုက်သလိုမျိုး ဖြစ်သည်။ သည်နေရာမှ စလိုက်သည်။ သည်နေရာမှာပဲ ပြီးဆုံးသွားခဲ့သည်။ အတွေးနယ်ပယ်ထဲမှ သဏ္ဍာန်ပုံရိပ်ဖော်၍ မရသည့် အမှတ်တရများသည် စက်ဝိုင်းတစ်ခုလို ကျွန်တော့်အား ရစ်ပတ်ထားလျက်။ သည်အရာအားလုံးသည် ငြင်းပယ်၍ မရသည့် အရှိတရားတွေ။ လူအချို့ ကျွန်တော့်အနားမှ ထွက်ခွာသွားကြသည်။ အချို့ကတော့ ကျွန်တော့်နားသို့ ပြန်ရောက်လာကြသည်။ အဖြစ်အပျက်တွေ၊ လူတွေ၊ ဖြတ်သန်းလာခဲ့ရသည့် သင်္ကေတ ရာဇ်မှတ်တိုင်တွေ။ ပျော်ရွှင်မှုတွေ၊ စိတ်မောပန်းလျ ဖြစ်ခဲ့ရတာတွေ ကျွန်တော့်ဆီသို့ ပူးကပ်လာခဲ့ကြပြန်ပြီ။ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိသည်။ ညသည် အမှောင်ထုထဲမှာ တိတ်ဆိတ် ငြိမ်သက်နေလျက်။ အပြင်ဘက်မှာ မိုးခြိမ်းသံတွေကို ရုတ်တရက် ကြားလိုက်ရသည်။ အကြောင်းတိုက်ဆိုင်မှုကြောင့်ပဲ ဖြစ်စေ ကျွန်တော့်ဘဝ၏ ခြေလှမ်းအစနှင့် လောက ကမ္ဘာလေးသည် ကျွန်တော့်အား လက်ယပ်ခေါ်နေသယောင်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

မိုးရွာတော့မည်လား။ တစ်နေ့လုံး အုံ့အုံ့အိုက်အိုက်နှင့်။ မိုးပေါ်ကို မျှော်ကြည့်လိုက်တော့လည်း နေရောင်ခြည်ဝင်းနေသည့် မိုးကောင်းကင်ကြီးကိုပဲ တွေ့မြင်နေရဆဲ။ သင်္ကြန်ပြီး တစ်လလောက်အကြာ နေ့တိုင်းလိုလို မိုးပေါ်သို့ အမှတ်မထင် မော့ကြည့်လိုက်သည်။ ထုံးစံအတိုင်းဆိုလျှင် သင်္ကြန်ပြီး၍ ၄၅ ရက် ပြည့်သည်နှင့် မိုးရွာတတ်သည်။ နယုန်လထဲလည်း ရောက်နေပြီး ဖျောက်ဆိပ်ကြယ်လည်း ပေါ်ပြီဆိုမှဖြင့် နေ့တိုင်း မိုးကောင်းကင်ကို ကြည့်ရင်း မျှော်လင့်ချက်တွေ တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။ မိုးတကယ်ရွာတော့မှာ သေချာသည်။ လေးဆယ့်ငါးရက် မကတော့ဘဲ ရှေ့သုံးရက်တောင် စွန်းနေပါပကော။ လူကြီးတွေကတော့ မိုးရာသီရောက်လာခဲ့သည့်တိုင် မိုးတစ်စက်မှ မကျသေး၍ စိတ်ပျက်နေကြသည်။ မိုးဦးနောက်ကျသည်နှင့် အစီအစဉ်တွေ ဖရိုဖရဲဖြစ်ကုန်မှာစိုးသည်။

မိုးဦးမှာ နှမ်းလျှင်တွေ ကြဲနိုင်မှ။ မိုးကုန်သည်နှင့် ထောပတ်ပဲတို့၊ စွန်တာနီပဲတွေ စိုက်ကြမှာပေါ့။ ကျွန်တော်တို့ရွာ၊ ကျွန်တော်တို့ နယ်တကြောမှာဖြင့် ယာမြေတွေက မြေဆီဩဇာ သိပ်မကောင်း၍ သီးနှံမျိုးစုံ မစိုက်နိုင်။ သည်ကြားထဲ မိုးကလည်း မှန်ဦးမှ။ ဖြစ်ချင်တာကို ပြောရလျှင် မိုးဦးကောင်းစေချင်နေမိသည်။ ခပ်မြန်မြန်လေးကို မိုးရွာချလိုက်စေချင်သည်။ ကြည့်လေ လူတစ်ကိုယ်လုံး ရွှထနေအောင် ပေါက်နေသည့် မိတ်ဖုတွေက တော်တော်ဒုက္ခပေးနေသည်ကိုး။ ယားလွန်း၍ ခဏာ

mgyoe.com

mgyoe.com SAMPLE BOOK

ခဏာ ကုတ်ဖွဲ့နေရ၏။ ဆိုးလိုက်သည့်အဖြစ်။ မိတ်ကိုက်တာသက်သာအောင် အမေက သနပ်ခါးလူးပေးလိုက်သော်လည်း တစ်ခဏပဲ သက်သာသည်။ နေပူပြင်းသည်နှင့် ချွေးတွေထွက်ပြီး ပြန်၍ယားလာခဲ့သည်။

သင်္ကြန်ပြီးသည်နှင့် ကျွန်တော်တို့ မိုးကို မျှော်ရစမြဲ။ ဖြတ်သန်းလာခဲ့ကြသည့် အတွေ့အကြုံတွေ၊ သင်္ကြန်စာထဲပါတာတွေ မိုးလေဝသ သတင်းတွေ။ ခေါင်းထဲမှာ ရှိနေသည့် အချက်အလက်တွေဖြင့် မိုးရွာမည်ကို မျှော်ခဲ့ကြ။ ဟိုး ကျွန်တော်တို့ ဘိုးဘေးလက်ထက်တုန်းကလည်း ယခုလိုပဲ မိုးကို မျှော်ခဲ့ကြရ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးထဲတွင် အနာဂတ်ကာလမှာ နေထိုင်ကြမည့်သူတွေလည်း သူ့အချိန် သူ့ကာလကို ရောက်သည်နှင့် မိုးရွာတာကိုပဲ မျှော်နေကြရဦးမည်။ သို့ဖြင့် အညာ မိုးခေါင်ရပ်ဝန်းဒေသတွင် သဘာဝတရားကြီးနှင့် လိုက်လျောညီထွေရှိပြီး မျိုးဆက်တွေ တစ်ဆက်ပြီး တစ်ဆက် နေထိုင် ဖြတ်သန်းလာခဲ့ရစမြဲ။ ထို့အတူ သဘာဝအရင်းအမြစ်တွေ မပြည့်စုံသည့် ရပ်ဝန်းဒေသတွင် ရှင်သန်နေထိုင်နိုင်ဖို့အတွက် ခံနိုင်စွမ်းရည်တွေက ကိုယ်ပိုင်အင်အားတစ်ခုလို ပိုင်ဆိုင်သွားရစမြဲ။ ရိုးရာဓလေ့စရိုက်နှင့် အစဉ်အလာအရ ယုံကြည်မှုသည်လည်း ခိုင်မာစွာ တည်ရှိနေဆဲ။

ကဲ. . . ကြည့်ပါဦး မျှော်သည့်မိုးသည် ပေါ်မလာ ကြာပါပေါ့ ဆိုမှဖြင့် ငရုံမင်းပရိတ် ရွတ်ကြရ လွန်ဆွဲကြပေါ့။ အဲသည်လိုလုပ်ကြတော့ မိုးရွာတော့မှာလား၊ သိပ်တော့ မသေချာ။ ရွာချင်လည်း ရွာမည်။ အစွဲအလမ်းဖြင့် ယုံယုံကြည်ကြည် လုပ်ခဲ့ရ၍ စိတ်ရှင်းသွားမှာတော့ သေချာသည်။ မည်သို့ပင်ဖြစ်စေ မိုးရွာဖို့ လွန်ဆွဲရတာကိုဖြင့် သဘောကျမိသည်။ ဟောဗျာ တစ်ရွာလုံး အုံးအုံးကြွက်ကြွက် ပူပူအိုက်အိုက်။ ချွေးတွေ ရွှဲနစ်ပြီး ဖုန်တွေကလည်း ထောင်းထောင်းထလို့။ တကယ်တော့ သည်တစ်နှစ် မိုးခေါင်လည်း သိပ်တော့ စိတ်မပူ။ သုံးနှစ် တစ်နှစ်တော့ မိုးခေါင်စမြဲဟု ပြောကြသည်။ နှမ်းတွေလည်း သုံးနှစ်မှာ တစ်နှစ်တော့ အပျက်များတတ်သည်။ ဆိုလိုတာက သဘာဝတရားကြီးနှင့် လူသားသည် အပြန်အလှန် နားလည်မှုတွေ ရှိနေကြသည်။ ကဲပါလေ မိုးရာသီရောက်သည်နှင့် မည်သူမဆို မိုးရွာစေချင်ကြစမြဲပါ။ နေရောင်တဝင်းဝင်း တံလျှပ်တွေ ရှိန်ရှိန်ထ။ ခြောက်သွေ့နေသည့် အကျည်းတန် မြင်ကွင်းတွေက မိုးတစ်ပြိုက် ရွာချလိုက်လျှင်ဖြင့် ရယ်စရာဖြစ်နေမည်လားမသိ။ အညာမှာ မိုးဦးဝင်စအချိန်ကိုပဲ ကျွန်တော် လွမ်းနေတတ်သည်။ ဘာကြောင့်လွမ်းနေရတာလဲဟု မေးလျှင်လည်း ကျွန်တော် မဖြေတတ်ပါ။ လွမ်းချင်လို့ လွမ်းစရာ

mgyoe.com

mgyoe.com SAMPLE BOOK
တွေကလည်း ရှိနေလို့ လွမ်းရသည်ဟု ထင်ပါသည်။

သည်တစ်ခါတော့ မိုးတကယ် ရွာတော့မည်ထင်ရဲ့။ အဝေးဆီမှ မိုးခြိမ်းသံတွေ ကြားရသည်။ လျှပ်စီးတွေကလည်း ဝင်းဝင်းလက်လက်။ ဟော မိုးကိုမျှော်၍ မဆုံးခင်မှာဘဲ နာရီဝက်ခန့် အကြာတွင် ဝေါခနဲ ရွာချပါလေရော။ ရွာတော့လည်း အားရပါးရကြီးကို ရွာတော့သည်။ ချောင်းရေတွေ တဟုန်တိုး စီးဆင်းလာတော့မည့် ရွှေညာမှာ ရွာသည့်မိုး။ မိုးရွာလျှင်ဖြင့် မိုးရေအေးအေးလေးကို တစ်ဝကြီး ချိုးလိုက်မည်ဟု စိတ်ထဲမှာ တေးထားတာ ကြာလွန်းမကကြာလှပြီ။ ဝမ်းသာအားရဖြင့် အိမ်ဝင်းအပြင်ဘက်သို့ ကျွန်တော် ပြေးထွက်သွားလိုက်သည်။ ရွာလယ်လမ်းပေါ်မှာလည်း တစ်ရွာလုံး အိမ်ရှိလူကုန်ထွက်ပြီး မိုးရေချိုးကုန်ကြသည်လား ထင်မှတ်စရာ။ မိုးရွာလိုက်၍ တစ်ရွာလုံး ပျော်နေကြသည်။ တကယ်တော့ အညာဒေသမှာ မိုးရွာဖို့ အရေးကလည်း မျှော်တော်ဇောဖြင့် မောနေရစမြဲ။ နို့ပြီး တစ်မိုးရွာပြီးသည်နှင့် နောက်ထပ် တစ်မိုးကိုလည်း တစ်ကမ္ဘာလောက်ကြာအောင် စောင့်ရတတ်၍ စိတ်တိုချင်စရာလည်း ကောင်း၏။

ကျွန်တော်တို့ကလေးတွေ မိုးရေချိုးရင်း ခုန်ပေါက် ပျော်မြူးနေကြသည်။ တပေးပေး တဟားဟား အော်ကြ၊ မိုးရေစီးကြောင်းထဲမှာ လူးလှိမ့်နေလိုက်ကြ။ သို့ရာတွင် လျှပ်စီးတစ်ချက်ပြက်ပြီး ဒိန်းခနဲ မိုးကြိုးပစ်သံ ကြားလိုက်ရသည်နှင့် ထိတ်လန့်သွားကြသည်။ ကျွန်တော်လည်း ထိုနည်းတူ။ တစ်ကိုယ်လုံး တုန်တက်သွားပြီး အိမ်ထဲကို ကြောက်အားလန့်အားနှင့် ဝင်ပြေးသွားရတော့သည်။ လျှပ်စီးဝင်းခနဲ လက်ပြီး မိုးခြိမ်းသံတွေကို ကျွန်တော် ကြောက်သည်။ ပြီးတော့ တစ္ဆေသရဲတွေကိုလည်း ကြောက်သည်။ ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင်ဖြင့် အဲဒီ စုန်းတစ္ဆေသရဲ ပြိတ္တာ ဘီလူး သဘက် ဆိုသည့် မကောင်းဆိုးရွားတွေအကြောင်း တွေးလိုက်မိရုံဖြင့် ကြောက်ရွံ့စိတ်သည် ကျောရိုးတလျှောက်ဆီသို့ ကင်းခြေများတွေလို တရွရွတက်လာစမြဲ။

"ကိုယ်တိုင် မမြင်ရဘဲနဲ့ မင်းဘာလို့ ဒီလောက် ကြောက်နေရတာလဲ" အဖေက မေးလိုက်၍ စိတ်ညစ်သွားသည်။ အလိုမကျဖြစ်နေသည့် အဖေ့ကို မဝံ့မရဲနှင့် ကြည့်လိုက်မိသည်။ ကျွန်တော် မသိပါဘူး။ ကြောက်ရွံ့ရခြင်း၏ အကြောင်းရင်းကိုလည်း ရှာဖွေမရခဲ့ပါဘူး။ ကြောက်တာတော့ ကြောက်တာပဲလေ။ လက်တွေ့ မကြုံဘူးတာနဲ့ မကြောက်ရတော့ဘူးတဲ့လား။ အဖေ့ကို ပြန်မပြောရဲ၍ အသာငြိမ်နေလိုက်ရသော်လည်း စိတ်ထဲမှာတော့ ဘယ်ကျေနပ်ပါ့မလဲ။ တစ္ဆေ သရဲတွေ
mgyoe.com

SAMPLE BOOK

အကြောင်း ကာလသားကြီးတွေ ပြောပြတာကို ရင်တဖိုဖိုနဲ့ နားထောင်ခဲ့ရ၏။ ထို့နောက် ကျောင်းစာကြည့်တိုက်က စုန်းတစ္ဆေ၊ သရဲကဝေတွေအကြောင်း စာအုပ်တွေကို ဖတ်လိုက်ရသောအခါ ကြောက်ရွံ့စိတ်ကို ထိန်းချုပ်မရအောင် ဖြစ်သွားခဲ့သည်။

ကျွန်တော်တို့ရွာက အလယ်တန်းကျောင်းမှာ ကျောင်းစာကြည့်တိုက်ရှိသည်။ စာအုပ်တွေလည်း အသင့်အတင့် ပြည့်စုံသည်။ စာကြည့်တိုက်ကို သွား၍ ရုပ်ပြစာအုပ်တွေ၊ ကာတွန်းတွေ၊ ပုံပြင်စာအုပ်တွေကို ဖတ်ရင်းဖြင့် စာဖတ်ခြင်းကို စွဲလာခဲ့သည်။ သို့ဖြင့် တွေ့သမျှ စာတွေကို ဖတ်ရင်း စာကြည့်တိုက်ထဲမှာ ကပ်သီးကပ်သပ် ကျန်နေခဲ့သည့် တစ္ဆေသရဲစာအုပ်တွေနှင့် တည့်တည့်တိုးပြီး စာဖတ်ရင်းဖြင့် ဇာချွေးတွေ ပျံကုန်သည်။ ခက်လိုက်ပါဘိ။ ရှေ့ဆက်ပြီး မဖတ်ဘဲလည်း မနေနိုင်။ တစ်အုပ်လုံး အကုန်ဖတ်ပြီး ပြန်တော့လည်း စာအုပ်ထဲက အဖြစ်အပျက်တွေကို တွေးရင်း ကြောက်ရွံ့စိတ်တွေ တိုးလာ၊ ဒုက္ခရောက်လိုက်ရပုံများနှယ် ညအမှောင်ရောက်လာသောအခါ နေစရာကို မရှိတော့။ အမှောင်သည် ကလေးတစ်ယောက်အတွက် ကြောက်စရာဖြစ်သည်။ အမှောင်ထဲမှာ တစ်ယောက်တည်းမနေရဲ။ စိတ်မလုံခြုံရသည့်အဖြစ်။ နောက်ကျောလည်းမလုံ၊ ဘေးနှစ်ဖက်လည်းမလုံ။ မျက်လုံးတွေက လင်းကွင်းခြမ်းလောက်ရှိပြီး လျှာကြီးတွဲလောင်းဖြင့် ခေါင်းပေါ်က ကျလာမလား။ အဲသည် အကောင်ကြီးက မည်သည့်အချိန်၊ မည်သည့်နေရာမှ ရောက်လာမှာပါလိမ့် တွေးရင်းဖြင့် ကြောက်လာပြီး အမေ့အနားမှ မခွာရဲတော့ပြီ။

တစ်ခါတလေတော့ ကျွန်တော်တို့ ကလေးအချင်းချင်း စိတ်ကူးတည့်ရာတွေ ပြောကြရင်း တစ္ဆေသရဲတွေ အကြောင်းဆီသို့ ရောက်သွား၏။ ကြားဖူးသမျှ ထင်ရာမြင်ရာတွေ ပြောနေကြသော်လည်း မမြင်ဘူးသည်ကို မြင်ဖူးသကဲ့သို့၊ မကြုံဖူးသည်ကို ကြုံဖူးသကဲ့သို့ ပြောနေကြ၏။ မသိစိတ်ထဲမှာဖြင့် တစ္ဆေသရဲချင်း အတူတူ သူ့တစ္ဆေသရဲထက် ကိုယ့်တစ္ဆေသရဲက ပို၍ကြီးမားသည်၊ ရက်စက် ဆိုးရွားသည်၊ မြင်လိုက်ရုံဖြင့် တစ်ခါတည်း နှလုံးသွေးရပ်လုမတတ် ဖြစ်သွားစေရမည်ဟု ပြော၍ အသာစီး ရလိုက်ချင်သေးသည်။

သည်နေရာမှာ ကျွန်တော်ကတော့ တစ္ဆေသရဲစာအုပ်တွေ ဖတ်ထား၍ တခြားသူတွေထက် ပိုပြီး ပြောနိုင်သည်။ လူကလည်း ခပ်ကြွားကြွား ဖြစ်နေသမို့ စာအုပ်ထဲက ဖတ်ခဲ့ရသမျှတွေကို ပြောရင်းဖြင့် ထင်ရာမြင်ရာ အပိုဆာဒါးတွေပါ ထည့်ပြောမိလိုက်သည်။ အရပ်ကြီးကလည်း ထန်းပင် နှစ်ပြန်စာလောက်ရှိပြီး ခြေ

တစ်လှမ်း လှမ်းလိုက်ရုံဖြင့် ရွာတောင်ဘက်ထိပ်မှ မြောက်ဘက်ထိပ်သို့ ရောက်သွားကြောင်း။ အရွယ်အစား ကြီးမားသလောက် သူ့ကိုယ်သူ ပိစိညောက်ညက်လေး ဖြစ်အောင်လည်း လုပ်နိုင်ကြောင်း။ ကိုယ်ရောင်ဖျောက်၍ သွားချင်ရာ သွားနိုင်ကြောင်း။ နားထောင်နေသည့် ဖိုးသောင်းတို့ခမျာ ဟန်မဆောင်နိုင်လောက်အောင် ကြောက်လန့်၍ နေချေပြီ။ မျက်လုံးတွေလည်း ဝိုင်းဝိုင်းလည်ကုန်ပြီး ကျွန်တော့် အနားမှ မခွာနိုင်ကြတော့။ သို့ရာတွင် နေဝင်ပြီး အမှောင်ရောက်သွားသည်နှင့် ကျွန်တော်လည်း ကိုယ့်ကြိုးနှင့်ကိုယ် ပတ်မိလေတော့သည်။ စိတ်ထဲပေါ်လာသမျှ တွေကို ပြောရင်း ကိုယ့်စကားကို ကိုယ့်ဘာသာယုံပြီး ကြောက်လိုက်ရသည့်အဖြစ်။ အိပ်ရာဝင်တော့ မျက်စိကို အတင်းမှိတ်ထားလိုက်သော်လည်း သဟာကြီးတွေက စိတ်အာရုံထဲသို့ ရောက်လာကြစမြဲ။ အနားမှာ အဖေနှင့် အမေ ရှိနေ၍သာ စိတ်လုံခြုံသွားခဲ့သည်။ ကျွန်တော် တစ်ယောက်တည်း ဆိုလျှင်ဖြင့် မလွယ်။ တကယ်တော့ ကလေးတစ်ယောက်အတွက် သူ့အရွယ်၊ သူ့အသိဉာဏ်တွေက လောကနယ်ပယ် မကျယ်ပြန့်သေး၍ တစ္ဆေသရဲတွေကို ကြောက်ရွံ့နေခြင်းသည် ထူးဆန်းသည်တော့ မဟုတ်။ လူကြီးဖြစ်လာတော့မှ ကြောက်စိတ်တွေ အလိုလို လွင့်ပျယ်သွားရစမြဲ။ သို့သော်လည်း ကျွန်တော့်မှာဖြင့် တစ္ဆေသရဲတွေကို ကြောက်ရုံသာမဟုတ် အဖေ့ကို လည်း ကြောက်နေမိသည်။ အဖေသည် တစ္ဆေသရဲ တွေကို ကြောက်ရကောင်းလားဟု ကျွန်တော့်ကို ဒေါသဖြစ်နေ၍ အဖေ့ကိုလည်း ကြောက်ရပြန်ပြီး ကြောက်ရွံ့ခြင်းသည် တစ်ခုကိုတစ်ခု ထပ်ဆင့်သွားသည်။ ကျွန်တော်ကလည်း ကျွန်တော်ပါပဲ၊ အဖေဒေါသ ဖြစ်စေသည်အထိ ကြောက်စရာမရှိ ရှာဖွေကြောက်ရွံ့နေမိသူ။ ပြောရလျှင်ဖြင့် ရွာကိုသွားသည့် လမ်းခွဲအနီးရှိ ဖျောက်ဆိပ်ပင်ကြီးကိုလည်း ကြောက်နေမိသည်။ မကြောက်ဘဲ ဘယ်နေပါ့မလဲ ၊ အဲဒီဖျောက်ဆိပ်ပင်ကြီးမှာ သရဲကြီး ရှိနေသတဲ့။ တချို့ကလည်း သရဲမဟုတ်ဘူး တစ္ဆေလို့ ပြောကြ၏။ တစ္ဆေနှင့် သရဲကို နှိုင်းယှဉ်လိုက်လျှင် ဘယ်ဟာက ပိုပြီးဆိုးတာလဲ။ ကျွန်တော်တို့ ကလေးအချင်းချင်း အငြင်းအခုန် ဖြစ်ကုန်ကြပြီ။ တစ္ဆေက လူကို ခြောက်ရုံလှန့်ရုံပဲ လုပ်တာတဲ့။ သရဲကတော့ ပိုကြမ်းပြီး ဂုတ်ချိုးသတ်လိုက်တာတဲ့။ တစ်ယောက်ကလည်း မဖြစ်နိုင်ဘူး ဖျောက်ဆိပ်ပင်ကြီးမှာ တစ္ဆေပဲရှိတာ။ ဟိုတလောတုန်းက ဦးအောင်မောင်းကြီး ဖျောက်ဆိပ်ပင်ကြီးအောက်မှာ တစ္ဆေနဲ့ နပန်းလုံးခဲ့ကြသေးတာလေ ဆိုပြီး သူပြောတာ ခိုင်မာသည့်အကြောင်း သက်သေထူလိုက်၏။ ဟုတ်သားပဲ ကျွန်တော်တို့ ဆက်ပြီး မငြင်းနိုင်ကြတော့ပါ။ ဦးအောင်မောင်းကြီး ထန်းတောက ထန်းရည်မူးမူးနှင့် ပြန်လာရင်း

mgyoe.com

mgyee.com SAMPLE BOOK

ဖျောက်ဆိပ်ပင်ကြီးအောက်ကို ရောက်တော့ တစ္ဆေက သစ်ပင်ပေါ်က ဆင်းလာပြီး သူနဲ့ နပန်းလုံးကြတာတဲ့။ တကိုယ်လုံး အကွဲကွဲ အပြဲပြဲဖြင့် ရွာထဲကို ပြန်ရောက်လာ၍ တစ်ရွာလုံး ပွက်လောရိုက်သွားခဲ့သည်။ အဲသည်သတင်း ကြားပြီးကတည်းက ကျွန်တော်တို့လည်း နေ့လယ်ခင်းအချိန်ဖြစ်လည်း အဖော်မပါဘဲ ဖျောက်ဆိပ်ပင်ကြီးဆီသို့ ခြေဦးမလှည့်ရဲကြတော့။

"အမေ ဖျောက်ဆိပ်ပင်ကြီးပေါ်မှာ သရဲ တကယ်ရှိတာလားဟင်" အဖေမရှိသည့်အချိန် အမေ့ကို တိုးတိုးလေး မေးလိုက်မိသည်။ အဖေသိသွားလျှင် မလွယ်၊ နေရာတကာ ဟိုကြောက် ဒီကြောက်နဲ့ဆိုပြီး ကိုယ်သိချင်တာ မသိရတဲ့အပြင် အလကားနေရင်း အဆူခံရဦးမှာ။

"ဘာတစ္ဆေသရဲမှ မရှိပါဘူး သားရယ်၊ အမေတို့ မုံရွာကို သွားချင်ရင် အရာတော်ကထွက်လာမယ့် မော်တော်ကားကို ဖျောက်ဆိပ်ပင်အောက်မှာ စောင့်ပြီး စီးရတာလေ"

အမေက ကျွန်တော့်ခေါင်းကို အသာအယာ ပွတ်လိုက်ရင်း ပြောလိုက်သည်။ ဖျောက်ဆိပ်ပင်ကြီးက အရာတော်နှင့် မုံရွာ မော်တော်ကားလမ်းနံဘေးမှာ ရှိသည်။ အဲသည်နေရာမှတစ်ဆင့် မိုင်ဝက်ခန့်ဝေးမည့် ကျွန်တော်တို့ နွားကုန်းရွာကို သွားရသည်။ ရွာကို သွားရသည့် လှည်းလမ်းကလည်း ခပ်ကျဉ်းကျဉ်း။ လမ်းတစ်ဖက်တစ်ချက်မှာ ရှားစောင်းပြဿဒ်ပင်တွေ၊ နဘူးခြုံတွေ၊ ဇီးခြုံတွေနှင့် ကန္တာရဆူးပင်တွေ အုံ့ခဲနေအောင် ပေါက်နေကြသည်။ လမ်းကျဉ်းနေ၍ မျက်နှာချင်းဆိုင် လှည်းချင်းဆုံလျှင် ရှောင်စရာနေရာ မရှိတာကြောင့် အဝေးမှနေ၍ ကြို တင် အသံပြုရစမြဲ။ ရွာကိုသွားသည့် လှည်းလမ်းကလေးသည် တစ်ခါတစ်ရံတော့ နွားငေါက်သံ၊ ဟေးဟေးဟု အော်သံတွေဖြင့် အသက်ဝင်နေတတ်သည်။ ပြီးတော့လည်း ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ်။

လှည်းတစ်စီး ဖြတ်သွားတိုင်း လမ်းနဘေးရှိ ခြုံတွေနှင့် သစ်ပင်တွေလည်း ဖုန်တွေ လိမ်းကျံထားသည့်နှယ်။ ဇောင်ချမ်းပင်ကြီးခများလည်း မိုးမရွာသရွေ့ ဖုန်မှုန့်တွေဖြင့် ခပ်မွဲမွဲ။ အမှန်တော့ ပြောလို့သာ ပြောရသည်။ အရာတော်နှင့် မုံရွာ မော်တော်ကားလမ်းကလည်း ကျွန်တော်တို့ ရွာလမ်းနှင့် သိပ်မကွာ။ ထိုစဉ်က မော်တော်ကားလမ်းကို ကတ္တရာလမ်းခင်းနေသော်လည်း ကျွန်တော်တို့ရွာ လမ်းခွဲအနားထိ မရောက်သေး၍ မော်တော်ကားတစ်စီး မောင်းလာတိုင်း ဖုန်တထောင်းထောင်း ထသွားသည်။ ကားလမ်းနံဘေးရှိ ခြုံတွေ၊ သစ်ပင်တွေလည်း ဖုန်တွေဖွေး

mgyee.com

mgyoe.com SAMPLE BOOK

နေလျက်။ မည်သို့ပင်ဖြစ်စေ မိုးရွာချလိုက်သည်နှင့် ဆေးကြောသုတ်သင်လိုက်သလို ဖြစ်သွားပြီး အားလုံး စိမ်းစိမ်းစိုစို လှလှပပ။ သစ်ပင် ခြုံနွယ်တွေအားလုံး အစိမ်းရောင်တွေ ခြယ်ထားသလို သစ်လွင်သွားစမြဲ။ ဖျောက်ဆိပ်ပင်ကြီးမှာ တစ္ဆေ သရဲတွေ မရှိဘူးဟု အမေကပြောလိုက်၍ ကိုယ်ကြားချင်တာနှင့် တခြားစီဖြစ်သွားသည်မို့ စိတ်ထဲမှာ သိပ်မကျေနပ်ချင်။ ကျွန်တော့်စိတ်ထဲမှာ သရဲဖြစ်ဖြစ်၊ တစ္ဆေဖြစ်ဖြစ် ရှိကိုရှိမည်ဟု တစ်ထစ်ချ တွေးထားသည်။

"အမေကလည်း ဦးအောင်မောင်းကြီး တစ္ဆေနဲ့ နပန်းလုံးခဲ့သေးတာလေ" လက်မလျှော့သေးဘဲ အမေ့ကို အတွန့်တက်လိုက်မိပြန်သည်။

"ကြဲကြဲဖန်ဖန် သားရယ်။ အောင်မောင်းက သူ့ဘာသာ မူးရူးပြန်လာရင်း တိုက်မိခိုက်မိတာကို၊ ပေါက်တတ်ကရတွေ လျှောက်ပြောနေတာကို ယုံမနေနဲ့ မင့်အဖေ သိသွားရင် အဆူခံနေရဦးမယ်"

ခက်ပြီ။ လူကြီးတွေ ဘယ်သူ့ကိုပဲမေးမေး ဖျောက်ဆိပ်ပင်ကြီးမှာ တစ္ဆေ သရဲတွေ မရှိဘူး ဆိုတာချည်း ပြောနေကြ၏။ ဖိုးသောင်းကလည်း သူ့အဖေကို မေးတော့ ဘာတစ္ဆေမှ မရှိဘူးလို့ ပြောလိုက်တာတဲ့။ ကျွန်တော်တို့ အချင်းချင်း တစ်ယောက်ကို တစ်ယောက် ကြည့်နေမိသည်။ အောင်မင်းက ငါတော့ ဖျောက်ဆိပ်ပင်ကြီးမှာ တစ္ဆေရှိတာ ယုံတယ်ကွဟု ပြောလိုက်သည်။ စိတ်လှုပ်ရှားသွားရင်း ကျွန်တော်တို့ မျက်လုံးတွေ ပြူးကျယ်သွားကြသည်။ အောင်မင်း ပြောတာကို ကျွန်တော် ထောက်ခံသည်။ လူကြီးတွေက ဘယ်လိုပဲပြောပြောပေါ့။ ဖျောက်ဆိပ်ပင်ကြီးပေါ်မှာ တစ္ဆေလား၊ သရဲလား ရှိကိုရှိနေမှာဟု ကျွန်တော်တို့အားလုံး ယုံကြည်နေကြသည်ပဲ။ ရယ်စရာတော့ကောင်းရဲ့၊ တစ္ဆေ သရဲတွေအကြောင်း ပြောနေသော်လည်း ကျွန်တော်တို့အားလုံး မကြောက်ချင်ယောင် ဆောင်နေကြ၏။ ကလေးတွေဆိုတော့ လူကြောက်ဟု မည်သူမျှ အပြောမခံချင်ကြ။ သို့ဖြင့် တစ်ခြားအကြောင်းအရာတွေကိုပြောပြီး လူစုခွဲလိုက်ကြသော်လည်း ဖျောက်ဆိပ်ပင်ပေါ်က တစ္ဆေ သရဲသည် ကျွန်တော်တို့နှင့်အတူ ကပ်ပါလာနေဆဲ။ အဲသည်အပင်ကြီးပေါ်မှာ သေချာပေါက် ရှိနေခဲ့တယ်ဆိုတာ မယုံကြဘူးလား။ ဘယ်သူ့ကိုမှ မပြောဘူး ကတိပေးလျှင်တော့ မနှစ်တုန်းက ကျွန်တော်တို့ကိုယ်တိုင် ကြုံခဲ့ရတာကို ပြန်၍ ပြောပြပါမည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ဒိုင်လူကြီးဆီက တွီခနဲ ခရာမှုတ်သံကြောင့် ကျွန်တော်တို့အားလုံး ဟေးခနဲ ဝမ်းသာအားရ အော်လိုက်ကြသည်။ ဘောလုံးပွဲ ပြီးသွားပါပြီ။ ကျွန်တော်တို့က ကန်ဆင့်အလကကို နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်သွား၍ ပျော်လိုက်သည်ဖြစ်ခြင်း။အပျော်ဆုံးကတော့ ကျွန်တော်ပေါ့။ ပွဲပြီးခါနီးလေးမှာ အနိုင်ဂိုးကို သွင်းလိုက်တာလေ။ သူတို့ဆီကို သွားကန်ပြီး နိုင်လာခဲ့၍ ကျွန်တော်တို့အားလုံး မြူးကြွနေကြသည်။ ကန်ဆင့်ရွာက မော်တော်ကားလမ်းနံဘေးမှာ ရှိသည်။ ဘောလုံးပွဲပြီး၍ မော်တော်ကားလမ်းအတိုင်း ပျော်ပျော်ရွှင်ရွှင်ဖြင့် ရွာကို ပြန်လာခဲ့ကြသည်။ ကျွန်တော်တို့ရွာလမ်းခွဲနှင့် ကန်ဆင့်ရွာက မိုင်ဝက်လောက်ပဲ ဝေးတာမို့ သွားရလာရတာ သိပ်မကြာ။ သို့သော်လည်း ရာသီဥတုကို ကျွန်တော်တို့ မေ့လျော့နေကြသည်။

ဆောင်းကာလဖြစ်၍ ညနေခင်းနေရောင်သည် အနွတ်အသိမ်း မြန်နေသည်။ ဖျောက်ဆိပ်ပင်ကြီးကို လှမ်းမြင်စပြုချိန်မှာပဲ အမှောင်ရိပ်တွေ သန်းလာခဲ့သည်။ သည်မှာပင် လမ်းတလျောက်လုံး အော်ဟစ်ပြောနေကြသည့် စကားပြောသံတွေ ချက်ချင်း တိတ်သွားသည်။ ဖျောက်ဆိတ်ပင်ကြီးကို လှမ်းမြင်နေရပြီကော။ စောစောက ဘောလုံးပွဲနိုင်သည့် အပျော်တွေ ပျောက်ကုန်ပြီး ဘယ်ရောက်သွားမှန်းမသိတော့။ သို့ဖြင့် ဖျောက်ဆိပ်ပင်ကြီးနှင့် နီးလာလေလေ ရှေ့ကသွားနေသူတွေ၏ ခြေလှမ်းတွေကလည်း တဖြည်းဖြည်း နှေးသွားလေလေ။ ရှေ့မှဦးဆောင်ပြီး မသွားရဲ။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံးကလည်း မလိုက်ချင်။ နောက်ဆုံးနေရာက လိုက်လာသူတွေကလည်း ရှေ့ကို ဖွတ်အတင်း တိုးလာကြ၏။ မော်တော်ကားလမ်းပေါ်မှာ ကျွန်တော်တို့ အချင်းချင်း ပူးပူးကပ်ကပ် တိုးတိုးဝှေ့ဝှေ့။ ရှေ့ဆုံးမှ ဦးဆောင်သွားနေကြသူတွေက ကျွန်တော်ရယ်၊ ဖိုးသောင်းရယ်၊ ဘထွန်းရယ်။ နှင်းမြူတွေကျလာ၍ ဖျောက်ဆိပ်ပင်ကြီးသည် မှုံဖျော့ဖျော့အလင်းရောင်ထဲမှာ သရဲကြီးတစ်ကောင် ရပ်နေသည့်အလား။ သည်အခိုက် ဆောင်းလေအေးတစ်ချက် တိုးဝှေ့လိုက်၍ တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်သွားသည်။ သစ်ပင်ကြီးနားကို ရောက်သည်နှင့် ခေါင်းတွေငုံ့ပြီး သွားနေကြသည့် ကျွန်တော်တို့ ခြေလှမ်းတွေ မြန်လာသည်။ မပြေးရုံတမယ်ပါပဲ။ ထိုစဉ် မည်သို့ဖြစ်သွားမှန်းမသိ ညို့ငင်ခံလိုက်ရသလို ကျွန်တော့်မျက်လုံးတွေက ဖျောက်ဆိပ်ပင်ကြီးပေါ်ကို ရောက်သွားသည်။

သစ်ကိုင်းတစ်ခုပေါ်မှာ မည်းမည်းအရာကြီးကို တွေ့လိုက်ရ၍ လိပ်ပြာလွင့်သွားလုမတတ်။ ကျွန်တော့်စိတ် အထင်လား။ မြန်မြန်သွက်သွက် သွားနေရသော်လည်း မျက်လုံးတွေက အဲသည်အကောင်ကြီးဆီမှာပဲ ရှိနေသည်။ ဘာကြီးလဲ၊ အကောင်ကြီး တစ်ကောင်လား သရဲလား။ ကျွန်တော် စဉ်းစားချိန် မရတော့ပေ။ ကြည့်ရင်းဖြင့် မည်းမည်းကြီး အကောင်ကြီးသည် သစ်ပင်ပေါ်ကဆင်းလာပြီး ကြီးသည်ထက် ကြီးလာရင်း။

ကျွန်တော့်သတ္တိတွေ ကုန်သွားပြီ။ သရဲသရဲဟု ကြောက်အားလန့်အားဖြင့် အော်လိုက်မိသည့် အချိန်မှာပဲ ဖိုးသောင်းကလည်း သရဲ၊ သရဲကြီးဗျို့ အော်ရင်းဖြင့် ရှေ့ကို နင်းကန်ပြေးတော့သည်။ ဘယ်သူက ရှေ့ဆုံးကလဲ၊ ဘယ်သူက နောက်ဆုံးမှာ ကျန်ရစ်ခဲ့လဲ။ လှည့်မကြည့်နိုင်။ သရဲလက်ထဲက အမြန်လွတ်အောင် ပြေးကြသည်။ လှည်းလမ်းကြောင်းအတိုင်း နောက်ကို လှည့်မကြည့်ရဲဘဲ အားကုန်ပြေးရင်း သရဲ သရဲကြီးဟု ကျွန်တော်တို့အော်ဟစ်သံတွေက တိတ်ဆိတ်သော ပတ်ဝန်းကျင်ကို ခြောက်ခြားသွားစေခဲ့သည်။ သည်အချိန်မှာ ကျွန်တော်တို့တတွေ ပြန်မလာ၍ အဖေ စိတ်ပူနေပြီး ရွာကလူအချို့နှင့် မော်တော်ကားလမ်းဆီသို့ ထွက်လာကြသည်။ ကျွန်တော်တို့ အော်သံတွေကို ကြားလိုက်ရ၍ တုတ်မီးတွေထိုးရင်း အမြန်ပြေးလာကြသည်။ အဝေးဆီက မီးရောင်တွေကို တွေ့လိုက်ရ၍ ကျွန်တော်တို့ အားတက်သွားသည်။ ရှိသမျှ အားကုန်သုံး၍ ပြေးသည်။ တုတ်မီးရောင်တွေက ကျွန်တော်တို့နှင့် တဖြည်းဖြည်းနီးလာသည်။ မောဟိုက်လွန်း၍ အဆုပ်တွေ ပွင့်ထွက်လုမတတ်။ ပြေး ရင်းဖြင့် ခြေလှမ်းတွေကလည်း ယိမ်းယိုင်သွားခဲ့သည်။ ထို့နောက် အဖေက

mgyoe.com

mgyoe.com SAMPLE BOOK

ဆီးပွေ့လိုက်သည့်အချိန်မှာပဲ ကျွန်တော့်တစ်ကိုယ်လုံး အမှောင်ထုထဲသို့ ပြိုကျသွားတော့သည်။ ကျွန်တော့်မှာ သတ္တိဆိုတာ တစ်ရွေးသားမျှ မရှိတော့ပါ။ အဲဒီညက ကြောက်စိတ်တွေကြီးလွန်း၍ နောက်တစ်နေ့မှာ ဖျားပါတော့သည်။ ဖိုးသောင်းနှင့် ဘထွန်းလည်း ဖျားတာပဲတဲ့။ အမေက ကျွန်တော့်ကို ပွေ့ထားရသည်။

ကျွန်တော်တို့ သရဲအလိုက်ခံရသည့်သတင်းကြောင့် တစ်ရွာလုံး ဆူပွက်သွားသည်။ တချို့က ကျွန်တော်တို့ကို သရဲပူးလာတာဟု ပြော၏။ သရဲပူးတယ်ဆိုရင် သရဲက ကလေးတွေကို တစ်ပြိုင်တည်း ပူးလို့ရသလားတဲ့။ အဲသည်လိုမေးပြန်တော့ သရဲပူးလာတယ် ပြောသူကလည်း အလျှော့မပေး၊ သရဲက တစ်ကောင်တည်းမဟုတ်ဘူး။ သုံးလေးငါးကောင်ရှိလို့ ကလေးတွေကို ပူးနိုင်တာပေါ့ဟု ပြောသည်။ စကားတွေက တဖြည်းဖြည်း ချဲ့ကားလာသည်။ ဦးအောင်မောင်းကြီးကတော့ ဖျောက်ဆိပ်ပင်ပေါ် သရဲရှိ မရှိကိစ္စမှာ အသာငြိမ်နေရ၏။ အောင်မောင်း မူးမူးနဲ့ စွပ်မပြောနဲ့၊ လူတွေ ယုန်ထင်ကြောင်ထင် ဖြစ်ကုန်လိမ့်မယ်။ ဒီအကြောင်း မင်းပါးစပ်က ထွက်လာလို့တော့ ငါနဲ့အတွေ့ပဲဟု အဖေက ကြိမ်းမောင်းထားသည်ကော။

နှစ်ရက်ကြာတော့ ကျွန်တော် ဖျားတာ ပျောက်သွားပါပြီ။ မုန့်စားကျောင်းဆင်းချိန် ကျွန်တော်တို့ရဲ့ စကားဝိုင်းမှာ သရဲအကြောင်း မပြောဖြစ်အောင်နေလိုက်ကြသည်။ ပြောမိရင်လည်း ကြောက်ကုန်ကြဦးမှာ။ ဆရာလေး ကိုတင်စန်းကလည်း သည်အကြောင်းကို ဘာမှမမေးဘဲ မသိချင်ယောင် ဆောင်နေသည်။ ကျွန်တော်တို့ရွာအလယ်တန်းကျောင်းတွင် ကျောင်းအုပ်ကြီး အပါအဝင် ဆရာ၊ ဆရာမ စုစုပေါင်း ခုနစ်ယောက်ရှိသည်။ သည်နှစ်ကျောင်းဖွင့်စမှာပဲ ကျွန်တော်တို့ကျောင်းကို ဆရာလေး ရောက်လာခဲ့သည်။ မန္တလေးတက္ကသိုလ်ထွက် ပထဝီမေဂျာနှင့် ဘွဲ့ရလာခဲ့တာတဲ့။ ဆရာလေးရောက်လာမှ ကျွန်တော်တို့ကျောင်းလည်း ဘောလုံးကန်ကြ၊ ဘောလီဘော ပုတ်ကြ။ ဒါတွေအားလုံး ဆရာလေးက စီစဉ်ပေးခြင်းဖြစ်သည်။ ကျောင်းဆင်းပြီး ညနေစောင်းချိန်မှာ ဆရာလေးလည်း ကျွန်တော်တို့နှင့်အတူ ဘောလုံးဝင်ကန်တတ်သည်။ ကန်ဆင့်ကို ကျွန်တော်တို့ ဘောလုံးသွားကန်ကြတာကိုတော့ ဆရာလေး မသိလိုက်။ အသိပေး၍လည်းမဖြစ်၊ ပိုက်ဆံကြေးကန်ကြတာမို့ ဆရာလေး သိလျှင် သေချာပေါက် အဆော်ခံရတော့မည်ကိုး။ နိုင်သည့် ပိုက်ဆံက ငါးမူးစေ့တစ်ခု၊ ကျန်တာက ဆယ်ပြားစေ့တွေ စုစုပေါင်း တစ်ကျပ်ခွဲလောက်ရှိမည်။ ပြေးရင်းလွှားရင်း မည်သည့်နေရာမှာ ကျခဲ့မှန်း မသိတော့ပေ။

ကျွန်တော်တို့အားလုံး ဆရာလေးကို ချစ်ကြသည်။ ဆရာလေးရောက်လာ

mgyoe.com

mgyoe.com SAMPLE BOOK

မှပဲ ကျောင်းစာကြည့်တိုက်လည်း ပြန်ပြီး အသက်ဝင်လာခဲ့သည်။ အဖေကလည်း သဘောကျသည်။ သို့ရာတွင် တချို့ကိစ္စတွေမှာ အဖေနှင့် ဆရာလေးက အမြင်မတူကြ။ တခြားမဟုတ်ပါ။ အဖေက ကျောင်းစာကြည့်တိုက်ထဲမှာ ဆရာကြီးမြစကြာရဲ့ စုန်းတစ္ဆေစာအုပ်တွေကို မထားပါနဲ့၊ ဆိုရှယ်လစ်စနစ်နဲ့ မကိုက်ညီဘူး၊ ကလေးတွေ အတွေးမှား၊ အမြင်မှား ဖြစ်ကုန်လိမ့်မယ်ဟုပြောသည်။ ဆရာလေးက အလျှော့မပေး-

"ဒီစာအုပ်တွေဟာ တစ်ဖက်ကကြည့်ရင် ကလေးတွေကို စာဖတ်ချင်စိတ်ပေါ်လာအောင် စေ့ဆော်ပေးနေတာပါ။ စာဖတ်များလာရင် အတွေးအမြင်တွေကျယ်ပြန့်လာပြီး အကောင်းအဆိုးတွေကို ခွဲခြားသွားနိုင်ပါလိမ့်မယ်။ သူတို့ အတွေ့အကြုံတွေ ရင့်ကျက်လာရင် သူတို့ဘာသာ ဆုံးဖြတ်နိုင်စွမ်း ရှိလာကြမှာပါ။ ကလေးတွေ စာဖတ်ချင်စိတ်တွေ များပြားဖို့ပဲ အဓိကကျပါတယ် ဦးလေးစိန်"

အဖေ့စိတ်ထဲမှာ အနည်းငယ် အောင့်သွားပုံရသည်။ တစ်ရွာလုံးမှာ အဖေ့ကို အတိုက်အခံလုပ်ပြီး ပြန်မပြောရဲကြ။ အဖေက နိုင်ငံရေးသမား။ နိုင်ငံရေးသမား ဆိုပေမယ့် ကွန်မြူနစ်တို့ ဘာတို့လိုလည်း မဟုတ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ မြို့နယ်ပါတီယူနစ်ကော်မတီမှာ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ဗဟိုနိုင်ငံရေးတက္ကသိုလ်မှာလည်း သင်တန်းတက်ခဲ့၍ မြို့နယ်ပါတီယူနစ်ကော်မတီမှာလည်း သြဇာရှိသည်တဲ့။ ပါတီယူနစ်ဥက္ကဋ္ဌကိုယ်တိုင် အဖေ့ဆီက အကြံဉာဏ်တွေယူရတာတဲ့။ သည်တော့လည်း ဆရာလေးအပေါ် အဖေက ဘယ်လိုလုပ် အမြင်ကြည်လင်နိုင်တော့မှာလဲ။ ဆရာလေးက ကွန်မြူနစ်ပဲတဲ့။ အဖေ့ခမျာလည်း ယုံယုံကြည်ကြည်ဖြင့် ပြောရမည့်သူဆို၍ ကျွန်တော်ပဲ ရှိတော့လည်း ကျွန်တော့်ကိုပဲ လူကြီးအရာထားပြီး ပြောရှာသည်။ ကျွန်တော်က ဘာသိမှာတုန်း။ သို့ရာတွင် ကွန်မြူနစ်ဆိုသည့် စကားလုံးကို ပထမဆုံးကြားဖူးလိုက်ပြီ။ ကွန်မြူနစ်ဆိုတာ ဘယ်နှယ်ကြီးမှန်း မသိရသော်လည်း အဖေကတော့ အင်မတန်ကြောက်စရာတဲ့။ ဖျောက်ဆိပ်ပင်ကြီးက တစ္ဆေသရဲတွေထက် ကြောက်စရာကောင်းနေသည်လား။

နေ့လယ်ခင်း တစ်ရက်။ အဖေက ကျွန်တော့်ကို သူ့စက်ဘီးပေါ်တင်ပြီး ခေါ်သွားသည်။ အဖေ့ရာလေးစက်ဘီးကြီးက အိုပြီး ဆေးရောင်တွေပျက်နေသော်လည်း မာမာတင်းတင်း ရှိနေဆဲ။ နင်းလိုက်တိုင်း တကျွီကျွီမြည်သံတွေပေး၍သွားနေဆဲ။ ပြောရလျှင်သည် စက်ဘီးကြီးနှင့် အရာတော်နှင့် အနီးအနား ရွာတွေကိုလည်း အခေါက်ပေါင်း မရေမတွက်နိုင်အောင် သွားနေတုန်းပါ။ အမေက အရာတော်သူ

mgyoe.com

mgyoe.com SAMPLE BOOK
ရယ်။ အဖေနှင့် စုံမက်ကြတာကို အဘွားက သဘောမတူပေမယ့် အဖေ့စက်ဘီး နောက်က ကယ်ရီယာခုံပေါ်မှာထိုင်ပြီး ရွာကို လိုက်လာခဲ့တာတဲ့။ အဖေ့မှာ ယာ ရှစ်ဧကရှိပြီး လှည်းနှစ်စီး၊ နွားနှစ်ရှဉ်းနှင့် ကိုယ်တိုင်ယာလုပ်သည်။ ထို့ပြင် တိုင်း ရင်းဆေးပညာလည်း တတ်ထား၍ ကိုယ်တိုင်ဆေးဖော်ပြီး ရောင်းသလို ဆေးလည်း ကုပေးသည်။ အမေကတော့ မြို့သူမို့ အဖေ့နောက်လိုက်ပြီး ယာအလုပ်ကို မကူညီ နိုင်။ အိမ်မှာပဲ ယက္ကန်းခတ်သည်။

ကျွန်တော်တို့ မောင်နှမသုံးယောက်မှာ ကျွန်တော်က အငယ်ဆုံး။ အစ်ကို အကြီးဆုံး ကိုအုန်းရွှေက အရာတော် သမဝါယမမှာ အရောင်းတာဝန်ခံပါ။ သူ့ အောက် နှစ်နှစ်ခြား အစ်မ မတင်မြိုင်က အရာတော်မှာ ငယ်ကတည်းက အဘွားနှင့် အတူနေပြီး အရာတော်အထက်တန်းကျောင်းမှာပဲ ကျောင်းတက်သည်။ အစ်မပညာ ရေးက မထူးချွန်။ ကိုးတန်းနှစ်နှစ်ကျ၍ ကျောင်းမနေတော့ဘဲ စက်ချုပ်နေသည်။ အစ်ကိုလည်း သူ့ပညာရေးက ကိုးတန်းမှာပဲ ဂိတ်ဆုံးသွားသည်။

အစ်မနှင့် ကျွန်တော်က ရှစ်နှစ် ခြားသည်။ သူတို့နှစ်ယောက်ကလည်း ရွာကို တစ်နှစ်တစ်ခေါက်လောက်ပဲ ပြန်လာတတ်၍ မောင်နှမဆိုပေမယ့် ကျွန်တော့် အဖို့ သူစိမ်းတွေနှင့်မခြား။ အမေက အစ်ကိုနှင့် အစ်မကို သိပ်မကြည်လင်၊ ပိုက်ဆံ လိုမှ ပြန်လာကြတာလေတဲ့။

"အမေတို့အသက်ကြီးရင် ငါ့သားလေးကိုပဲ အားကိုးရမှာ၊ ငါ့သားလေးက အမေ့သားလေး" ဟု အကိုနှင့် အစ်မကို စိတ်တိုတိုင်း ပြောလေ့ရှိသည်။

အဖေ့စက်ဘီးကယ်ရီပေါ်ကို ကားလျားခွပြီး လိုက်လာခဲ့ရသော်လည်း ဘယ်ကိုသွားမှန်းမသိ။ မော်တော်ကားလမ်းကို လှမ်းမြင်လိုက်ရ၍ အရာတော်ကို သွားမည်ထင်ရဲ့ဟု တွေးလိုက်သည်။ သို့သော်လည်း ဖျောက်ဆိပ်ပင်ကြီးအောက်မှာ စက်ဘီးရပ်လိုက်၍ မျက်လုံးပြူးသွားရသည်။

"သိန်းနိုင် စက်ဘီးပေါ်က ဆင်းလိုက်" အဖေက ပြောလိုက်၍ အူကြောင် ကြောင်ဖြင့် စက်ဘီးပေါ်က ခုန်ဆင်းလိုက်ရသည်။ အဖေသည် စက်ဘီးကို ဒေါက် ထောက်ရင်း ကျွန်တော့်ကို ပြုံးကြည့်နေ၏။

"ကဲ မင်းတို့ ကြောက်တဲ့ သရဲက ဘယ်မှာတုန်း မရှိပါဘူးကွ။ ဒီအပင်ကြီးမှာ သရဲလည်း မရှိဘူး၊ တစ္ဆေလည်း မရှိဘူး။ မှတ်ထားနော်။ ရှိလို့တော့ အဖေ့စားနဲ့ တွေ့သွားမှာပေါ့ကွာ" ပြောရင်းဖြင့် အဖေရယ်လိုက်သည်။ ကျွန်တော် ကြက်သီးတွေ ထသွားပြီး သစ်ပင်ပေါ်ကို မော့ကြည့်မိလိုက်သည်။ နေရောင်ခြည်ထိုးနေသည့်
mgyoe.com

mgyoe.com SAMPLE BOOK

သစ်ကိုင်းသစ်ခက်တွေနှင့် သစ်ရွက်တွေကိုပဲ မြင်ရသည်။ နေ့ခင်းမို့ သရဲက ကိုယ်ရောင် ဖျောက်နေသလားမှ မသိတာ။ လက်စသပ်တော့ အဖေက ဖျောက်ဆိတ်ပင်ကြီးမှာ သရဲမရှိကြောင်း သိစေချင်၍ ခေါ်ပြတာပဲ ။ ဒီလိုဆို သရဲမရှိတဲ့အကြောင်း သိပြီးပြီမို့ ရွာကိုပြန်ကြရုံပေါ့။ သို့သော်လည်း ကျွန်တော် တွေးသလို မဟုတ်ပြန်။

"ခဏနားပြီးမှ ပြန်ကြရအောင်ကွာ၊ ဒီမှာ အရိပ်အေးအေးလေးနဲ့ သိပ်နေလို့ ကောင်းတာကွ"

သစ်ပင်ခြေရင်းမှာ အဖေက ထိုင်လိုက်၍ ကျွန်တော်လည်း အဖေ့အနားမှာ စိတ်ပျက်လက်ပျက် ထိုင်လိုက်မိသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ မော်တော်ကားလမ်းပေါ်မှာလည်း အသွားအလာ ကင်းမဲ့နေလျက်။

မျက်နှာမူရာဘက်ဆီသို့ ငေးမောနေမိသည်။ ခြုံပုတ်တွေ၊ ဆူးရိုးတွေနှင့် ခင်ရိုးတန်းလေး။ အဲသည်နောက်မှာ ထန်းပင်တွေ တစ်ပင်စနှစ်ပင်စ ပေါက်နေသည့် ယာခင်းတွေက တမျှော်တခေါ် ။ မျက်စိတဆုံးမှာတော့ ထန်းတောညို့ညို့။

"ဟိုတစ်နေ့တုန်းက ကန်ဆင့်နဲ့ ဘောလုံးကန်ကြတာတွေကို ပြောပြပါဦးကွ၊ မင်းတို့ နိုင်ခဲ့တာဆို"

အဖေ့ကိုကြည့်လိုက်သည်။ ပြုံးနေသည့်အဖေ့မျက်နှာ၊ မျက်လုံးတွေကလည်း သိမ်မွေ့နူးညံ့နေလျက်။ အဖေသည် ကျွန်တော်နှင့် အချိန်ကြာကြာ စကားပြောခဲ့သည်။ ထို့ကြောင့် အဖေ့ကိုလည်း နီးလျက်ဖြင့် ဝေးနေရသလို ခံစားနေမိသည်။

ဘောလုံးပွဲအကြောင်း ပြောချင်စိတ်တွေ ရှန်းကြွလာခဲ့သည်။ ကျွန်တော်တို့က နိုင်လာခဲ့တာဆိုတော့လည်း နားထောင်မည့်သူရှိလျှင် ပြောချင်နေတာ ကြာပါပကော။ သို့ဖြင့် ဘောလုံးပွဲ စကန်လိုက်သည့်အချိန်မှစပြီး အဖေ့ကို ပြောပြလိုက်သည်။ ပြောခါစတုန်းကတော့ တွန့်ဆုတ်နေသော်လည်း တဖြည်းဖြည်းနှင့် ရှာန်ဝင်သွားပြီး ကျွန်တော် ကိုယ်တိုင်လည်း ဘောလုံးပွဲထဲကို ပြန်ရောက်သွားသည်။ တစ်ဦးတည်းသော ပရိသတ် အဖေကလည်း ဟုတ်လားကွ၊ ဟုတ်ပဟေ့၊ ဒီလိုမှပေါ့ကွာဟု အားပေးသည်။ ကန်ဆင့်ရွာဘောလုံးကွင်းထဲမှာ ကျွန်တော် ရောက်နေခဲ့သည်။ အဖေကလည်း ကွင်းနဘေးမှ အားပေးနေသည်။ အဖေ့ဆီက အားပေးသံတွေက ကျွန်တော့်နားထဲမှာ ချိုမြိန်လှသည်။

ပွဲပြီးဆုံးကာနီး ကျွန်တော် ဂိုးသွင်းလိုက်၍ အဖေက ဟေးခနဲ အော်သံနှင့်အတူ လက်ခုပ်သံတွေ ပေါ်ထွက်လာခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဖျောက်ဆိပ်ပင်ကြီးအောက်မှာ တစ်နာရီခန့်ထိုင်ပြီး ပြန်လာခဲ့ကြသော်လည်း ဘောလုံးပွဲအကြောင်း ပြောရတာ မကုန်နိုင်သေး။ စက်ဘီးကယ်ရီယာပေါ်ထိုင်ပြီး အဖေ့ခါးကိုဖက်ရင်း ဘောလုံးကန်သည့်အကြောင်းကိုပဲ စိတ်အာရုံရောက်နေ၍ ဖျောက်ဆိပ်ပင်ပေါ်က သရဲကိစ္စကို ကျွန်တော် မေ့လျော့နေမိသည်။ ဘောလုံးက ကျွန်တော့်ကို သယ်ဆောင်သွားခဲ့၍ ယခင်ကလို ကြောက်ကြောက်လန့်လန့်ဖြင့် နောက်ကို လှည့်မကြည့်ဖြစ်တော့။ စက်ဘီးနင်းရင်း အဖေ ပြုံးရယ်နေသည်။ အိမ်ပေါက်ဝရောက်တော့မှ စက်ဘီးပေါ်က ခုန်းဆင်းလိုက်သည့် ကျွန်တော့်ကို-

"ငါ့သားက ဘော်လုံးကန်တာ တော်တော်ကောင်းတာပဲ၊ ကန်ချက်ကလည်း ပြင်းဆိုတော့ သရဲ တစ္ဆေတွေ့ရင် မင်းခြေထောက်နဲ့ လှိမ့်ကန်ပစ်လိုက်ကွ၊ ဒီကောင်တွေ ဖင်အသားနီလန်အောင် ပြေးကြမှာ"

တဟားဟားရယ်ရင်း ပြောနေသည့် အဖေ့ကို မျက်လုံးပြူးပြီး ကြည့်နေမိသည်။ ကျွန်တော် သိလိုက်ပြီ။ အဖေ ပြောသလိုပဲ ကျွန်တော့်မှာ ဘောလုံးကန်ကောင်းတဲ့ ခြေထောက်ရှိနေမင့်ပဲဟာ။ တစ္ဆေ သရဲတွေလည်း ဘာမို့လဲ။ ခြေထောက်နဲ့ သိမ်းကြုံးပြီး လှိမ့်ကန်ပစ်လိုက်မှာပေါ့။ အမှန်တော့ အဖေသည် ကျွန်တော့်ရင်ထဲက ဖျောက်ဆိပ်ပင်ကြီးမှာ သရဲတစ္ဆေတွေ ရှိတယ်ဆိုသည့်အစွဲနှင့် ကြောက်စိတ်ကို အမြစ်ဖြုတ်ပေးလိုက်ခြင်း ဖြစ်သည်။ မမြင်ရတဲ့ အရာတွေကို ကြောက်စရာမလိုဘူးတဲ့။ အဖေ့ကို ပြန်မပြောရဲပေမယ့် စိတ်ထဲမှာတော့ ဘဝင်မကျမိခဲ့။ မမြင်ရလို့ ကြောက်နေမိတာလေ မြင်ရရင် ဘာအရေးလဲ။ ထိုစဉ်က ကလေးဆိုတော့လည်း ကျွန်တော့်ရဲ့ ကြောက်စိတ်သည် ကိုယ်တိုင်မျက်စိနှင့် မြင်တွေ့ရခြင်းအပေါ် မှာပဲ မူတည်နေလျက် ရှိသည်။ ကိုငါးမူးကိုလည်း ယခင်တုန်းက နည်းနည်းကြောက်ခဲ့ဖူးသည်။ ယခုတော့လည်း သူ့ကို မကြောက်သည့်အပြင် ခင်မင်ရင်းနှီးသွားခဲ့ပြီး သူ့ဆီကို အားသည့်အချိန်တိုင်း ခဏခဏ သွားလည်ဖြစ်သည်။ ကိုငါးမူးသည် ကျွန်တော့်မိတ်ဆွေ။ ကျွန်တော်နှင့် စကားပြောဖော်ပြောဖက်သူငယ်ချင်း။ ကျွန်တော်ပြောသမျှတွေကို နားထောင်နေရှာသူ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

"မကြောက်နဲ့"

ကျောက်သင်ပုန်းပေါ်က အဖုအထစ်မရှိ ဝိုင်းစက်ညီညာနေသည့် စာလုံးတွေကို ဖတ်ပြီး ကိုငါးမူးကို မကြောက်ပါဘူးဗျဟု ကျွန်တော် ပြောလိုက်၏။ သူ့ဆီကို မရောက်တာ ရက်တစ်ပတ်ဆယ်ရက်ခန့် ရှိရော့မည်။ ကျွန်တော်တို့ရွာ မြောက်ပိုင်းမှာ ကိုငါးမူးနေသည်။ အမေတစ်ခု သားတစ်ခုပါ။ အရပ်အနည်းငယ်ပုပြီး ခန္ဓာကိုယ်က တောင့်တောင့်တင်းတင်း။ မျက်လုံးမှေးမှေး၊ သွားနည်းနည်းခေါပေမယ့် အကြည့်ရဆိုးတာမျိုးမဟုတ်။ စိတ်သဘောလည်း ဖြူစင်သည်။ သူ့မျက်နှာပေါ်တွင် မည်သည့်အချိန်ပဲကြည့်ကြည့် ဖြူစင်ရိုးသားမှုနှင့် အားငယ်စိုးရွံ့မှုတွေ ရောထွေးနေသည်ကို တွေ့ရတတ်သည်။ အစကနဦးတုန်းက ကျွန်တော်တို့ကလေးတွေ သူ့ကိုကြောက်ကြသည်။

ဘာဖြစ်လို့ သူ့ကို ကြောက်ရတာလဲ။ သူက ဆွံ့အ စကားမပြောနိုင်သူတစ်ယောက်ဖြစ်သည်။ မွေးကတည်းက စကားမပြောနိုင်တာတဲ့။ သည့်အတွက်လည်း ကြောက်စရာအကြောင်း မရှိပါ။ သို့ရာတွင် သူ့အကြောင်းကို နားစွန်နားဖျားကြားပြီးနောက် သူနှင့်တွေ့ရမှာ မဝံ့မရဲ ဖြစ်ကုန်ကြသည်။

ကျွန်တော်တို့ရွာ အနောက်တောင်ဘက် နှစ်ဖာလုံခန့်ဝေးမည့်နေရာတွင် ဥစ္စာသိုက်တစ်ခုရှိသည်ဟု ပြောကြ၏။ ဘုရားသိုက်လိုလို၊ ဂျပန်ခေတ်တုန်းက ရွှေ

mgyoe.com

mgyoe.com SAMPLE BOOK

ငွေ ရတနာပစ္စည်းတွေပဲ မြုပ်နှံထားခဲ့သလိုလို တစ်ဆင့်တစ်ဆင့်ကြားခဲ့ရ၍ မည်သူမျှ ရေရေရာရာ မပြောနိုင်ကြ။ တစ်ခါတုန်းက ထိုနေရာကို သိုက်ဆရာတွေ လာတူးကြသော်လည်း သိုက်စောင့်မောင်နှမသုံးယောက်က ကာကွယ်ထား၍ မည်သည့်ပစ္စည်းမျှ မရသည့်အပြင် အစီအမံတွေဖြင့် ချထားသည့်စည်းပေါက်ပြီး သိုက်ဆရာတွေလည်း မြေပြင်ကို ရေထင်ပြီး ကူးကြရောတဲ့။ သိုက်စောင့်မောင်နှမသုံးယောက်မှာ ကိုငါးမူးက အစ်ကိုအကြီးဆုံး။ လူ့ပြည်ကိုသွားဖို့ သိုက်ချုပ်ဘိုးဘိုးကြီးက ခွင့်ပြုသော်လည်း မေ့လျော့ပြီး အတိတ်က ဘဝကို ပြောမိမှာစိုး၍ သူ့ကို ဆွံ့အ စကားမပြောနိုင်အောင် လုပ်လိုက်သည်တဲ့။ တိုက်ဆိုင်သည်ဟု ဆိုရမည်။ ကိုငါးမူးမွေးသည့်နေ့မှာပဲ သူ့အဖေ ပိုးထိပြီး ဆုံးရှာသည်။ ဒါကိုလည်း သူ့ကိုယ်စား သိုက်ကိုပြန်ခေါ်တာဟု ပြောကြပြန်သည်။ ခက်တော့လည်း ခက်သည်။ သူ့အကြောင်းကိုထင်ရာမြင်ရာပြောသူနှင့်၊ ပြောသမျှတွေကို ယုံကြည်ကြသူနှင့်။ မည်သို့ပင်ဖြစ်စေ သေချာတာကတော့ ကိုငါးမူးခမျာ လူ့လောကကို ရောက်လာခဲ့ရသော်လည်း လာခြင်း မကောင်းခဲ့။

ဟုတ်သလား မဟုတ်သလား မစဉ်းစားကြဘဲ ထင်မိထင်ရာ ပြောနေကြသည့် အဲသည်အကြောင်းတွေက ကျွန်တော်တို့ကလေးတွေဆီကို ရိုက်ခတ်သွားပြီး အလိုလိုနေရင်းဖြင့် လူ့ပြည်သို့ တခဏရောက်လာသည့် သူ့ကို ကြောက်ကုန်ကြသည်။ ကိုငါးမူးဆိုသည့် အမည်ကလည်း သူ့နာမည်အရင်းမဟုတ်ပေ။ ငါးမူးဟုတစ်ယောက်ယောက်က ခေါ်ရင်းဖြင့် နာမည်တွင်သွားခြင်းဖြစ်သည်။ ငါးမူးဆိုတာ ကျပ်မပြည့်တာကို ဆိုလိုသည်။ ကျွန်တော်က ထိုကဲ့သို့ အဓိပ္ပာယ်ရှိမှန်း မသိ၍ ကိုငါးမူးဟု ခေါ်နေမိပြီး သူ့ကို အားနာသွားသည်။ သူကတော့ ဗွေမယူပါ။ တစ်ရွာလုံးကလည်း သူ့ကို ငါးမူးဟု ခေါ်နေကြပြီး ကိုကျော်မြင့်ဆိုသည့် မူရင်းနာမည်ကိုပင် မှတ်မိကြတော့မည် မထင်တော့။

ကိုငါးမူးကို ဘာကြောင့် ရွာအသိုင်းအဝိုင်းထဲမှ ဘေးဖယ်ထားကြမှန်း ကျွန်တော် စဉ်းစား၍မရပါ။ သိုက်ကလာသည်ဟု ထင်ရာမြင်ရာပြောသည့် စွပ်စွဲချက်သည် သူ့အား ကြီးမားသည့်အပြစ်ဒဏ် ချမှတ်ထားသလို ဖြစ်သွားခဲ့သည်။

ရွာကာလသား အသိုင်းအဝိုင်းကလည်း သူ့ကို လူရာမသွင်း။ သူ့ခမျာ အပေါင်းအသင်းဆို၍ ကိုရင်ကြီးတစ်ယောက်သာ ရှိသည်။ ကိုရင်ကြီးက ရွာဘုန်းကြီးကျောင်းမှာ ကိုရင်ဝတ်ခဲ့၍ လူထွက်လာတော့လည်း ဒွေးလွင် ဆိုသည့် နာမည်ပျောက်သွားပြီး ကိုရင်ကြီးဟု အမည်တွင်သွားသည်။ ရွာဘုန်းကြီးကျောင်းမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ကိုရင်ကြီးနှင့် ကိုငါးမူးက လေးတန်းအထိ စာသင်ဖက်တွေ။ ကျောင်းထိုင်ဆရာတော် ဦးသုမင်္ဂလကျောင်းထွက်ဆိုပါက လက်ရေးလက်သားတွေ ဝိုင်းစက်ညီညာပြီး သိပ် လှသည်။ ကျွန်တော်တို့ကတော့ ကျောင်းစနေကတည်းက လူကျောင်းမှာပဲ နေခဲ့ သည်မို့ လက်ရေးတွေက ခပ်ချာချာ။ ဖုသည့်နေရာဖု၊ ချိုင့်သည့်နေရာချိုင့်။

သူ့ကို ရွာက လူရာမသွင်းကြသော်လည်း ကိုငါးမူးကလည်း ခပ်အေးအေး ပင်။ ကိုယ်ပိုင်ယာ မရှိ၍ ဝါးထရံတွေ ယက်ပြီး အသက်မွေးဝမ်းကျောင်းသည်။ ဝါးတွေကို ရွာနှင့် လေးတိုင်လောက်ဝေးမည့် မူးမြစ်ကမ်းနံဘေးသို့ သွားဝယ်ပြီး ရွာကို လှည်းနဲ့တိုက်လာရသည်။ သို့ရာတွင် ဝါးထရံယက်သည့်အလုပ်က တစ်နှစ် လုံး မဟုတ်၍ အလုပ်ပါးသည့်အချိန်တွင် လက်ပံသားတွေကို ဓားတစ်ချောင်းနှင့် ခုတ်ပြီး ခုံဖိနပ်တွေ လုပ်သည်။ ဖိနပ်အောက်ခံကို ဆေးနီတွေဆိုးပြီး ဖိနပ်သဲကြိုး တပ်ပြီးပါက မက်မက်မောမော စီးချင်စရာ ခုံဖိနပ်တစ်ရံ ဖြစ်သွားသည်။ တစ်ရွာ လုံးက သူ့ကို လူရာမသွင်းချင်ကြပေမယ့် သူယက်လုပ်သည့် ဝါးထရံနှင့် ဈေးသက် သာသည့် သူ့လက်ရာ ခုံဖိနပ်တွေကိုတော့ မည်သူမျှ မကင်းနိုင်ကြ။ ကိုရင်ကြီးကတော့ သူ့သူငယ်ချင်းအတွက် ဒေါသဖြစ်သည်။ ဒေါသထွက်သည့် အခါတိုင်းနှင့် ငါရိုးမ စောက်သုံးမကြတဲ့ရွာဟု လှိမ့်ဆဲတော့သည်။ လူဖြောင့် စိတ်တိုမို့ ရွာကလူတွေ ကလည်း သူ့ကိုတော့ ခပ်လန့်လန့်။

ကိုငါးမူးတို့ တဲနားလေးမှာ အရိပ်တွေ အုံ့ဆိုင်းနေသည့် မန်ကျီးပင်ကြီးနဲ့ ဇရပ်ကတုံးရှိသည်။ ဇရပ်ကတုံးဟု ဆိုသည့်အတိုင်း အမိုးမရှိ။ မန်းကျည်းပင်ကြီး၏ ပင်စည်ကိုဝိုင်း၍ နားနေလို့ရအောင် အသားကြမ်းတွေခင်းထားသည်။ နေပူပြင်း သည့်အချိန် မန်ကျီးပင်ကြီးအောက်သို့ ကျွန်တော်တို့ရောက်သွားကြစမြဲ။ ကျောက်ဒိုး ပစ်လိုက်ကြ။ ဝါးခြမ်းပြား ငုတ်စိလေးကို မြေကြီးပေါ် မှာ စိုက်ပြီး ကြက်ပေါင်ကွင်း ထောင်၍ပစ်ကြသည်။ ရာဇူသီးလည်း တောက်သည်။ ကစားနေကြစဉ် ကိုငါးမူး အမေ အမေအေးက လှမ်းခေါ်ပြီး ပဲလှော်တို့၊ ထန်းလျက်ခဲတို့ ကျွေးလျှင်လည်း စားလိုက်ကြသည်။ အဲသည်အချိန်ကစပြီး ကိုငါးမူးနှင့် ကျွန်တော်လည်း တဖြည်း ဖြည်း ရင်းနှီးလာသလို သူ့ကိုလည်း ကြောက်ရွံ့စိတ်တွေ မရှိတော့။ သူငယ်ချင်း တွေနှင့် ကစားဖို့မကြုံလည်း သူ့ဆီကို အလည်သွားစမြဲ။ မန်ကျီးပင် အရိပ်အောက် တွင် ဝါးထရံယက်နေသည့်သူ့ကို အမြဲတွေ့ရသလို ကျောက်တန်လေးတင်ထားသည့် ကျောက်သင်ပုန်းကလေး တစ်ချပ်ကလည်း သူ့အနားမှာ။ သည်ကျောက်သင်ပုန်း ကလေးကပဲ သူ့ရင်ထဲက ပြောချင်သည့် စကားတွေကို ဖော်ပြပေးနေလျက်။ ယခု

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ကျွန်တော့်ကို မကြောက်နဲ့တဲ့။ ကိုငါးမူး မျက်လုံးမှေးမှေးတွေကို ကြည့်လိုက်တိုင်း အေးအေးချမ်းချမ်း ကြည်ကြည်လင်လင်။ ရယ်စရာရှိပါက အွန်းအွတ်အွတ်ဟု အသံပြုပြီး သူ့မျက်လုံးတွေကတော့ အားပါးတရကြီး ရယ်မောနေသည်ကို တွေ့ရသည်။ တကယ်တော့ ကျွန်တော်တို့နှစ်ယောက် စကားပြောကြသည် ဆိုသော်လည်း ကျွန်တော်ကချည်း ပြောသည်။ ကလေးဆိုတော့ ကျွန်တော် ပြောသည့်စကားတွေကလည်း အမြီးအမောက်မတည့်ပဲ ဟိုရောက် ဒီရောက်။ မည်သို့ပင်ဖြစ်စေ ကျွန်တော် ပြောသမျှတွေကို ကိုငါးမူးက ဝါးထရံတွေယက်ရင်း နားထောင်ပေး၍ သဘောကျသွားသည်။ တစ်ခါတစ်လေတော့ ကျွန်တော်တို့နှစ်ယောက် ငြင်းခုန်တတ်ကြသည်။ တခြားဟုတ်ရိုးလား ဖျောက်ဆိပ်ပင်ကြီးမှာ တစ္ဆေရှိသည်ဆိုတာကို သူက မယုံ။ ခေါင်းယမ်းပြလိုက်၍ အနည်းငယ် စိတ်တိုသွားရသည်။

"ခင်ဗျား မယုံဘူးလား၊ ကျွန်တော်ကိုယ်တိုင် သစ်ပင်ပေါ်က ဆင်းလာတာကို မြင်လိုက်ရတာဗျ။ ဘာမှတ်နေလဲ ကျွန်တော်တို့ အပြေးမြန်လို့သာပေါ့"

ကိုငါးမူး ပြုံးလိုက်၏။ ဝါးထရံယက်တာကို ခဏရပ်ပြီး ကျောက်သင်ပုန်းပေါ်ကို ကျောက်တံလေးနှင့် စာတွေရေးပြီး ကျွန်တော့်ကိုပြသည်။

"မင်း စိတ်ထင်လို့ပါ၊ သစ်ပင်ပေါ်မှာ တစ္ဆေ သရဲတွေ မရှိပါဘူး။ ငှက်တွေပဲ နေကြတာ"

ကျောက်သင်ပုန်းပေါ်က စာတွေဖတ်ပြီး မယုံလည်းနေပေါ့ဗျာလို့ပဲ ပြန်ပြောမိသည်။ ကိုငါးမူးလည်း အဖေ့လိုပဲ ဖျောက်ဆိပ်ပင်ပေါ်မှာ တစ္ဆေ သရဲတွေရှိတာကို မယုံခဲ့။ အဖေ့ကို ပြန်မပြောရဲ၍ ငြိမ်နေခဲ့သော်လည်း သူ့ကိုတော့ အလျှော့မပေးနိုင်။ သို့ဖြင့် ကျွန်တော်က ပြောလိုက်၊ သူက စာရေးပြီး ချေပလိုက် ငြင်းခုန်ကြရင်း လုံးချာလိုက်နေလေ၏။ ခဏငြိမ်သွားတော့ ကျွန်တော် သိပ်သိချင်တာလေးကို ပြုံးခနဲ သတိရလိုက်မိသည်။ အဲသည်အကြောင်း သူ့ကို မေးချင်နေတာ ကြာပါပကော။

"ကိုငါးမူး ခင်ဗျားက သိုက်ကလာတာဆို။ လူ့ဘဝမှာ သိုက်အကြောင်းတွေ မပြောနိုင်အောင် သိုက်စောင့်ဘိုးဘိုးကြီးက စကားမပြောနိုင်အောင် လုပ်လိုက်တာတဲ့ ဟုတ်လား"

ရုတ်တရက် လွှတ်ခနဲ မေးလိုက်ပြီးမှ ထိတ်လန့်သွား၏။ သူ့အကြောင်း သိသွား၍ ကျွန်တော့်ကို တစ်ခုခုလုပ်လိုက်မှာ စိုးသည်ကိုး။ ဘာမှမပြောဘဲ ကျွန်တော့်ကို သူ ငေးကြည့်နေရှာသည်။ သူ့မျက်လုံးတွေမှာလည်း ကြေကွဲဝမ်းနည်းရိပ်တွေ။

mgyoe.com

mgyoe.com SAMPLE BOOK

ဟင်းခနဲ သက်ပြင်းချလိုက်ပြီးမှ ကျောက်သင်ပုန်းပေါ်ကို စာတွေ ရေးနေသည်။ တစ်မိနစ်ခန့်အကြာတွင် ကျောက်သင်ပုန်းကို ကျွန်တော့်လက်ထဲ ထိုးပေးလိုက်သည်။

"သိုက်ကလာတာ မဟုတ်ရပါဘူးကွာ။ အမေက ငါ့ကိုမွေးတော့ တခြားကလေးတွေလိုပဲ ငါလည်း အသံထွက်ပြီး ငိုခဲ့တာပါ။ ငါ နှစ်လသားအရွယ်မှာ အပြင်းဖျားပြီး နေပြန်ကောင်းတော့ စကားမပြောနိုင်တော့တာပါကွာ။ သိုက်စောင့်ဘိုးဘိုးကြီးက ပြုစားလိုက်တာလည်း မဟုတ်ရပါဘူး သိန်းနိုင်ရာ"

ကျွန်တော် ငေးငိုင်သွားခဲ့သည်။ သူရေးထားသည့် စာလုံးတွေက တောင်းတောင်းပန်ပန်ဖြင့် ရှင်းပြနေရှာမှန်း သတိပြုမိလိုက်၍ အားနာသွားသည်။ လူတစ်ယောက်၏ အားနည်းချက်ကို ထိခိုက်သွားစေခဲ့သည်မို့ မဆင်မခြင် မေးလိုက်မိသည့် ကျွန်တော့်ကိုယ် ကျွန်တော်လည်း စိတ်တိုသွားရ၏။ သူနှင့် ခဏစကားပြောပြီး အိမ်ပြန်လာခဲ့သော်လည်း လမ်းတလျှောက်လုံး သည်အကြောင်းကိုပဲ တွေးနေမိသည်။

"အမေ ကိုငါးမူးက သိုက်ကလာတာဆို၊ လူ့ဘဝမှာ စကားမပြောနိုင်အောင် သိုက်စောင့်ဘိုးဘိုးကြီးက လုပ်လိုက်တာတဲ့ ဟုတ်လားအမေ"

အိမ်ကိုရောက်ရောက်ချင်း ချည်လုံးတွေ ရစ်နေသည့်အမေ့ကို မေးမိပြန်သည်။ အမေက-

"ဟဲ့ဒီကလေး မဟုတ်ကဟုတ်ကတွေ ဘယ်ကကြားလာရပြန်တာတုန်း"

စိတ်ရှုပ်သွားရင်း အမေ့အနားမှာ ဝင်ထိုင်လိုက်သည်။

"ထင်ရာပြောကြတာတွေပါ သားရယ်။ မောင်ကျော်မြင့်လေး နှစ်လသားတုန်းက အပြင်းဖျားတာလေ။ အပူအားကြီးလွန်းလို့ ပစ်လိုက်ရပလားလို့တောင် အောက်မေ့လိုက်ရတယ်။ မင့်အဖေက မနည်းကုပေးလိုက်ရတာကွယ့်။ နေပြန်ကောင်းလာပေမယ့် ကံဆိုးချင်တော့ စကားမပြောနိုင်ရှာတော့ဘူးကွယ်။ လူတွေပြောသမျှတိုင်းကို ချင့်ချိန်ယုံကွယ့်နော် သားလေး။ လူတွေကလည်း ခက်လိုက်တာ၊ ဘယ်ဟာက အကျိုးရှိတာ၊ ဘယ်ဟာက အကျိုးမရှိတာမှန်းကို ခွဲခြား နားမလည်ကြဘဲ ထင်မိထင်ရာပြောပြီး ယုံတဲ့သူကလည်း ယုံနေကြတယ်ကွယ်"

အမေ ရှင်းပြတာတွေကို ဆုံးအောင် နားမထောင်ဖြစ်တော့။ ကိုငါးမူးက အများထင်သလို သိုက်ကလာတာမဟုတ်မှန်း သေချာသွား၍ ကျွန်တော် ပျော်သွားပါပြီ။ ကျွန်တော် မျှော်လင့်နေသည့်စကားကို ကြားလိုက်ရ၍ ပျော်သွားရခြင်းပင်။

သည့်နောက်တော့ သူ့ဆီကို သွားရတာ စိတ်ပေါ့လက်ပေါ့ ရှိသွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အတွက် စိတ်လည်းမကောင်း။ သူ့ခမျာ တစ်ရွာလုံးမှာ အပေါင်းအသင်းဆို၍ ကျွန်တော်နှင့် ကိုရင်ကြီးပဲရှိသည်ကော။ သူလည်း လူတွေကြားမှာ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် နေချင်ရှာပါလိမ့်မည်။ ကြည်ကြည်နူးနူးဖြင့် သီချင်းတွေကိုလည်း ဆိုချင်ရှာမည်။ ယခုတော့ လူ့လောကထဲမှာ နေပေမယ့် ဘယ်လောက် အထီးကျန်နေရှာမလဲ။ သူ့ခမျာ ပျော်သည်ဖြစ်စေ၊ သဘောမကျသည်ဖြစ်စေ အွန်းအွတ်အွတ် ဟူ၍သာ အသံပြုနိုင်သည်။ ရင်ထဲက သူပြောချင်သည့် စကားတွေကတော့ သူ့မျက်လုံးထဲမှာပဲ တွေ့ရပါလိမ့်မည်။ သူ့ကို တန်ဖိုးထားဆက်ဆံကြသူတွေနှင့် စကားပြောဖို့အတွက် သူ့အနားမှာ မခွဲမခွာရှိနေသည့် ကျောက်သင်ပုန်းလေးနှင့် ကျောက်တံကလေးကပဲ အကူအညီပေးနေရသည်။ သူ့မျက်လုံးတွေက နေ့တိုင်း ကျွန်တော့်ကို မျှော်နေတတ်သည်။ ကျွန်တော့်ကို တွေ့လိုက်တာနှင့် သူ့မျက်လုံးမှေးမှေးတွေမှာ တဖျတ်ဖျတ် ဝင်းလက်သွားစမြဲ။ ဝမ်းသာစရာကောင်းတာက သူ့အတွက် ကျွန်တော်နှင့် ကိုရင်ကြီးသာ မဟုတ်တော့ဘဲ  နောက်ထပ်မိတ်ဆွေ ဆရာလေး ကိုတင်စန်း တိုးလာခဲ့သည်။

ဆရာလေးက သူ့ဆီကို ခဏခဏ အလည်လာတတ်သည်။ တစ်လလောက်ကြာတော့ ကျွန်တော်တို့ ကျောင်းစာကြည့်တိုက်က စာအုပ်တွေ ဖတ်နေတာကို တွေ့ရသည်။ သူ မသိတာတွေကို ဆရာလေးက ရှင်းပြပေးသည်။ ဝါးထရံတွေ ယက်နေသည့် သူ့အနားတွင် ကျောက်သင်ပုန်းနဲ့ ကျောက်တံတင် မဟုတ်တော့ဘဲ ဖတ်စရာ စာအုပ်တစ်အုပ်လည်း တွေ့ရသည်။ ဆရာလေးက သူ ရေးချင်တာတွေ ရေးဖို့ ဗလာစာအုပ်နှင့် ခဲတံတစ်ချောင်းကို လက်ဆောင်ပေးထား၏။ သူ ဘာတွေ ရေးမှန်းတော့မသိ။

"စာရွက်ပေါ်မှာရေးတဲ့ ခင်ဗျားလက်ရေးကို မြင်ဖူးချင်လို့ပါ၊ ကျွန်တော့်ကို ပြပါဦးဗျ"

ကျွန်တော်က ပြောလိုက်သော်လည်း အွန်းအွန်းအွတ်အွတ်ဖြင့် ခေါင်းခါပြသည်။ အမှန်တော့ ကျွန်တော့်စိတ်ထဲမှာ သူ့ကို သူငယ်ချင်းလိုဖြစ်နေ၍ နောက်ပြောင်လိုက်ခြင်းသာ။ ပိုပြီး ကောင်းသွားတာက ကျွန်တော်ကလည်း စာဖတ်ဝါသနာပါ၍ ကျွန်တော်တို့ နှစ်ယောက်ကြားတွင် ပြောစရာတွေ ပိုများလာပြီး ခင်မင်ရင်းနှီးမှုတွေ တိုးလာခဲ့သည်။ စုန်းကဝေ၊ တစ္ဆေစာအုပ်တွေ အကုန်လုံး သူ ဖတ်ပြီးပြီ၊ မဟုတ်တာတွေ လျှောက်ရေးထားတာတဲ့။ ပြုံးရယ်ရင်း စာရေးပြီး ပြောလိုက်တော့ ကျွန်တော့်မှာ မခံချိမခံသာ ဖြစ်သွားရ၏။ တစ်ချိန်တုန်းက အဲဒီစာအုပ်

mgyoe.com

mgyoe.com SAMPLE BOOK

တွေ ဖတ်ပြီး အဟုတ်တကယ်လိုလို ဘာလိုလိုဖြင့် သူ့အပေါ် ဆရာကြီး လုပ်ခဲ့သည် ကိုး။

ဖတ်စရာစာအုပ်တွေ သူ့အနား ရောက်လာသည့် အချိန်ကတည်းက ကိုငါးမူး မျက်လုံးတွေထဲမှာ အားငယ်စိုးရွံ့တာတွေ ပျောက်ကုန်သည်ကို သတိထားမိလိုက်သည်။ စာအုပ်တွေက သူ့မိတ်ဆွေ၊ သူနှင့် စကားပြောဖော်ပြောဖက်။သူ့အနားမှာ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ်။ မိတ်ဆွေတွေကလည်း တစ်ယောက်ပြီး တစ်ယောက်။ ငါ့မှာ မိတ်ဆွေတွေ အများကြီးရှိလာပြီကွ ဆရာလေးကို ကျေးဇူးတင်လိုက်တာကွာ၊ ကျောက်သင်ပုန်းပေါ် စာရေးပြီးပြောလိုက်သည့် သူ့မျက်နှာပေါ်မှာ မြင်တွေ့ရခဲ့သည့် အပြုံးအရယ်တွေ။ သူ ပျော်တာကို ကြည့်ပြီး ကျွန်တော်လည်း ပျော်သွားခဲ့သည်။ ဤသို့ဖြင့် မိုးရာသီ၏ နေ့ရက်တစ်ရက်ကို ရောက်လာခဲ့သည်။ ကျွန်တော်နှင့် သူ၏ လောက ကမ္ဘာလေးထဲသို့ နောက်ထပ် လူတစ်ယောက် ရောက်လာမည်ကို လုံးဝ မမျှော်လင့်ခဲ့မိ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

တစ်ရွာလုံး တောသွားနေကြ၍ ရွာထဲမှာ လူနည်းနည်းပဲ ရှိသည့်အချိန်။ ခွေးဟောင်သံတွေ ဆူညံနေတာကြောင့် အိမ်ရှေ့ကို ထွက်ကြည့်ခဲ့သည်။ ရွာလယ်လမ်းပေါ်မှာ ခပ်နှေးနှေးလျှောက်လာနေသည့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ဘောင်းဘီရှည်နှင့် အင်္ကျီလက်ရှည် ဝတ်ထားပြီး တစ်ကိုယ်လုံး ပေပွနေလျက်။ ဆံပင်ရှည်တွေကလည်း ဂုတ်ပေါ်မှာ ဝဲကျနေသည်။ သူ့ဘောင်းဘီရှည်ကလည်း ထူးထူးဆန်းဆန်း အပေါ်ပိုင်းမှာကျပ်နေပြီး ခြေမျက်စိအနားရောက်တော့ အဝကျယ်သွားသည်။ မြို့မှာခေတ်စားနေသည့် ခေါင်းလောင်းဘောင်းဘီဆိုတာမှန်း ကျွန်တော်မသိခဲ့။ ခြေထောက်တွေ လှုပ်လိုက်တိုင်း ဘောင်းဘီစတွေက ဖတ်လတ်ဖတ်လတ်နှင့် မို့ ရယ်ချင်သွားသည်။ နားထင်နေရာမှာ တစ်ခုခု ထိခိုက်လို့လားမသိ သွေးတွေစိမ့်နေပြီး မျက်နှာတစ်ခြမ်းလည်း ယောင်ကိုင်းနေသည်။

ကြည့်ရင်းဖြင့် ကျွန်တော် ထိတ်လန့်သွားသည်။ ညမှာ သူ့ကို တွေ့လိုက်လို့တော့ သရဲဟု ထင်မိမှာသေချာသည်။ အဲသည်လူက နောက်မှခွေးတွေ ဝိုင်းအုံဟောင်နေသည်ကိုလည်း သိပုံမရ၊ ရှေ့ကိုပဲ ကြောင်တောင်တောင်ဖြင့် သွားနေသည်။ အိပ်မက်ထဲ လမ်းလျှောက်နေသည့်အတိုင်းပါပဲ။ သူ ဘယ်သူလဲ။ ဘယ်ကလာသလဲ။ ကျွန်တော်လည်း သိချင်စိတ်ဖြင့် သည်လူနောက်မှ ခွာပြီး လိုက်ခဲ့မိသည်။ သူ့ရဲ့နောက်မှာ ခွေးတွေကလည်းဟောင်၊ ကျွန်တော်တို့ကလေးတွေကလည်း တရုန်းရုန်း။

mgyoe.com

mgyoe.com SAMPLE BOOK

အကယ်၍ သူက နောက်ကိုလှည့်ပြီး အန္တရာယ်ပြုလျှင်လည်း ချက်ချင်းလှည့်ပြီး ပြေးနိုင်အောင် အဆင်သင့်ပြင်ထားရ၏။ တချို့အိမ်တွေက ဘယ်က အရူးလဲဟဲ့ သွား. . . သွား မလာခဲ့နဲ့ဟု ကြောက်လန့်တကြား ဝိုင်းအော်ကြသည်။ ကလေး ပေါက်စနလေးတွေရဲ့ ငိုသံ၊ ခွေးဟောင်သံ၊ ဖိုးသောင်းနှင့် ကျွန်တော်တို့က အရူး ကြီးဟေ့ အရူးကြီး ဝိုင်းအော်ကြသည့်အသံ။ တိတ်ဆိတ်နေသည့် နေ့လယ်ခင်းသည် ဆူညံသွားသည်။

တစ်နေရာရောက်တော့ သူသည် ရှေ့ဆက်မသွားသေးဘဲ အောင်ဝင်း အောင်ဝင်းဟု အော်၍ ပြောလိုက်သည်။

သူ့ကို အရူးဟု ပြောလိုက်၍ သူ့နာမည် အောင်ဝင်းဖြစ်ပြီး အရူးမဟုတ် ကြောင်း ပြောချင်တာလား မသိ။ သူက သွားလိုက် ရပ်လိုက်။ ရွာလမ်းပေါ်က သဲတွေကို သူ့ခြေထောက်နှင့် ထိုးကော်လိုက်။ တဖြည်းဖြည်းသွားရင်း ကိုငါးမူးတို့ အိမ်အနားက ဇရပ်ကတုံးဆီသို့ ရောက်လာခဲ့သည်။ သူ ရှေ့ဆက်မသွားတော့ပါ။ မန်ကျီးပင် အရိပ်တွေဖြင့် အုပ်ဆိုင်းနေသည့် ဇရပ်ကတုံးနေရာသည် သူ စံမြန်းဖို့ အတွက် ဆောက်ထားတာများ အောက်မေ့နေလေရော့သလား။

အံ့မယ်၊ ဇရပ်ပေါ်ကိုတက်ပြီး မန်ကျီးပင်ကြီး၏ ပင်စည်ကိုမှီရင်း စတိုင် နှင့်၊ မလိုင်နှင့် အေးအေးဆေးဆေး ထိုင်နေလိုက်တာများ အံ့သြပါ့။ ဘာများဆက် လုပ်မလဲလို့ သိချင်စိတ်ဖြင့် ဇရပ်အပြင်ဘက်ကနေ၍ ကျွန်တော်တို့ ဝိုင်းအုံကြည့် နေကြသည်။ သူကတော့ သူ့ကိုယ်သူ ပရိသတ်တွေ ဝိုင်းအုံကြည့်နေသည့် ရုပ်ရှင် မင်းသားလိုများ မှတ်နေလားထင်ရဲ့၊ ဘယ့်နှယ်မှကို မရှိတာရယ်။ နည်းနည်းကြာ တော့ ဘာမှမထူးခြား၍ တချို့ကလေးတွေ ပြန်ကုန်ကြသည်။

ကျွန်တော်ရယ်၊ ဖိုးသောင်းရယ်၊ ဘထွန်းရယ်၊ အောင်မင်းရယ်၊ ရွာက ပွဲတိုင်းကျော်အုပ်စုပဲ ကျန်ရစ်ခဲ့သည်။ သူက ကျွန်တော်တို့ကို အရေးမလုပ်ပေမယ့် ဝါးတစ်ရိုက်လောက်ဆီက ဆောင့်ကြောင့်ထိုင်ရင်း ဝါးထရံယက်နေသည့် ကိုငါးမူး ကို ကြည့်နေသည်။ စိတ်ချင်းဆက်နေသလား မပြောတတ် ကိုငါးမူးကလည်း ယက် လုပ်လက်စ ဝါးထရံတွေကိုရပ်ပြီး သူ့ဘက်ကို လှည့်ကြည့်လိုက်သည်။ သူတို့နှစ် ယောက် မလှုပ်မရှက်ဘဲ တစ်ယောက်ကိုတစ်ယောက် အကြာကြီး စိုက်ကြည့်နေ ကြသည်။ အနားကပရိသတ် ကျွန်တော်တို့တစ်တွေလည်း ရင်တထိတ်ထိတ်။ တော် တော်လေးကြာမှ ကိုငါးမူးက တဲထဲသို့ဝင်သွားပြီး အုန်းမှုတ်ခွက်ဖြင့် ရေတွေအပြည့် ခတ်လာခဲ့သည်။ ပြီးမှ သူ့ဆီကိုလျှောက်သွားပြီး အွန်းအွတ်ဟု အသံပြုလိုက်ရင်း

mgyoe.com

mgyoe.com
SAMPLE BOOK

အုန်းမှုတ်ခွက်ကို ပေးလိုက်သည်။ ရေတော်တော်ဆာနေပုံရသည်။ အုန်းမှုတ်ခွက်ကို ပါးစပ်မှာတေ့ပြီး တဂွပ်ဂွပ် သောက်ချလိုက်သည်။ ကျွန်တော်က-

"ကိုငါးမူး မဝသေးဘူး ထင်တယ်ဗျ၊ ထပ်တိုက်လိုက်ပါလား"

ကိုငါးမူးလည်း ခေါင်းတစ်ချက်ညိတ်ပြီး နောက်ထပ် ရေခပ်တိုက်လိုက်ရပြန်သည်။ အားလုံးပေါင်း လေးခွက်တိတိ။ ကိုငါးမူး တဲထဲကို ပြန်ဝင်သွားသည်။။ တအောင့်လောက်ကြာတော့ ထမင်းတွေ အပြည့်အမောက်ထည့်ထားသည့် ဇလုံကြီးဖြင့် ပြန်ထွက်လာသည်။ ဟင်းကတော့ ပဲပြုတ်နှင့် ငံပြာရည်ချက် ဆမ်းထားသည်။ ထမင်းဘယ်နှရက် မစားခဲ့ရမှန်းမသိ ပလုပ်ပလောင်းဖြင့် စားလိုက်တာများ တခဏလေးနှင့် ဇလုံထဲက ထမင်းတွေလည်း ပြောင်ပါလေရော။

ဗိုက်တင်းသွားဟန်တူသည် ကိုယ်တော်ချောက စားလည်းပြီးရော ကြမ်းပြင်ပေါ်မှာ လှဲအိပ်ပါတော့သည်။

"ကျောက်ဖျာကြီးမှာ စက်တော်ခေါ် ထတော်မူပါ့ဖရ"

ဇာတ်ထဲကလိုပဲ ကျွန်တော်တို့က ဝိုင်းအော်ကြပေမယ့် တုတ်တုတ်မျှမလှုပ်။ စည်းစိမ်ကြီးလိုက်ပုံက အဲဒီလို။ စောင့်ကြည့်ရင်း နောက်ထပ် ထူးထူးခြားခြား မရှိတာမို့ ကျွန်တော်တို့လည်း လူစုခွဲပြီး အိမ်ကိုပြန်လာခဲ့ကြသည်။

"အမေ ဇရပ်ကတုံးပေါ်မှာ အရူးကိုအောင်ဝင်း ရောက်နေတယ်ဗျ"

"ဟဲ့ ဘယ်က အရူးလဲ၊ သူ့နာမည်ကို ငါ့သားက ဘယ်လိုသိလာရတာတုန်း"

အမေက မေးလိုက်သည်။

"သူကိုယ်တိုင် ပြောတာပဲ အမေ၊ အောင်ဝင်း အောင်ဝင်းနဲ့ ပြောနေတာရယ်"

အမေက မျက်မှောင်ကြုံ့လိုက်ရင်း တခဏစဉ်းစားနေသည်။

"သူ့နာမည်တောင် သိမှတော့ မရူးလောက်ပါဘူးသားရယ်"

အမေပြောလိုက်မှ ကျွန်တော်လည်း ခေါင်းရှုပ်သွားရပြီ။ ဟုတ်ပါတယ် ကိုယ့်နာမည်ကို သိနေမှတော့ ရူးတဲ့သူ ဖြစ်နိုင်ပါ့မလား။

အဲသည်နေ့တုန်းက အရာတော်ကို ပါတီကိစ္စဖြင့် သွားနေ၍ အဖေလည်း ရွာမှာ မရှိခဲ့။ ပါတီအလုပ်တွေ ရှုပ်တိုင်း ရက်တစ်ပတ်လောက်အထိ ရွာကို ပြန်မလာနိုင်ဘူးတဲ့။ အမေက မကျေနပ်ဘူးပေါ့။

"မင်းအဖေက အလုပ်ပျက် အကိုင်ပျက်နဲ့ ဒီပါတီကြီးထဲမှာပဲ နစ်မွန်းနေတာ။ သူတို့အစည်းအဝေးကလည်း တို့တောင်သူတွေဆီက တစ်နှစ်မှာ နှမ်းကဘယ်

mgyoe.com

mgyoe.com SAMPLE BOOK

လောက်၊ ပဲကဘယ်လောက် ဆိုပြီး အစိုးရကိုသွင်းဖို့ ဆုံးဖြတ်ကြတယ်။ ပါးစပ်က တော့ ပြည်သူ့အတွက်လို့ပြောပြီး ဆပ်ပြာလေးတောင် လစဉ် တစ်တုံးတစ်ခဲလေး မရပါဘူးကွယ်။ ဒီလောက် လူမုန်းများတဲ့အလုပ်ကို မင့်အဖေက ဘာလို့ လုပ်ချင်နေမှန်း မသိတော့ပါဘူး"

အမေက အဖေ့ကို မကျေမနပ်ဖြစ်တိုင်း အောင့်အည်းမထားနိုင်ဘဲ ကျွန်တော့်ကို ရင်ဖွင့်တတ်သည်။ ကျွန်တော်က ငယ်သေးတော့ အမေပြောတာတွေကို သိပ်နားမလည်သော်လည်း အမေ့လိုပဲ အရာတော်ကို ညအိပ်ညနေ အဖေ ခဏခဏသွားတာတော့ မကြိုက်ပါ။

ညအိပ်ရာဝင်တော့ အရှုး ကိုအောင်ဝင်းဆီကို စိတ်အာရုံ ရောက်နေမိသည်။ ကိုအောင်ဝင်းသည် ကျွန်တော့်အတွက် ကစားစရာ အသစ်အဆန်းရလိုက်သည့် ကလေးလို စိတ်ဝင်စားစရာကောင်းနေပါပြီ။ ကျေးလက်တောရွာတွေမှာ စောစောအိပ်ပြီး မနက်စောစော ထကြရစမြဲ။ မနက် ၇ နာရီလောက်တွင် တောထဲကို ရောက်ကုန်ကြသည်။ အိမ်ရှေ့ကြွလာကြသည့် သံဃာတော်များကို ဆွမ်းလောင်းပြီး ယက္ကန်းခတ်ဖို့ အမေ ပြင်ဆင်နေစဉ် အိမ်အပြင်ဘက်ကို လှစ်ခနဲ ထွက်လာခဲ့ပြီး ကိုငါးမူးတို့အိမ်ဆီကို အမြန်ပြေးသွားခဲ့သည်။

မန်ကျီးပင်ကြီးအောက်မှာ ကိုအောင်ဝင်း ရှိသေးရဲ့လား။ အရှုးဆိုတော့ ပြောမရဘူးလေ၊ စိတ်ထင်ရာ သွားချင်သွားနေမှာ။ သို့ရာတွင် ကျွန်တော် ထင်သလို မဟုတ်ပါ။ မန်ကျီးပင်ကြီးအောက်မှာ သူ့ကို အခန့်သားတွေ့လိုက်ရသည်။

သူ့မျက်နှာတစ်ခြမ်းလည်း အယောင်ကျသွားပြီး သွေးထွက်သည့် နေရာကိုလည်း ဆေးတွေ လူးပေးထားသည်။

အမေအေးက ဆေးတိုက်ဆေးလိမ်းပေးထားတာတဲ့။ နေဝင်ခါနီး ယာခင်းတွေထဲ ပေါင်းသင်လိုက်နေရသည့် အမေအေး ပြန်ရောက်တော့ အရှုး ကိုအောင်ဝင်းကို တွေ့လိုက်ရ၍ အံ့သြသွားသည်။ သို့ဖြင့် မျက်နှာကို ဆေးကြောသုတ်သင်ပေးပြီး၊ အနာကိုပိုးဝင်ပြီး မဖျားအောင် မန်းဆေးတွေ တိုက်ပေးထားရတယ်တဲ့။ အဲသည်လို လုပ်ပေးတော့ ကိုအောင်ဝင်းက ငြိမ်ငြိမ်သက်သက်လေးနေသတဲ့။

ဝါးခြမ်းတွေကို ပဲကွပ်ဖြင့် ပေါက်နေသည့် ကိုငါးမူး အနားမှာ ထိုင်နေသော်လည်း ကျွန်တော့်မျက်လုံးတွေက မန်ကျီးပင် ပင်စည်ကိုမှီပြီး ထိုင်နေသည့် ကိုအောင်ဝင်းကိုပဲ ကြည့်နေမိသည်။ သူ့စိတ်အာရုံတွေက ဘယ်ကို ရောက်နေမည်လဲ။ အနီးအနားမှာ ကျွန်တော်နှင့် ကိုငါးမူး ရှိနေသော်လည်း သိမှသိရဲ့လား။ သူ့

mgyoe.com

mgyoe.com SAMPLE BOOK

မျက်လုံးတွေ ပိတ်လိုက်ဖွင့်လိုက်။ တစ်ယောက်တည်း တတွတ်တွတ် ပြောနေလိုက်။ ကျွန်တော့်အနားမှာ လူနှစ်ယောက် ရှိနေကြသည်။ တစ်ယောက်က ဆွံ့အ စကား မပြောနိုင်။ နောက်တစ်ယောက်ကျတော့ စကားတွေပြောနေပေမယ့် အဆက်အစပ် မရှိ ဘာတွေပြောနေမှန်းလည်း မသိ။ ကျွန်တော်လည်း စိတ်ပျက်သွားပြီး အိမ်ကို ပြန်လာခဲ့ရသည်။

နေ့လယ်ခင်းအချိန်မှာ ဖိုးသောင်းတို့နှင့် ကျောက်ဒိုးပစ်ဖို့ မန်ကျီးပင်ကြီးအောက်ကို ရောက်သွားခဲ့ပြန်သည်။ အမှန်တော့ ကျောက်ဒိုးပစ်တာထက် ကိုအောင်ဝင်းရဲ့ အခြေအနေကို သိချင်ကြလို့ပါ။ ကျွန်တော်တို့မှာလည်း လောလောလတ်လတ် စိတ်ဝင်စားစရာဆို၍ ဒါပဲ ရှိသည်ကိုး။ မနက်က တွေ့တဲ့နေရာမှာပဲ ဖင်တစ်ခြမ်းတောင် မရွေ့ဘဲ ထိုင်နေသည့် ကိုအောင်ဝင်းကို တွေ့လိုက်ရလို့ အံ့ဩသွားရသည်။

"မနက်တုန်းကတည်းက ဒီလိုကြီး ငုတ်တုတ်ထိုင်နေတာကွ"

ကျွန်တော့်ကို မျက်လုံးဖြူပြီး ဖိုးသောင်း ကြည့်လိုက်သည်။

"ချီးယို သေးပေါက်လေးတော့ လုပ်မှာပါကွာ၊ တစ်နေ့လုံး ထိုင်နေရင် သေသွားမှာပေါ့ဟ"

"ဗိုက်ထဲမှာ အစာမရှိဘဲနဲ့ ချီးယိုလို့ မရဘူး ဖိုးသောင်းရ"

ကြားဖြတ်ပြောလိုက်သည့် ဘထွန်းကို ဖိုးသောင်းက-

"မနေ့တုန်းက ရေတွေနင်းကန်သောက်ပြီး ထမင်းတွေလည်း စားထားတာလေ"

ဘထွန်း ဘာပြောရမှန်းမသိ ဖြစ်သွား၏။ နောက်တော့ ကျွန်တော်တို့ အချင်းချင်း အငြင်းအခုန်တွေ ဖြစ်ကုန်ကြရော။ အရူးဖြစ်နေလို့ ချီးယိုတာ၊ သေးပေါက်ရမှာကို မသိနိုင်ဘူးတဲ့။ နောက်တစ်ယောက်ကတော့ ဗိုက်ထဲက ထမင်းတွေ ချီးမဖြစ်သေးလို့တဲ့။ ကျွန်တော်တို့ခမျာ ကျောက်ဒိုး မပစ်နိုင်ကြသေးဘဲ အရူး ကိုအောင်ဝင်း၏ ချီးယို သေးပေါက်ခြင်းကိစ္စကိုပဲ အရေးတကြီး ပြောဆိုငြင်းခုန်နေကြပြန်ပါရော။ အရူး ကိုအောင်ဝင်းက အခင်းကြီး အခင်းလေးသွားလျှင် အိမ်သာရှိတဲ့နေရာမှာ သွားတာတဲ့။ ထရံစုတ်ကာထားသည့် အိမ်သာကိုကြည့်ပြီး ငါးမူးနှင့်အိမ်သာက အရမ်းညစ်ပတ်တယ်လို့ ပြောသတဲ့။ ဒါတွေကို နောက်မှ ကိုငါးမူး ပြောပြလို့ သိရတာပါ။ ကျွန်တော်တို့လည်း အဖြေရှာမရ၍ကို ငြင်းခုန်မနေကြတော့ဘဲ ကျောက်ဒိုးပစ်နေကြသည်။

mgyoe.com

နာရီဝက်လောက်အကြာမှာပေါ့၊ ကိုအောင်ဝင်းဆီက သီချင်းဆိုသံ ထွက်လာလို့ အံ့ဩသွားသည်။ ကျောက်ဒိုးပစ်တာ မေ့သွားပြီး သူ့ကိုပဲ ကျွန်တော်တို့ ဝိုင်းကြည့်နေကြသည်။ အင်္ဂလိပ်သီချင်း ဆိုနေတာမို့ ကျွန်တော်တို့ နားမလည်။ သီချင်းဆိုရင်းဖြင့် ဆန့်ထားသည့် သူ့ခြေထောက်တွေ လှုပ်တုတ်လှုပ်တုတ်၊ မန်ကျီးပင်ကို မှီထားသည့် သူ့ခန္ဓာကိုယ်အပေါ်ပိုင်းက တွန့်လိမ်နေလျက်။ သူ့ပခုံးနှစ်ဖက်ကလည်း အထက်နှင့် အောက်ကို နိမ့်ချီမြင့်ချီ။ အထူးအဆန်းမို့ ကျွန်တော်တို့ တဟားဟား ရယ်မိကြသည်။ ကိုအောင်ဝင်းကတော့ ကျွန်တော်တို့ ရယ်သံတွေကို သိဟန်မတူ။ သူ့စိတ်အာရုံတွေ သူ့သီချင်းနှင့်အတူ ကမ္ဘာလောကတစ်ခုဆီသို့ ရောက်နေသည်။ အယ် - ဘယ်လိုဖြစ်သွားတာပါလိမ့်၊ ကိုအောင်ဝင်းကိုကြည့်ရင်းဖြင့် သူ့လှုပ်ရှားမှုနှင့် တေးသီချင်းက ကျွန်တော်တို့ရင်ထဲကို မသိမသာ ကူးဝင်လာခဲ့လေပြီ။

အောင်မင်းက ပေါးပေါးအော်ရင်း ကပါလေတော့သည်။ ခြေထောက်တွေ လက်တွေရမ်းခါပြီး ကိုးရိုးကားယားလုပ်နေသည့် ဒီကောင်ကို ကြည့်ရင်း ဝိုင်းရယ်ကြသည်။ သို့ရာတွင် ကျွန်တော်တို့လည်း ရယ်မောရင်းဖြင့် အောင်မင်းလို ဖြစ်ကုန်ကြသည်။ သည်မှာပင် ကိုအောင်ဝင်းက သီချင်းဆိုရင်းဖြင့် ဝုန်းဆို မတ်တတ်ထပြီး ရပ်လိုက်သည်။ ပြီးမှ ကျွန်တော်တို့ တစ်ခါမှမမြင်ဘူးသည့် အကတွေ။

ကျွန်တော်တို့လည်း ကိုရိုးကားယား လုပ်နေတာတွေကို ရပ်လိုက်ပြီး သူ့ကို တအံ့တဩ ငေးစိုက်ကြည့်နေမိကြသည်။ ကြမ်းခင်းထားသည့် ဇရပ်ပေါ်မှာ ဖြစ်ပေမယ့် သူ့ကိုယ်သူ ဇာတ်ခုံပေါ်ကို ရောက်နေသည်ဟု ထင်နေသလား မပြောတတ်ပါ။ ရှာန်ဝင်စားသွားပြီး ဂီတသီချင်းတွေထဲမှာ စီးမျောသွားခဲ့လေပြီ။ သီချင်းဆိုရင်းဖြင့် စည်းချက်ညီညီ လှုပ်ရှားနေသည့် ခြေထောက်အရွေ့တွေ။ အနည်းငယ်ယိမ်းနေသည့် သူ့ခန္ဓာကိုယ် အပေါ်ပိုင်းမှာတော့ လက်နှစ်ဖက်ကလည်း ကွေးလိုက် ဆန့်လိုက် ညွတ်လိုက်နှင့်။ သဘောကျလိုက်တာ။ ငေးမောကြည့်ရင်း သူ့အကတွေက ဝိညာဉ်တစ်ခုလို ကျွန်တော်တို့ဆီသို့ ပူးကပ်လာခဲ့သည်။ ဆတ်ခနဲ ဆတ်ခနဲ လှုပ်ခါသွားသည့် ကျွန်တော့်ခြေထောက်တွေ၊ လက်တွေနှင့် ခန္ဓာကိုယ်ကလည်း ယိမ်းယိမ်းယိုင်ယိုင်။ သတိမထားလိုက်မိဘဲ ကိုအောင်ဝင်းကိုကြည့်ရင်း သူ့လိုပဲ ကျွန်တော် ကနေမိသည်။ ဖိုးသောင်းလည်း ကသည်။ ဘထွန်းနှင့် အောင်မင်းလည်း ကနေကြသည်။ ကရင်းဖြင့် စိတ်တွေ လွတ်လပ်ပေါ့ပါးသွားပြီး စကြဝဠာထဲမှာ လွတ်လွတ်လပ်လပ်ကြီး လွင့်မျောနေမိသလိုလို ခံစားလိုက်ရသည်။ အဖော်မပါ

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ယောက်တည်း ဖြစ်နေပေမယ့် ကြောက်လန့်စိတ်တွေလည်း မရှိ။ ကျွန်တော် ဟာ စကြာဝဠာထဲမှာ ပျံသန်းနေတဲ့ ငှက်တစ်ကောင်လား။ အေးမြဝင်းပနေသည့် လမင်းကြီးအနားကို ကျွန်တော် ရောက်သွားသည်။ တဖျတ်ဖျတ် ဖိတ်လက်တောက် ပနေသည့် ကြယ်ကလေးတွေ။ နဂါးငွေ့တန်းကြီးက စကြဝဠာထဲမှာ လွင့်မျောနေ တာလား။ ဒါဟာ ကျွန်တော့်ရဲ့ သီးခြားရပ်တည်နေတဲ့ ကျွန်တော်ရဲ့ ကိုယ်ပိုင်ကမ္ဘာ တစ်ခုပါ။

အခိုက်အတန့်လေးပဲ ခံစားလိုက်ရပေမယ့် ကျွန်တော့်ရင်တစ်ခုလုံး ပွင့် ထွက်သွားမတတ် ဖြစ်သွားတဲ့အထိ ပျော်လိုက်တာလေ။ ပျော်လိုက်တာ။ကခုန်ပြီး တော့ ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေရွဲနစ်နေသည်။ သို့သော်လည်း ကျွန်တော်တို့ အားလုံး မပင်ပန်းကြသည့်အပြင် ပေါ့ပါးပျော်ရွှင်နေဆဲ။ ကျွန်တော်တို့၏ အမြင်တွေ၊ ခံစားမှုတွေ ပြောင်းလဲသွားခဲ့ပါပြီ။ ကိုအောင်ဝင်းဟာ ကြောက်စရာကောင်းသည့် အရူးတစ်ယောက်မဟုတ်၊ ချစ်စရာကောင်းသည့် သူငယ်ချင်းပါ။ နေ့တိုင်း အချိန် အားသည်နှင့် သူတို့ဆီကို သွားမည်။ ကိုငါးမူးနှင့် စကားပြောမည်။ ကိုအောင်ဝင်း နှင့် အတူကမည်။။ ညနေစောင်း အိမ်ပြန်လာကြသည့် ကျွန်တော်တို့တစ်တွေ ခုန်ပေါက် မြူးပျော်နေကြ၏။ ဖိုးသောင်းက အရှိန်မကုန်သေး၍ ရှေ့ကနေပြီး သွားရင်းဖြင့် ကလိုက်ခုန်လိုက်၊ တွန့်လိုက်ကွေးလိုက်။ ကျွန်တော်တို့ကလည်း ဒီကောင့်ကိုကြည့်ပြီး တဟားဟား ရယ်ကြတာလေ။ သို့ရာတွင် ကျွန်တော်တို့၏ လွတ်လပ်သည့် ပျော်ရွှင်မှုသည် မကြာခင် စိုးရိမ်စရာဖြစ်လာမည်ကို သတိမပြုမိ ခဲ့ကြ။

လူတွေကလည်း စိတ်ပျက်စရာကောင်းသည်။ နှစ်ရက်ကြာတော့ အဖေ လည်း အရာတော်က ပြန်ရောက်လာခဲ့သည်။ ကိုငါးမူးအိမ်မှာ ကိုအောင်ဝင်း ရောက်လာသည့်အကြောင်းကို အမေက ပြောပြထားသည်။ အိမ်ရှင်က ကျေနပ်၍ လက်ခံထားတာမို့ ပြဿနာမရှိ၊ သို့ရာတွင် အဖေတွေးသလို မဟုတ်ပေ။ နောက်တစ် ရက်မှာ ကျေးရွာကောင်စီဥက္ကဋ္ဌ ကိုပေါတင်နှင့် ရွာထဲကလူအချို့ ရောက်လာကြသည်။ ကိုအောင်ဝင်းကို ရွာက နှင်ထုတ်ပေးဖို့တဲ့။ ရွာကို ဘယ်ကမှန်းမသိ အရူးရောက်လာ တာ ရွာနာလို့တဲ့။ ကိုအောင်ဝင်း ရောက်လာသည့်နေ့မှစပြီး ကလေးတွေ ညတိုင်း ကြောက်အားလန့်အား ငိုကြတာတဲ့။ ပြီးတော့ ကိုအောင်ဝင်းနှင့် တွေ့ခဲ့ကြသည့် ကျွန်တော်တို့တတွေလည်း မကောင်းဆိုးရွား အပူးခံရပြီး အရူးတွေလိုခုန်ပေါက် ပြေးလွှားလာခဲ့ကြတာတဲ့။ အဖေ အံ့အားသင့်သွား၏။ မည်သူကစလိုက်မှန်းမသိ

mgyoe.com

mgyoe.com SAMPLE BOOK

သော်လည်း ပြဿနာက ရွာထဲမှာ နည်းနည်းလှုပ်နေပါပကော။ ကိုအောင်ကြည်တို့ ညီအကိုကလည်း ကိုအောင်ဝင်းကို ရိုက်လွှတ်ပြီး ရွာကနှင်ထုတ်ဖို့ ပြင်နေကြပြီတဲ့။

ကိုအောင်ကြည်နှင့် သူ့ညီ ကိုအောင်ထိတို့က တစ်ဇောက်ကန်းတွေ။ အစဉ်းစား အဆင်ခြင်မရှိဘဲ နံဘေးကပြောသမျှတွေကို ယုံလွယ်ကြသူတွေဖြစ်သည်။ သူတို့မှာ မလှညိုဆိုသည့် ညီမလေးတစ်ယောက်ရှိသည်။ သူတို့အမေ ဆုံးသွားတာကြာပါပြီ။ သူတို့အဖေကတော့ ရိုးရိုးအေးအေး။ နေ့စဉ်နေ့တိုင်း ယာတောမှာပဲရှိသည်။ သားနှစ်ယောက်ရှိသော်လည်း ကူညီဖော်မရ၍ တစ်ယောက်တည်း ပင်ပင်ပန်းပန်း လုပ်ကိုင်နေရ၏။ မလှညိုလည်း တတ်နိုင်သလောက် သူ့အဖေကို အကူအညီပေးသည်။ တောသူတောင်သားဖြစ်၍ အားရနားရသည်ဟူ၍ မရှိပါ။ သူတို့အဘွားကတော့ အိမ်မှာနေရင်း ကျီးစောင့် ကြက်နှင်ပေါ့။

ညီအစ်ကိုနှစ်ယောက်စလုံး အသက်သုံးဆယ်လောက်ရှိပြီး ထစ်ခနဲဆိုဓားကပါပြီးသားမို့ ကောင်စီဥက္ကဋ္ဌ ကိုပေါတင်လည်း ကြံရာမရဖြင့် အဖေ့ဆီကိုပြေးလာခဲ့ရသည်။ ကိုအောင်ကြည်တို့ညီအစ်ကိုကလည်း အဖေ့ကိုတော့ လန့်သည်။ မျက်မှောင်ကြုံ့ရင်း အဖေစဉ်းစားနေ၏။ ပြဿနာက ပေါ့သေးသေးမဟုတ်သလို မဖြေရှင်းနိုင်လျှင် သွေးထွက်သံယို ဖြစ်သွားနိုင်သည်ကိုး။

"မင်းတို့ပြောသလို ဟုတ် မဟုတ် ငါ သွားပြီး စုံစမ်းလိုက်ဦးမယ်"

အဖေက မယုတ်မလွန်ပြောလိုက်၍ အားလုံးငြိမ်ကျသွားသည်။ သိပ်တော့မကျေနပ်ကြ။ ညနေစောင်းချိန် အဖေက ကျွန်တော့်ကိုခေါ်ပြီး ကိုငါးမူးတို့အိမ်ကိုထွက်လာခဲ့သည်။ ကျွန်တော်ကလည်း အစကတည်းက လိုက်ချင်ချင်ဖြစ်နေ၍ဝမ်းသာသွား၏။

"မောင်ကျော်မြင့် နေကောင်းရဲ့လားကွ"

ကိုငါးမူးကို မေးလိုက်သော်လည်း အဖေ့မျက်လုံးတွေက ဇရပ်ကတုံးပေါ်မှာ မလှုပ်မရှက်ထိုင်နေသည့် ကိုအောင်ဝင်းဆီကို ရောက်နေသည်။

"အွတ်အွန်းအွန်း"

မတ်တတ်ရပ်ပြီး ခါးကလေးညွတ်ရင်း အဖေ့ကို ပြန်နှုတ်ဆက်လိုက်ပေမယ့် ကိုငါးမူးမျက်လုံးထဲတွင် စိုးရိမ်စိတ်တွေ ယှက်သန်းနေလျက်။ အကြောင်းကိစ္စမရှိဘဲ အဖေနှင့် ကျွန်တော် ရောက်မလာမှန်း ရိပ်မိလိုက်သည်။

ဇရပ်ကြမ်းပြင်အနားထိ အဖေ တိုးကပ်သွားခဲ့၏။ ကိုအောင်ဝင်းကတော့

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အနားကို လူတစ်ယောက် ရောက်လာသည်ကိုလည်း သတိပြုမိပုံမရ။ သူ့စိတ်အာရုံက တခြားတစ်နေရာကို ရောက်နေသလား မသိ။ အင်း ဘယ်လိုဖြစ်ရတာပါလိမ့် သနားစရာကလေးပဲ တိုးတိုးရေရွတ်လိုက်သည့် အဖေ့အသံကို ကြားလိုက်ရသည်။ လေးငါးမိနစ်ခန့်အကြာ မောင်ကျော်မြင့်ရေ ပြန်ဦးမဟေ့ဟု နှုတ်ဆက်ပြီး လှည့်ပြန်၍ ကျွန်တော်လည်း ကသောကမျောနှင့် အဖေ့နောက်မှ လိုက်လာခဲ့ရသည်။ လမ်းတစ်လျှောက်လုံး တစ်ခုခုစဉ်းစားနေသလို လုပ်နေသည့် အဖေ့ကို စိတ်ပျက်သွားသည်။ တကယ်ဆို ကိုအောင်ဝင်းအကြောင်း ကျွန်တော့်ကို မေးပါရော့လား။ ကိုအောင်ဝင်းဟာ ရွာထဲကလူတွေထင်သလို မဟုတ်ကြောင်း ဘယ်သူ့ကိုမှ အန္တရာယ်မပေးဘဲ အေးအေးဆေးဆေးနေကြောင်း စသဖြင့် ကျွန်တော် သိသမျှတွေကို ပြောပြဖို့ စိတ်ကူးထားသည်။ ယခုတော့ အဖေက ကျွန်တော့်အား အရေးလုပ်ပြီး မေးမြန်းဖော်မရ။ အိမ်အနားလေး ရောက်ခါနီးတော့မှ-

"သိန်းနိုင်ရေ မင့်ဆရာလေးကို သွားခေါ် ချေဦး၊ ငါက တွေ့ချင်လို့ ခဏလောက် ကြွခဲ့ပါဦးလို့ သေချာပြောလိုက်နော်"

သို့ဖြင့် ကျွန်တော်လည်း ဆရာလေးဆီကို အမြန်ပြေးရပါတော့သည်။ ဆရာလေးက အိမ်ထောင်မရှိ၍ ကျောင်းစာကြည့်တိုက်နံဘေးက အခန်းလေးထဲမှာ နေသည်။ ဆရာလေးလည်း ကျွန်တော်နဲ့အတူ ချက်ချင်း လိုက်လာခဲ့သည်။ အဖေနှင့် ဆရာလေးက တချို့နေရာတွေမှာ သဘောထားမတူပေမယ့် တိုင်တိုင်ပင်ပင် ရှိကြသည်။ ကိုအောင်ဝင်းအတွက် ကျွန်တော် ရင်ပူနေရပြီ။ ရွာမှနှင်ထုတ်ဖို့ ဆုံးဖြတ်မှာ စိုးရိမ်သည်။

"ဒီကလေးက ပင်ကိုယ်ရူးတာ မဖြစ်လောက်ဘူးထင်တယ် ဆရာစန်း။ ရုပ်ရည်ကလည်း သန့်သန့်ပြန့်ပြန့်နဲ့။ ဝတ်စားထားပုံကလည်း မြို့နေတဲ့သူတွေရဲ့ ပုံစံမျိုးပဲ"

ဆရာလေး ခေါင်းညိတ်ပြလိုက်၏။ မနေ့တုန်းက ကိုအောင်ဝင်းကို ဆရာလေး တွေ့ပြီးပြီတဲ့။

"ဟုတ်တယ် ဦးကြီးစိန်၊ မျက်နှာမှာ ဒဏ်ရာကြီးနဲ့ ရောက်လာတယ်ဆိုတော့ အကြောင်းတစ်ခုခုတော့ ရှိပါလိမ့်မယ်။ ကျွန်တော်နဲ့ အင်္ဂလိပ်လို နည်းနည်းပါးပါး ပြောလိုက်ကြသေးတယ်။ အသံထွက် တော်တော်ကောင်းတာ။ ခေါင်းမှာ ထိခိုက်လာလို့ တခဏ စိတ်နောက်သွားရတာလား မသိဘူးပေါ့"

"ဟုတ်တယ် ဆရာလေးလိုပဲ ကျွန်တော် တွေးနေမိတယ်။ ဘာပဲဖြစ်ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ့လေ ကိုယ့်ဆီကို ရောက်လာတဲ့သူကို အထင်မှားပြီး မထိခိုက်ရအောင် တတ်နိုင်သမျှ ကာကွယ်ပေးကြရမှာပဲ”

ကျွန်တော် ပျော်သွားသည်။ ကိုအောင်ဝင်းအတွက် စိတ်ပူပန်ရတာတွေ လွင့်စင်သွားခဲ့ပြီး နောက်တစ်နေ့ရောက်တော့ အဖေက ရှင်းရှင်းပြတ်ပြတ် ပြောလိုက်သည်။ ကိုအောင်ဝင်းဟာ တချို့ ထင်နေသလို မဟုတ်ကြောင်း၊ ခေါင်းကို ထိခိုက်မိ၍ တခဏ စိတ်နောက်သလိုဖြစ်နေကြောင်းနှင့်-

“ငါ အာမခံရဲတယ်ကွာ သူ့ကြောင့် တို့ရွာမှာ ဘာမှမဖြစ်စေရဘူး။ ဟုတ်ပြီနော်”

ရောက်လာကြသူတွေက သိပ်မကျေနပ်ချင်။ သို့သော်လည်း ထပ်ပြီး အတွန့်မတက်ကြတော့ဘဲ ပြန်သွားကြသည်။ အဲသည်တော့မှ ရွာကောင်စီဥက္ကဋ္ဌ ကိုပေါ်တင်လည်း သက်ပြင်းချနိုင်တော့သည်။ အံ့ဩစရာက ကိုအောင်ဝင်းအတွက် ငါ အာမခံတယ်ဟု ပြောပြီးကတည်းက ညမှာ ကလေးတွေ လန့်ငိုတယ်တို့၊ ဘာတို့ မရှိတော့။

“လူတွေကလည်း ထင်ရာမြင်ရာနဲ့ ခက်လိုက်တာကွယ်။ အမေတော့ မောင်ကျော်မြင့်နဲ့ ခဏစိတ်နောက်သွားရှာတဲ့ ကလေးအတွက် စိတ်ပူမိတယ်”

အမေ့ကို ကျွန်တော် ငေးကြည့်နေမိသည်။ ကိုငါးမူးနှင့် ကိုအောင်ဝင်းက ကျွန်တော့်သူငယ်ချင်းတွေပါ။ အမေပြောလိုက်၍ ကျွန်တော်လည်း ဘာမှန်းမသိဘဲ အလိုလို စိတ်ပူသွားရသည်။ စဉ်းစားဆင်ခြင်မှု အားနည်းသူတို့အတွက် ငြိတွယ်နေသည့် စွဲလန်းမှုတွေက နတ်ဆိုးတစ်ကောင်နှင့်မခြား အချိန်မရွေး အန္တရာယ်ပေးနိုင်သည်။ ထိုညက ကျွန်တော် ချက်ချင်းအိပ်မပျော်၊ ကိုအောင်ဝင်းအတွက် ကြောင့်ကျနေမိသည်။ ထို့ပြင် သူ့အကြောင်းကိုတွေးရင်း ကိုငါးမူးကလည်း ကျွန်တော့် စိတ်အာရုံထဲသို့ အလိုလို ရောက်လာခဲ့ပြန်သည်။ ကျွန်တော်ရယ်၊ ကိုငါးမူးရယ်၊ ကိုအောင်ဝင်းရယ်။ ကျွန်တော်တို့သုံးယောက်၏ သံယောဇဉ် အနှောင်အဖွဲ့သည် တစ်နေ့ထက်တစ်နေ့ ခိုင်မာလာခဲ့လေပြီ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

ကျွန်တော့်မျက်လုံးထဲမှာ ကိုအောင်ကြည်တို့ ညီအကိုနှစ်ယောက်ကို ပြေးမြင်ယောင်သွား၏။ သူတို့က ကိုငါးမူးကို မုန်းနေသလို ကိုအောင်ဝင်းကိုလည်း သဘောကျမည်မထင်။ ကိုငါးမူးက သူတို့နှင့် အဆက်အစပ်မရှိဘဲ ဘာဖြစ်လို့မုန်းနေရတာလဲ။ သည်အတွက် အဖြေရခက်သည်။ ဆွံ့အ စကားမပြောနိုင်၊ ကိုယ့်အလုပ်ကလေးနှင့်ကိုယ် ရိုးရိုးသားသား ရှာဖွေစားသောက်နေရှာသည့် ကိုငါးမူးသည် သူတို့မျက်စိထဲမှာတော့ အထင်သေးစရာ ဖြစ်နေခဲ့၏။

ကိုငါးမူးက ထန်းရည်သောက်ပြီး မိုက်သွေးပြနေသည့် သူတို့ကို ကြောက်ရွံ့၍ ခပ်ဝေးဝေးက ရှောင်နေရသူ။ အဲဒါသည်ပဲ အပြစ်တစ်ခုလို ဖြစ်သွားခဲ့ပြီး ကိုငါးမူးခမျာ သူတို့ညီအစ်ကိုမျက်လုံးထဲတွင် အကောင်းမမြင်နိုင်ကြတော့။

အမှန်တော့ သူတို့၏ တစ်ဖက်သားအပေါ် ချစ်ခြင်းမုန်းခြင်းသည် သူတို့နှင့် နီးခြင်းဝေးခြင်း အပေါ်မှာပဲ မူတည်နေလျက်ရှိသည်။ သူတို့ကလည်း တကယ့်ကို မလွယ်တဲ့သူတွေ။ ထန်းရည်မူးလာလျှင် သွေးကြွလာ၏။ နွားကုန်းသားကို လာမစမ်းနဲ့ဆိုပြီး အသားလွတ်ကြီး ကြိမ်းဝါးနေတတ်၏။ ဘယ်သူက သူတို့ကို လာစမ်းလို့တုန်း။ ကျွန်တော်တို့ကလေးတွေကလည်း သူတို့ကို မြင်လိုက်ကတည်းက လွတ်အောင် ရှောင်ကြရစမြဲ။

ဖိုးသောင်းနှင့် ဘထွန်းကတော့ သူတို့ညီအကိုနှစ်ယောက်ကို မုန်းကိုမုန်း

mgyoe.com

mgyoe.com SAMPLE BOOK

နေကြ၏။ ဖျောက်ဆိပ်ပင်ကြီးက သရဲအလိုက်ခံရသည့်သတင်း ပျံ့သွားပြီးနောက် တစ်ရက်မှာ ဒီကောင်တွေ ကံဆိုးချင်တော့ ကိုအောင်ကြည် ထန်းရည်မူးလာတာနှင့် တည့်တည့်တိုးမိသွား၏။

"မင်းတို့ နွားကုန်းသား မဟုတ်တာကျနေတာပဲ သတ္တိမရှိဘူးလား၊ အလကားကောင်တွေ" ဟု အသားလွှတ်ကြီး အဆူခံလိုက်ရ၍ မကျေနပ်ကြ။

"ငါရိုးမသားကြီး ငါတို့ကိုပဲ ဆူနေတယ်၊ သူ တကယ်သတ္တိရှိရင် ညကျ ဖျောက်ဆိပ်ပင်ကြီးဆီကို တစ်ယောက်တည်း သွားကြည့်ပါလား။'

ဖိုးသောင်း၏ ဒေါသတွေက ကျွန်တော်နှင့် ဘထွန်းဆီသို့ ကူးစက်သွားသည်။

"မကြောက်လို့ရမလားကွ။ အထင်အရှားတွေ့ရင် ဓားနဲ့ခုတ်လို့ ရသေးတယ်။ ဘာမှမမြင်ရတော့ ငါတို့က ဘယ်လိုပြန်လုပ်လို့မှ မရဘဲ။ အလကားလူကြီးကွာ သူတို့သတ္တိမရှိတာကို မသိစေချင်လို့ ငါတို့ကို ဆူနေတာ"

ပြောရင်းဖြင့် ဘထွန်းလည်း စိတ်တိုသွားသည်။ သည်လိုနှင့် မကျေနပ်တာတွေ တစ်ယောက်တစ်ခွန်း ပြောကြရင်း ပြောစရာတွေ ကုန်သွားပြီး ဘာလုပ်ရမှန်းမသိ။

"ကြက်ပေါင်ကွင်း ပစ်ကြရအောင်ကွာ" အောင်မင်းက ပြောလိုက်၍ ကျွန်တော်တို့လည်း ထန်းရည်မူးသမားနှစ်ယောက်ကို မေ့လျော့သွားကြသည်။ နေ့စဉ်နေ့တိုင်း မန်ကျည်းပင်အောက်မှာ မျိုးစုံအောင် ဆော့ကြသည်။ ကျောက်ဒိုးပစ်၊ ဂျင်ပေါက်၊ ကြက်ပေါင်ကွင်းပစ် ကစားနည်းတွေကလည်း စုံလင်သလို ကစားစရာ ပစ္စည်းတွေကိုလည်း ခါးပိုက်ထဲမှာ သိမ်းကျုံး၍ ထည့်လာခဲ့ကြသည်။ ကျွန်တော်တို့ရွာကို လူမိုက်ရွာတဲ့။ ကိုအောင်ကြည်တို့ကြောင့် အပြောခံရတာလား မသိ။ ကျွန်တော်တို့ရွာမှာလည်း ကိုအောင်ကြည်တို့လို လူတွေကလည်း ပေါမှပေါ။ ဘုရားပွဲမှာ ရန်ဖြစ်ပြီဆိုမှဖြင့် နွားကုန်းကပါပဲ။ ရုံးရောက်၊ ဂတ်ရောက်ကြ၍ နွားကုန်းနှင့် ဘယ်ရွာ ရန်ဖြစ်ကြတာလဲအထိ အမေးခံရသည်။ ရန်ပွဲမှန်သမျှ နွားကုန်းသည် ပင်တိုင်ဇာတ်လိုက်ဖြစ်သည်။ နွားကုန်းနှင့် တည့်သည့်ရွာဆို၍ ရှိမည်မထင်။ ဘောလုံးပြိုင်ပွဲမှာ နွားကုန်းနှင့် မကန်ချင်ကြ။ ရှုံးတာနှင့် ရန်ဖြစ်တာမို့တဲ့။ သို့ကလိုပဲ နွားကုန်း၏ သတင်းက သင်းသင်းမွှေးလှသည်။ ကျေးရွာပေါင်းစုံ မြို့နယ်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲမှာ နွားကုန်း ကန်မည့်နေ့ဆိုလျှင် ရဲတွေ အများကြီး အစောင့်ချထားရတာကော။

mgyoe.com

mgyoe.com SAMPLE BOOK

နွားကုန်းရွာသားတွေ ဘောလုံးကွင်းထဲ မဝင်ခင် စစ်ဆေးပြီး လှို့ဝှက်ယူလာသည့် ဓားတွေ၊ တုတ်တွေ သိမ်းဆည်းမိတာတွေကလည်း မနည်းလှ။ ဂုန်နီအိတ်သုံးလုံးစာ ရသည်။ နွားကုန်းသားသည် တုတ်တွေကို အဓိက လက်နက်အဖြစ် အသုံးပြုသည်။ တုတ်ဆိုသော်လည်း သာမန်ညောင်ည မဟုတ်။ ရှားနှစ်သားကို သေသေချာ ကျကျနနလုပ်ထားသည့် တုတ်တွေ။ တစ်ချက်ရိုက်ထည့်လိုက်လို့တော့ ခွပ်ခနဲ အသံနှင့်အတူ သွေးတွေဖျာဆင်းပြီး ပုံကျသွားနိုင်သည်။ လက်ဆလက်နကလည်း ကောင်းလိုက်ပါဘိ။ ထို့ကြောင့် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲရောက်တိုင်း အဖေလည်း ခေါင်းကြီးနေ၏။ ကိုယ့်ရွာကို မနည်းထိမ်းနေရ၍ စိတ်ညစ်သည်။ နွားကုန်းဘောလုံးအသင်း အုပ်စုထဲမှာပဲ မြန်မြန်ပြုတ်သွားဖို့ ဆုတောင်းနေရသည်ဟူ၏။

ကျွန်တော်တို့ရွာကလည်း မကောင်း၊ ဘောလုံးပွဲမှာ ရှုံးလျှင်လည်း ရန်ဖြစ်သလို နိုင်လျှင်လည်း ပြိုင်ဘက်အသင်းကို ရန်စတတ်သည်။ တစ်နှစ်တုန်းက ဖော့တောနှင့် ဘောလုံးကန်တော့ ရှားရှားပါးပါး တစ်ဂိုး ဂိုးမရှိဖြင့် နိုင်လိုက်သည်။ နွားကုန်းသားတွေ ပျော်မဆုံးပြီ။ ခက်တာက နိုင်လျှင်လည်း ပျော်ပျော်ရွှင်ရွှင်နှင့် ရွာကိုမပြန်။ မဆယ်မိပေါ့။ ဘောလုံးပွဲလည်းပြီးရော သူဝတ်ထားသည့် ထဘီကို ချွတ်ပြီး တစ်ယောက်တည်း ကရင်ဒုံးယိမ်းကပြီး အောင်ပွဲခံတော့သည်။

မဆယ်မိသည် ငါတို့ရွာနိုင်ရင် ထဘီချွတ်ကမှာဟု ကြိမ်းဝါးပြီး ဘောလုံးပွဲလာကတည်းက ထဘီနှစ်ထပ် ဝတ်လာခဲ့သည်။ ဘောလုံးပွဲနိုင်၍ပျော်ပြီး သူ့ဘာသာကပြတာ ဘာမှမဖြစ်ပေမယ့် ရှုံးသည့် ဖော့တော့ရွာ ဘောလုံးအသင်းအနီးသို့ တမင်သက်သက်သွားပြီး ကပြ အသုံးတော်ခံလိုက်သမို့ ဖော့တောရွာသားတွေ မခံမရပ်နိုင် ဖြစ်ကုန်ကြသည်။

ဆဲစကားမျိုးစုံဖြင့် ဝိုင်းအော် ကလော်တုတ်ကြသည်။ မဆယ်မိက မဖြုံရေးချ မဖြုံ။ အဲသည် ဆဲစကားတွေကိုပဲ သီချင်းလုပ်ပြီး ဆိုလိုက်သေး၏။

သည်မှာပင် ဖော့တောရွာသားတွေ ဒေါသူပုန်ထပြီး မဆယ်မိဆီကို ပြေးသွားကြသည်။ မိလိုက်လို့တော့ မသက်သာ။

မဆယ်မိလည်း ခေါင်းပေါ်မှာ ထဘီကြီးတရမ်းရမ်းနှင့် အိုလံပစ် မီးရှူးတိုင်ကြီး သယ်လာသည့်နှယ် ဘောလုံးကွင်းထဲကို ပတ်ပြေးသည်။ သူက ရှေ့ကပြေး၊ သူ့နောက်မှာ တုတ်တွေကိုင်ပြီး လိုက်နေကြသည့် ဖော့တောရွာသားတွေ။

ဘောလုံးပွဲပြီး၍ အေးအေးဆေးဆေးဖြင့် ကွင်းထဲမှ ထွက်လာကြစဉ်

mgyoe.com

mgyoe.com SAMPLE BOOK

သည်အဖြစ်အပျက်ကို မြင်လိုက်ရ၍ အားလုံး အံ့အားသင့်သွားကြသည်။ ချက်ချင်းဆိုသလို ဆယ်မိကို ဖော့တောရွာသားတွေ လိုက်ရိုက်နေတယ်ဆိုသည့် အော်သံသည် ဘောလုံးကွင်းအပြင်ဘက်ကို ရောက်လုလု နှောကုန်းရွာသားတွေရဲ့ ခြေလှမ်းတွေကို တုန့်ခနဲ ဖြစ်သွားစေ၏။ သွေးတွေလည်း ဆူပွက်သွား၏။ ဟယ်- တို့ရွာသူကို အနိုင်ကျင့်လို့ ရရိုးလားဟု အတွေးဖြင့် ဒေါသတွေ ဝုန်းခနဲ ပေါက်ကွဲသွား၏။ တဖန် ဇာတိပုည ဂုဏ်မာနတွေကလည်း လျှံတက်သွား၏။ ဟော့ နှောကုန်းသားကွဘာမှတ်နေလဲ ဟစ်ကြွေးသံနှင့်အတူ မဆယ်မိနောက်ကို ဝိုင်းပြီး လိုက်နေကြသည့် ဖော့တောရွာသားတွေဆီကို အမြန်ပြေးသွားကြသည်။ မည်ကဲ့သို့ လုပ်လိုက်သည် မသိ။ နှောကုန်းရွာသားတွေလက်ထဲမှာ တုတ်တွေရောက်နေချေပြီ။ နှောကုန်းက လက်နက်ရော၊ လူအင်အားရော များနေ၍ ဖော့တောရွာသားတွေ တောင့်မခံနိုင်။ ရောက်ရာပေါက်ရာ ထွက်ပြေးကြရတော့သည်။

မမျှော်လင့်ဘဲ ကြုံလိုက်ရ၍ အဖေ မျက်လုံးပြူးသွားသည်။ သည်တစ်ခါတော့ အေးအေးဆေးဆေးဖြင့် ဘောလုံးပွဲပြီးသွားပြီဟု ထင်မှတ်နေရှာသည်ပဲ။ ရှေ့က ပြေးသူကပြေး၊ နောက်မှ လိုက်ရိုက်သူက ရိုက်။ ထိန်းလို့လည်းမနိုင်။ အားလုံး ဝရုန်းသုံးကား။ အားလုံး အေးအေးဆေးဆေးဖြစ်သွားသည့်အချိန်တွင် ဖော့တောရွာသား ဆယ်ယောက်ကျော် သွေးအလူးလူးနှင့် ဆေးရုံကိုရောက်သွားပြီး နှောကုန်းသားတွေလည်း အချုပ်ထဲသို့။ ပြဿနာဖြစ်အောင် မီးရှို့လိုက်သည့် မဆယ်မိကတော့ ဘယ်ပြေးလို့ ပြေးမှန်းကို မသိ၊ ရှာမတွေ့တော့။

ရန်ပွဲကြောင့် အဖေ့ခမျာ ဒေါသတွေ တရှူးရှူးထွက်နေလျက်။ လူပင်ပန်း၊ စိတ်ပင်ပန်းပြီး သူ့သိက္ခာလည်း ကျကုန်ရသည့်အဖြစ်။

"ထစ်ခနဲအသံကြားရတိုင်း နှောကုန်းပဲ။ မင်းတို့ရန်ဖြစ်တာကို ကောင်းတယ်များ မှတ်နေလား"

အဖေက လှိမ့်ဆူတော့ ရှေ့မှာ မျက်နှာသေတွေဖြင့် ထိုင်နေကြသည့် ကောင်စီဥက္ကဋ္ဌ ကိုပေါတင်လည်း ခေါင်းတပြင်းပြင်း ကုပ်သည်။

"ဘောလုံးပွဲကျင်းပတော့မယ့်သတင်း ကြားလိုက်ရတဲ့နေ့ကစပြီး ကျုပ်လည်း ရင်တထိတ်ထိတ်နဲ့ဗျာ၊ ညတိုင်း ဖြောင့်ဖြောင့်တန်းတန်းကို မအိပ်ရပါဘူး"

"ညည်းမနေနဲ့ကွာ၊ စိတ်ဖြောင့်လက်ဖြောင့် မအိပ်ရမစားရတာ မင်း တစ်ယောက်တည်းများ မှတ်နေလား"

အဖေက ငေါက်လိုက်၍ ကိုပေါတင်လည်း ငြိမ်သွားသည်။

mgyoe.com

mgyee.com

ကျွန်တော်တို့ရွာက အရာတော်နှင့် ခြောက်မိုင်ခန့်ဝေးပြီး အရာတော်မုံရွာ မော်တော်ကားလမ်းနံဘေးမှ တောင်ဘက်စူးစူးကို တစ်မိုင်လောက်သွားမှ ရောက်သည်။ ရွာကချောင်ကျပြီး တောင်သူနှင့် ထန်းသမားတွေချည်းမို့ ဆင်းရဲကြသည်။ အိမ်ကြီးအိမ်ကောင်းသိပ်မရှိဘဲ အများစုက ထန်းသားတိုင်ထူ ထန်းရွက်မိုးမြေစိုက်တဲကလေးတွေ။ အိမ်ခြေစုစုပေါင်း နှစ်ရာလောက်ရှိသည်။ ရွာတောင်ဘက်မှာ ကွေ့ပတ်နေသည့် သဲချောင်းကြီးက မိုးရာသီမှာ ချောင်းရေတွေ တဟုန်ထိုး ကျလာတတ်ပြီး အဲသည်ချောင်းရေတွေက မူးမြစ်ထဲကို စီးဆင်းသွားသည်။ သဲချောင်းဆိုသည့်အတိုင်း ဒေါသကြီးသည်။ တွေ့သမျှ ကမ်းပါးတွေကို ဖြိုချ တိုက်စားပစ်သည်။ မိုးကုန်သွားလျှင်တော့ အသက်မဲ့ဝိညာဉ်ဖြစ်သွားပြီး လောကဝန်းကျင်ကို ဘာတစ်ခုမျှ စိတ်ဝင်မဝင်စားဘဲ ငြိမ်သက်လဲလျောင်းနေလျက်။

သည်လို ချောင်ကျပြီး ဆင်းရဲသည့် ရွာကလေးဆီကို ကိုအောင်ဝင်းက ကြုံကြုံဖန်ဖန် ရောက်လာခဲ့၍ အမေ့ခမျာ အံ့ဩ၍မဆုံး။ ရှေးကရေစက် ရှိလို့နေမှာပေါ့ သားရယ်ဟု ပြောလိုက်သည်။ ကိုအောင်ဝင်း ဘယ်ကရောက်လာမှန်း မသိပေမယ့် တစ်ခြားရွာတွေကို ဖြတ်သန်းလာပြီး ကျွန်တော်တို့ရွာ ရောက်တော့မှပဲ ရှေ့ကိုဆက်မသွားတော့၍ အမေပြောသလို ရှေးကရေစက်ရှိတာကြောင့်လားဟု ကျွန်တော်တွေးသည်။ ပြီးတော့ ရွာထဲဝင်လာတုန်းကလည်း ကိုယ့်အိမ်ကိုယ့်ယာကို ပြန်လာသည့်နှယ် အေးအေးဆေးဆေး။ ကိုငါးမူးအိမ်ကိုပဲ တန်းတန်းမတ်မတ်သွားသည်။ အကယ်၍ ကိုငါးမူးတို့အိမ် မဟုတ်ဘဲ ကိုအောင်ကြည်ရဲ့အိမ်ပဲဖြစ်ဖြစ်၊ တခြားအိမ်ပဲဖြစ်ဖြစ် တစ်အိမ်အိမ်ကို ဝင်လိုက်မိသည်ဟု ဆိုကြပါစို့။ ကံမကောင်းလျှင် ရိုက်နှက် နှင်အထုတ် ခံရနိုင်သည်ကော။ ယခုတော့ ကိုငါးမူးတို့ သားအမိကလည်း ကြည်ကြည်ဖြူဖြူ ကိုယ့်သွေးရင်းသားရင်းလို သဘောထားသည်။ လောကကြီးက အတော်ထူးဆန်းသည်။ အမေပြောသလို ရှေးကရေစက်ကြောင့်ပဲလား။

"မခင်ရီရေ ကျုပ်ဖြင့် သားတစ်ယောက် ကောက်ရလိုက်သလိုပါပဲတော်"

အမေ့ကို ပြောလိုက်သည့် အမေအေး၏ မျက်နှာမှာ အပြုံးတွေနှင့်။ သွေးမတော်သားမစပ် မည်သည့်နေရာမှ ရောက်လာမှန်းမသိရခဲ့သည့် ကိုအောင်ဝင်းအပေါ် လွှမ်းခြုံထားသည့် မိခင်တစ်ယောက်၏မေတ္တာရိပ်တွေကိုလည်း အထင်းသားတွေ့မြင်ရသည်။ နေ့တိုင်း တောထဲသွား၍ ပေါင်းသင် ပဲနှုတ်ပြီး ညနေစောင်းအပြန် အချိန်ရလျှင် အမေ့ဆီကို အမေအေး ရောက်လာတတ်စမြဲ။ အထွေအထူးတော့ မရှိ။ တောကအပြန် အမောဖြေရင်း အမေနှင့် စပ်မိစပ်ရာစကားတွေ ပြောကြခြင်း

mgyee.com

mgyoe.com SAMPLE BOOK

သာ။ အမေအေးက လက်ဖက်ကြိုက်သည်။ လက်ဖက်လေး မြုံ့လိုက် ပြောလိုက်။ အမေလည်း လက်ဖက်ကြိုက်သည်။

သို့ရာတွင် သူ့လက်ဖက်ခွက်ကို ကျွန်တော် တွေ့သွားမှာစိုး၍ ကြောင်အိမ်ထဲမှာဖွက်ပြီး သော့ခတ်ထားလေ့ရှိသည်။ ကျွန်တော်ကလည်း လက်ဖက်မြင်လျှင် မနေနိုင်။ လူကြီးတွေလို လျှာဖျားပေါ်တင်၍ တမြုံ့မြုံ့နှင့် အရသာမခံတတ်။ လေးငါးဇွန်းလောက် အဝအပြဲ စားလိုက်ချင်သည်။ တစ်ခါတော့ လက်ဖက်တွေစားပြီး မခံမရပ်နိုင်လောက်အောင် ဗိုက်နာခဲ့၍ အဲသည်ကတည်းက လက်ဖက်ခွက်သည် ကြောင်အိမ်ထဲမှာ အကျဉ်းချခံလိုက်ရသည်။ မည်သို့ပင်ဖြစ်စေ အမေနှင့် အမေအေးတို့ စကားပြောနေချိန် နားထောင်ဟန်ပြု၍ အမေသတိမပြုမိခင် လက်ဖက်တစ်ဇွန်းနှစ်ဇွန်းတော့ စားမိနေစမြဲ။

"ရုပ်ရည်သနားကမားလေးနဲ့ ဘယ်လိုဝဋ်ကြွေးကြောင့် ကြုံရတာမှန်း မသိပါဘူး မခင်ရီရယ်"

အမေအေးဆီက အပူအမောတွေ အမေ့ရင်ထဲသို့ ရောက်သွားခဲ့လေပြီ။ အမေ သက်ပြင်းချလိုက်သည်။ မိန်းမသားနှစ်ယောက်၏ နှလုံးသားတွေဆီက စိမ့်ယို စီးဆင်းလာခဲ့သည့် မိခင်စိတ်သည် ကြိုးတစ်ချောင်းလို တစ်ဦးနှင့်တစ်ဦး ရစ်ပတ် နှောင်ချည်နေလျက်။

ကိုအောင်ဝင်းက အမြဲတန်း စိတ်မမူမှန်တာမျိုးတော့ မဟုတ်ပါ။သူ စိတ်ကြည်လင်နေပါက သီချင်းဆိုပြပါဦး ပြောလျှင်လည်း စိတ်ပါလက်ပါ ဆိုပြတတ်သည်။ ကျွန်တော်၊ ဖိုးသောင်း၊ အောင်မင်း၊ ဘထွန်းတို့ နာမည်တွေကိုလည်း မှတ်မိသည်။ တစ်ခါတစ်လေတော့ ကိုငါးမူး ဖတ်နေသည့်စာအုပ်တွေကို ကောက်ကိုင်ပြီး ဖတ်နေတတ်သည်။ ဆရာလေးနှင့်တွေ့တိုင်း အင်္ဂလိပ်လို နှုတ်ဆက်ကြစမြဲ။ သို့ရာတွင် စိတ်ဖောက်သွားလျှင်တော့ နှစ်ရက်သုံးရက်လောက် ပျောက်သွားသည်။ ရွာအနီးအနားကို လျှောက်သွားနေတာမျိုး။ ညကျတော့လည်း ရွာသင်္ချိုင်းထဲမှာ အိပ်ချင်အိပ်သည်။ ဖျောက်ဆိပ်ပင်ကြီးပေါ်ကို တက်ပြီး သစ်ရွက်တွေကို စိမ်ပြေနပြေ ခူးနေတတ်သည်။ မည်သူ့ကိုမှ အန္တရာယ်မပေး။ ရွာကလည်း သူ့အကြောင်းသိသွား၍ မသိလိုက်ဘာသာ နေတတ်သွားပါပြီ။

သူ စိတ်ဖေါက်ပြီး ထင်ရာလျှောက်သွားပြီဆိုမှဖြင့် အမေအေးနှင့် ကိုငါးမူးခမျာ စိတ်မောနေရ၏။ ရွာမှာ မွေ့ဆိုးတွေပေါသည်။ အထူးသဖြင့် မွေ့ပွေးတွေကို မနည်း သတိထားရသည်။ အသာခွေနေတတ်ပြီး သူ့ကိုထိလိုက်လို့တော့ ရှောင်ချိန်

mgyoe.com

mgyoe.com SAMPLE BOOK

ကို မရလိုက်။ မြွေဆိပ်ဖြေဆေးကလည်းမရှိ၍ အရာတော်ဆေးရုံကိုပို့လည်း အသက်မမီတာက များသည်။ ကျွန်တော်လည်း သူ စိတ်ဖောက်သွားမှာကို စိုးရိမ်သည်။ ဇရပ်ကတုံးပေါ် မှာထိုင်ရင်း တစ်ယောက်တည်း သီချင်းဆိုနေလျှင် ကိစ္စမရှိ။ တစ်ခါတစ်ရံတော့ သီချင်းလည်းမဆို စကားလည်းမပြော။ သူ့ကိုစကားပြောလည်း တုတ်တုတ်မျှ မလှုပ်။ သူ့မျက်နှာက ခံစားချက်ကင်းမဲ့နေသည့် ရုပ်တုတစ်ခုလို။

ဥပုသ်နေ့ အလုပ်နားသည့်တစ်ရက်မှာ အမေအေးက ကိုအောင်ဝင်းကို ခေါင်းလျှော် ရေချိုးပေးသည်။ သူ့ဆံပင်တွေက ရှုပ်ပွညစ်ပတ်ပြီး ဂျပ်ခဲကြီး ဖြစ်နေ၏။ သူ့ခေါင်းပေါ် ကို ရေလောင်းချလိုက်တိုင်း ကလေးတွေလို တအားအား အော်လိုက်သေးသည်။ သူ့ကို ရေချိုးပေးသည့်အချိန် ကျွန်တော်တို့လည်း ရောက်နေကြ၍ အမေအေးနှင့် ကိုငါးမူးကို ဝိုင်းပြီး ကူကြသည်။ ခဏခဏ ဆပ်ပြာတိုက်နေရပေမင့် ချေးညော်တွေကလည်း ကုန်ကို မကုန်နိုင်။

သူကလည်း ရေချိုးပေးတာကို သဘောကျသော်လည်း ကျေနပ်အားရဟန်မတူ။ စဉ့်အိုးကြီးထဲ ခုန်ဆင်းပါမယ် တကဲကဲ လုပ်နေတာကြောင့် မနည်းဆွဲထားရသည်။

ရေချိုးပြီး ဆံပင်တွေကို သေချာ ဖြီးသင်ပေးလိုက်တော့ သူ့နကိုရုပ်ရည်ထွက်လာပြီး တွေ့ခါစနှင့် တစ်ခြားစီ ဖြစ်သွားပြီ။ စိတ်ဖောက်မသွားသည့်အချိန်မျိုးမှာ ဘယ်သူ့ကိုပဲမေးမေး သာမန်လူတစ်ယောက်နှင့် မခြား။ မျက်နှာကလည်းကြည်ကြည်လင်လင်၊ မျက်လုံးမျက်ဖန်လည်းကောင်းပြီး လူချောတစ်ယောက် ဖြစ်သည်။ မေတ္တာ၏ တုန့်ပြန်မှု။ သူ့အပေါ် မှာ ချစ်ခင်စိတ် သံယောဇဉ်တွေ ရှိနေ၍ သူကလည်း ကျွန်တော်တို့ ကလေးတွေကို ချစ်ခင်သည်။

ကျွန်တော်က ကိုငါးမူးဆီကို အရောက်များနေ၍ ကျွန်တော့်ကို ပိုပြီးခင်တွယ်သွားသည်။ ရွာထဲမှာလည်း သူ့ကိုချစ်တဲ့သူတွေ တိုးလာကြပါပြီ။ ဆံသဆရာကိုတောကျော်ကလည်း သူ့ကို သိပ်သဘောကျသည်။ အင်္ဂလိပ်သီချင်း ဆိုတတ်လို့တဲ့။

"သူ့အင်္ဂလိပ်သီချင်းက နားတော့မလည်ပေမယ့် နားထောင်ရတာ တော်တော် ကောင်းတာဟ"

ကိုတောကျော်က အဲသလို ချီးမွမ်းပြီး သကာလ ကိုအောင်ဝင်း ရောက်လာတိုင်း အင်္ဂလိပ်သီချင်းတွေ ဆိုခိုင်းတော့သည်။ သို့ဖြင့် ဆံပင်ညှပ်ဆိုင်ထဲက ကိုအောင်ဝင်း သီချင်းဆိုသံကြားရတိုင်း တောကျော် ကက်ဆက်ဖွင့်ပြီဟု ပြောကြ

mgyoe.com SAMPLE BOOK

စမြဲ။

ကိုတောကျော်က ကျွန်တော်တို့ရွာ၏ တစ်ဦးတည်းသော ဆံသဆရာ။ ခေါင်းကိုင်ဖခင်ကြီး။ တစ်ရွာလုံး ကလေးလူကြီး ရှိရှိသမျှ ယောကျ်ားမှန်သမျှ မည်သူမျှ သူနှင့်မကင်းနိုင်။ ဆံပင်ညှပ်ချင်ပါက သူ့ဆိုင်ကိုသွားပြီး ခေါင်းငုံ့ပေးကြရ၏။ သူ့လက်ရာကလည်း စက်ဖြင့် လုပ်ထားသည့်အလား တသမတ်တည်း ရှိသည်။ တစ်ယောက်နှင့်တစ်ယောက် ဆံပင်ပုံစံ အထူအပါး မညီတာမျိုး မရှိ။ ခေါင်းကြီးတာ၊ သေးတာ၊ ပြားတာ၊ ဦးရေထူတာ ဘာသောညာသော သူ နားမလည်။ တစ်ခေါင်းလုံး စက်ကတ်ကြေးနဲ့ ထိုးချပြီး ရှေ့မှာ ဆံပင်ပါးပါးလေးပဲ ချန်ထားသည်။ ကျွန်တော်တို့ ကလေးတွေကတော့ ပိုဆိုး၏။

ရှေ့မှာ ဆံပင်ဖုတ်သိုက်လေး နည်းနည်းချန်ပြီး ခေါင်းတစ်ခုလုံး စာကလေး အမွေးနှုတ်ထားသလို ပြောင်သလင်းခါလုမတတ်။ ထို့ကြောင့် အရာတော်ကို သွားတိုင်း ခေါင်းကြည့်လိုက်တာနှင့် နွားကုန်းသားမှန်း အထူး ပြောစရာ မလိုတော့။ ကိုတောကျော်ကလည်း အဲသည်အတွက် ဂုဏ်ယူသည်။ အမြဲတန်းလိုလို လက်စွမ်းပြချင်ပါဘိသနဲ့။

တစ်ရက်တော့ ကိုအောင်ဝင်း ကံဆိုးရလေပြီ။ သူ့ဆံပင်ရှည်ကြီးကို ဆံသဆရာကြီးက ကြည့်မရပေ။

"အောင်ဝင်း မင့်ဆံပင်တွေ ရှည်လှပြီ။ ကြည့်မကောင်းတော့ဘူး ငါညှပ်ပေးမယ် ခုန်ပေါ်တက်ထိုင်လိုက်ကွာ

"ဟာ ငါ မညှပ်ချင်ဘူး၊ မညှပ်ချင်ဘူး"

"ပိုက်ဆံမပေးရပါဘူးကွ အလကား ငါ ညှပ်ပေးမှာပါ"

ဘယ်လိုပဲပြောပြော ကိုအောင်ဝင်းက ငြင်းနေ၍ ကိုတောကျော် နည်းနည်း စိတ်တိုသွား၏။ နွားကုန်းမှာ ဆံပင်ညှပ်ပေးတိုင်း သူ့ကိုငြင်းဆန်ရဲသူ မရှိသည်ပဲ။

"ငါ့စေတနာကို မစော်ကားနဲ့နော်၊ ငါးမူးကိုလည်း ငါ ညှပ်ပေးတာကွ၊ အခုချက်ချင်း ခုန်ပေါ် တက်ပြီးထိုင်လိုက်"

လေသံမာမာနှင့်ပြောပြီး မနာခံပါက လက်ထဲရှိ ကပ်ကြေးဖြင့် ထိုးတော့မှာလား မသိ။ ကိုအောင်ဝင်းမျက်နှာကလေးက ဇီးရွက်လောက် ဖြစ်သွားရှာသည်။ ခဏအကြာတွင် ကိုတောကျော်က စက်ကတ်ကြေး တစ်ချပ်ချပ်နှင့် စိတ်တိုင်းကျ ဆော်ပါတော့သည်။ ကျွန်တော်တို့ကလေးတွေကို ညှပ်သလို သူ့လက်ဝါးတစ်ဖက်က ခေါင်းကိုလှုပ်မရအောင် ချုပ်ထားပြီး စက်ကတ်ကြေးနှင့် အပြောင်ရှင်းလိုက်ခြင်း

mgyoe.com

mgyoe.com
SAMPLE BOOK
ဖြစ်သည်။ ခေါင်းငုံ့ပေးထားရတာ ကြာတော့ ဇက်ညောင်းပြီး နည်းနည်းလှုပ်မိသည်နှင့် စက်ကတ်ကြေး ကိုင်ထားသည့် သူ့လက်ဖနောင့်ဖြင့် တစ်ချက်ထုပြီး ငြိမ်ငြိမ်နေစမ်း ဆံပင်ပုံပျက်သွားမယ်ဟု ငေါက်လိုက်သေး၏။ သူ့ဆီကို ဆံပင်တစ်ခါ သွားညှပ်မိတိုင်း ငရဲကျရသည့်နှယ်။ အမေကတော့ ကျွန်တော့်ဒုက္ခ ဘယ်သိမှာတုန်း။ ပြောင်သလင်းခါလုနီးပါး ခေါင်းကိုပွတ်ရင်း ရှုံ့မဲ့ရှုံ့မဲ့ ပြန်လာသည့် ကျွန်တော့်ကိုကြည့်၍ အမလေး ငါ့သားလေး အခုမှပဲ ကြည့်ရတာလှသွားတယ်တဲ့။ ယင်းသမို့ကြောင့် ဆံပင်နည်းနည်းရှည်လာသည်နှင့် ညှင်းသိုးသိုးကြီးနဲ့ မျက်စိရှုပ်လိုက်တာဟု အမေပြောမှာကို တွေးရင်း လန့်နေမိသည်။ ယခုလည်း ဆံသဆရာကိုတောကျော်၏ စေတနာငရဲအိုးကြီးထဲမှာ ကိုအောင်ဝင်း တစ်ယောက် အီဆောင့်နေအောင် ခံနေရရှာသည်။ ဆံပင်ညှပ်၍ ပြီးသည်နှင့် ကိုအောင်ဝင်းခမျာ သူ့ခေါင်းကို ပွတ်ရင်း ဝမ်းနည်းပန်းနည်းဖြင့် တအီးအီးနဲ့ ငိုပါလေတော့သည်။

"ငါ့ဆံပင်တွေ မရှိတော့ဘူး၊ ငါ့ဆံပင်တွေ မရှိတော့ဘူး၊ တောကျော် နင်မကောင်းဘူး၊ ငါ့ဆံပင်တွေပြန်ပေး"

ရှိုက်ကြီးတငင် ငိုရင်း အသံကုန်အော်ဟစ်နေ၏။ ထိုအချိန် ကျွန်တော်တို့ကလည်း ကိုတောကျော် ဆိုင်ရှေ့ကို ရောက်သွားမိလျက်သား ဖြစ်သွားသည်။ ကလေးတစ်ယောက်လို ငိုရင်း ကျွန်တော်တို့ကို အားကိုးတကြီးဖြင့် တိုင်သည်။ ကျွန်တော်တို့လည်း ဘာလုပ်ရမှန်းမသိ။ သူ့ကြောင့် လူတစ်ယောက် ရှိုက်ကြီးတငင် ငိုတာမျိုး ကိုတောကျော် တစ်ခါမှမတွေ့ဘူး။ ကြက်သေသေရင်း စကားမပြောနိုင်ဘဲ ငူငူငိုင်ငိုင်ကြီး ဖြစ်သွားသည်။

အဲသည်နေ့က ဘယ်လိုပဲချော့ချော့ ကိုအောင်ဝင်း ငို၍မဆုံး။ အခင်းထဲက အမေအေး ပြန်လာတော့ အမေအေး ရင်ခွင်ထဲမှာ တအိအိငိုရင်း-

"တောကျော်ရယ် မေအေး၊ ငါ့ဆံပင်တွေကို ညှပ်ပစ်တယ်"

"ဟုတ်လား၊ ဒီတောကျော်ကို အမေ ရိုက်ပစ်လိုက်မယ်၊ သားလေး မငိုနဲ့တော့နော် တိတ်ပါကွယ်"

ပြောင်သလင်းခါလုနီးပါး ဖြစ်နေသည့် သူ့ခေါင်းကို ပွတ်ပေးရင်း အမေအေးက တတွတ်တွတ် ချော့နေရှာသည်။

ကိုငါးမူးကလည်း အမေအေးနှင့် ကိုအောင်ဝင်းကို ငေးကြည့်နေလျက်။ ကျွန်တော့်ရင်ထဲမှာ ဝမ်းနည်းစိတ်တွေ လှိုက်ခနဲဖြစ်ပြီး မျက်ရည်တွေ စို့တက်လာခဲ့သည်။ ကလေးလို ငိုနေသည့် ကိုအောင်ဝင်းကို သနားနေမိ၍လား။ ဘယ်က
mgyoe.com

mgyoe.com SAMPLE BOOK

လာမှန်းမသိတဲ့ လူတစ်ယောက်အပေါ် သားသမီးလို ချစ်မြတ်နိုးရသည့် အမေအေး၏ မိခင်မေတ္တာစိတ်ကြောင့်လား။ အမေအေးဟာ သူ့ရဲ့မိခင်ဟု ကိုအောင်ဝင်းက မှတ်ယူအားကိုးနေတာကို တွေ့လိုက်ရလို့လား ကျွန်တော် မသိပါ။ ငေးကြည့်ရင်း အားငယ်စိတ်တွေ ရောက်လာခဲ့သည်။ အိမ်ကိုပြန်ရောက်သည်နှင့် အမေ့ကို ဖက်ပြီး ငိုချလိုက်မိသည်။ ကျွန်တော့်မှာ မိဘနှစ်ပါးရှိသည်။ ကိုငါးမူးမှာလည်း သူ့အမေရှိသေးသည်။ ကိုအောင်ဝင်း ခမျာတော့ သူ့မှာ အမေမရှိတော့လို့လား။ ကျွန်တော့်မှာ အမေမရှိတော့လျှင် ဘယ်သူ့ကို အားကိုးရတော့မှာလဲ။ ကြောက်ရွံ့ ထိတ်လန့်မှုတွေက ကျွန်တော့်ကို လွှမ်းခြုံသွားသည်။ ငိုရင်းဖြင့် ကိုအောင်ဝင်းကို သနားလိုက်တာဟု ပြောနေမိပြန်၏။ တကယ်ပါ အဲဒီတုန်းက ကျွန်တော်ဟာ အရူးတစ်ယောက်လို ဖြစ်သွားခဲ့တာပါ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၆)

လူတစ်ယောက်မှာ မှတ်သားဉာဏ်တွေ ပျောက်ဆုံးပြီး အသိစိတ်တွေ လွတ်ကင်းသွားပါက ရူးသွပ်သွားသည်ဟု ပြောကြသည်။ အမှန်တော့ ပျော်တာပဲဖြစ်ဖြစ်၊ ဝမ်းနည်း ကြေကွဲတာပဲဖြစ်ဖြစ်၊ စိုးရိမ်ကြောက်လန့်တာပဲဖြစ်ဖြစ် ခံစားမှုတွေ လွန်ကဲသွားပြီး ဆင်ခြင်တုံတရားတွေ ကင်းလွတ်သွားသည်နှင့် သူရူးတစ်ယောက်လို ဖြစ်သွားရစမြဲ။

ထိုစဉ်တုန်းကတော့ ကလေးမို့ ဖြန့်ထွက်မတွေးတတ်သေး။ အမေ့ကိုဖက်ပြီး ငိုချင်တာပဲ သိနေမိသည်။ ကျွန်တော့်အဖို့ ကိုငါးမူးနှင့် ကိုအောင်ဝင်းသည် သူငယ်ချင်းလည်းဖြစ်၊ ဆွေမျိုးလည်းဖြစ်သည်။ သူတို့နှစ်ယောက်က ကျွန်တော့်ထက် အသက်ကြီးကြသူတွေဖြစ်၍ အစ်ကိုကြီးတွေပေါ့။ ကျွန်တော့်မှာ တစ်မအေတည်း မွေးသည့် အစ်ကိုနှင့် အစ်မ ရှိခဲ့ပေမယ့် သူတို့နှင့် တစ်နှစ်မှာ တစ်ခါလောက်တောင် တွေ့ရခဲသလို တွေ့ပြန်တော့လည်း ငါ့ညီလေး၊ ငါ့မောင်လေးဟု နွေးနွေးထွေးထွေး မရှိကြ။ ကျွန်တော်က အစ်ကိုတို့ အစ်မတို့နှင့် အသက်ကွာပြီး အနေဝေးနေတာကြောင့်လား မသိပါ။ ကိုငါးမူးက ဆွံ့အစကားမပြောတတ်သူ၊ ကိုအောင်ဝင်းကလည်း စိတ်ဝေဒနာရှင်။ အဲတော့ ဘာဖြစ်သွားမှာမို့လဲ။

ဆွေမျိုးပဲဖြစ်ဖြစ်၊ သူစိမ်းတွေပဲဖြစ်ဖြစ် ပေါင်းသင်းဆက်ဆံရေးမှာ မေတ္တာနဲ့ ဆက်ဆံပြောဆိုမှ ခိုင်မြဲတာဟု အမေပြောတာကို သတိရလိုက်သည်။ အစ်ကိုနှင့်

mgyoe.com

mgyoe.com SAMPLE BOOK

အစ်မက ကျွန်တော်နှင့် မောင်နှမအရင်းဖြစ်ကြပေမဲ့ ကျွန်တော့်အပေါ် မေတ္တာမဲ့နေကြသည်ဟု ထင်မိသည်။ ကိုငါးမူးတို့ကတော့ သူတို့နှစ်ယောက်နဲ့ မတူပါ။ သူတို့စိတ်သဘောထားတွေက ဖြူစင်ကြသည်။ ထိုစဉ်က ကလေးဆိုပေမယ့် လူတွေ၏ မျက်လုံးတွေကို နည်းနည်းတော့ အကဲခတ်တတ်လာခဲ့ပါပြီ။ ဆွံ့အ စကားမပြောတတ်သူ၏ မျက်လုံးတွေနှင့် စိတ်ဝေဒနာရှင် ကိုအောင်ဝင်း မျက်လုံးတွေမှာ လောဘ ဒေါသတွေကင်းစင်ပြီး ကြည်ကြည်လင်လင်။ သို့နှင့် တစ်ဦးတည်းသောသားလို ဖြစ်နေသည့် ကျွန်တော်သည် နေ့ရက်တွေ ကြာလာသည်နှင့်အမျှ အစ်ကိုနှစ်ယောက်အပေါ် သံယောဇဉ်တွေ ကြီးသည်ထက် ကြီးလာခဲ့သည်။ သူတို့ နှစ်ယောက်ကလည်း ကျွန်တော် ရောက်လာတိုင်း ပျော်နေကြ၏။ ကိုငါးမူးက ကျောက်သင်ပုန်းပေါ်မှာ စာရေးပြီး ပြောသည်။ ကိုအောင်ဝင်းကတော့ သူ စိတ်ကြည်လင်နေသည့်အချိန် အင်္ဂလိပ်သီချင်းတွေ ဆိုပြသည်။

တစ်ခါတစ်ခါတော့ ကိုငါးမူးကို ကျွန်တော်က စတတ်နောက်တတ်သည်။ အရင်နဲ့ မတူတော့ဘဲ သူက ဝတ္ထုတွေကို ဖတ်နေပြီလေ။ ဖတ်လိုက်သည့် စာအုပ်တွေကလည်း အချစ်ဝတ္ထုတွေချည်း။ ဘာဖြစ်လို့ ဒီစာအုပ်တွေကို ဖတ်နေရပါလိမ့်။

"ခင်ဗျား ဖတ်တဲ့ စာအုပ်တွေကလည်း စွန့်စားခန်းတွေမပါလို့ ပျင်းစရာကြီးနေမှာပါဗျာ"

သူ့မျက်နှာပေါ်က နှစ်နှစ်ခြိုက်ခြိုက် အပြုံးကို ကျွန်တော် တွေ့လိုက်ရ၏။ ပြီးမှ ရုတ်တရက် သတိရသွားဟန်ဖြင့် ဗလာစာအုပ်ကို ကမန်းကတန်းကောက်ယူပြီး ဖင်အောက်ကို ခုထိုင်လိုက်သည်။ ဗလာစာအုပ်ထဲမှာ နေ့တိုင်းလိုလို ခဲတံလေး တစ်ချောင်းနှင့် ရေးမှတ်နေတာကို တွေ့ရပေမယ့် ကျွန်တော် မမေးပါဘူး။ သိချင်စိတ်တော့ရှိတာပေါ့။ သို့သော်လည်း သည်တစ်ခါတော့ ကျွန်တော့်စိတ်ထဲမှာ မရိုးမရွ ဖြစ်သွားသည်။

"ကိုငါးမူး ခင်ဗျားရွာထဲက တစ်ယောက်ယောက်ကို ကြိုက်နေတာ မဟုတ်လား"

ကျွန်တော့်မေးခွန်းကြောင့် ဣန္ဒြေပျက်သွားသည်။ တအွတ်အွတ် အသံပြုပြီး ခေါင်းတယမ်းယမ်းလုပ်နေ၏။

ကျွန်တော့်တွက်ကိန်း မှန်သွား၍ စိတ်ထဲမှာ ကျေနပ်သွားပြီး တဟိဟိ ရယ်လိုက်ရင်း-

"ကျွန်တော် သိပါတယ် ကိုငါးမူးရ၊ ခင်ဗျား မလှညိုကို ကြိုက်နေတာ

mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်လား"

ထင်မိထင်ရာပြောလိုက်သည့် ကျွန်တော့်စကားတွေက သူ့ကို ချောက်ချား သွားစေခဲ့မှန်း မမျှော်လင့်ခဲ့။ မလှညို့က သူ ကြောက်နေသည့် ကိုအောင်ကြည်တို့ ညီမဖြစ်နေ၍ ပါးစပ်ထဲ တွေ့ကရာ နောက်မိလိုက်ခြင်းဖြစ်သည်။

ထိတ်လန့် တုန်လှုပ်သွားရှာသည့် သူ့ကို တွေ့လိုက်ရ၍ အံ့အားသင့်သွား ရသည်။ လက်ဖဝါးထောင်ပြီး ရမ်းပြ၊ ခေါင်းကိုလည်း ခါရမ်း၊ အမူအရာတွေပျက်ပြီး သူ့မျက်လုံးတွေက ကျွန်တော့်ကို တိုးလျှိုးတောင်းပန်နေသည်လား ကျွန်တော် မဝေ ခွဲနိုင်။ ကြည့်ရင်းဖြင့် သူ့ကို သနားသွားသည်။ တစ်ဆက်တည်းမှာပင် ကိုတောကျော် က ဆံပင်တွေညှပ်ပစ်လိုက်၍ ရှိုက်ကြီးတငင်ငိုနေသည့် ကိုအောင်ဝင်းကို မြင်ယောင် သွားခဲ့သည်။ လူတစ်ယောက် မကြိုက်တာကို မလုပ်ရဘူး။ အဲသလိုလုပ်ရင် အနိုင် ကျင့်တာ၊ ငါ လုပ်ချင်သလို လုပ်လို့ရတယ် ဖြစ်သွားတာပေါ့။ အမေပြောတာကို သတိရလိုက်၍ ကိုငါးမူးကို အနိုင်ကျင့်မိသလား တွေးရင်းဖြင့် ထူပူသွားသည်။

"တော်ပြီဗျာ ခင်ဗျားနဲ့ စကားပြောရတာ ပျင်းလာပြီ၊ ကိုအောင်ဝင်းကို ပဲ သီချင်းဆိုခိုင်းတော့မယ်"

သတိမထားမိသလိုဖြင့် သူ့အနားက ထလာပြီး ဇရပ်ပေါ်မှာ ဝမ်းလျား မှောက်နေသည့် ကိုအောင်ဝင်း ဆီကို သွားလိုက်သည်။ ကိုအောင်ဝင်းကတော့ အေးအေးဆေးဆေး တခြားကမ္ဘာတစ်ခုဆီကို ရောက်နေသလားမသိ။

"ကိုအောင်ဝင်း သီချင်းဆိုကြရအောင်ဗျာ"

ကိုအောင်ဝင်းက မကြားသလို လုပ်နေ၏။ နောက်တစ်ခါ ထပ်ပြောလိုက် မှ ကျွန်တော့်ကို လှည့်ကြည့်သည်။

"မဆိုချင်ဘူး ငါ ပျင်းလို့"

"ပျင်းလို့ သီချင်းဆိုရအောင် ပြောတာလေ။ တစ်ပုဒ်လောက် လုပ်စမ်းပါ ကိုအောင်ဝင်းရ"

ကိုအောင်ဝင်းက အရေးမလုပ် ကျွန်တော့်ကို ကျောပေးပြီး မျက်စိမှိတ် အိပ်တော့သည်။ ကျွန်တော်လည်း စိတ်ပျက်ပြီး ကိုငါးမူးဆီကိုပဲ ပြန်လှည့်လာ ခဲ့ရသည်။ စောစောတုန်းက ဖင်ခုထိုင်ထားသည့် ဗလာစာအုပ်ကလေး မရှိတော့ သည်ကို သတိပြုလိုက်မိသည်။ တည်တည်ငြိမ်ငြိမ်လည်း ဖြစ်သွားပြီ။

"မနက်ဖြန် လက်ပံတုံးတွေ သွားသယ်မလို့ မင်း လိုက်မလား"

ကျောက်သင်ပုံးပေါ်က စာတွေကိုဖတ်ပြီး ပျော်သွားရသည်။ ကျွန်တော်

mgyoe.com

mgyoe.com

တို့ရွာ အနောက်ဘက် ခပ်လှမ်းလှမ်းမှာ လက်ပံပင်ကြီးတွေ ရှိသည်။ နွေဦးရောက်ချိန်မှာ လက်ပံပွင့်တွေ တစ်ပင်လုံး ရဲပဒေါင်းထအောင် ပွင့်နေလျက်။ လက်ပံပွင့်ကြွေတွေကို ထွက်ကောက်ကြပြီး ဆီးသီးတွေလည်း ပေါ၍ လက်ပံခေါင်းချဉ်ရေ ချက်စားကြစမြဲ။ ပဲရေပွကြော်လေးရယ်၊ ငံပြာရည်ဖျော်ရယ်၊ လက်ပံခေါင်း ချဉ်ရည်ရယ် ဆိုမှဖြင့် မျက်စိထဲ မြင်ယောင်သွားပြီး ဗိုက်ဆာသလို ဖြစ်သွားသည်။

လက်ပံသားတွေကို ခုံဖိနပ်ပြုလုပ်ဖို့ လွန်ခဲ့သည့် တစ်ပတ်လောက်ကတည်းက သွားပြီး ချိုင်ထားတာတဲ့။ ကိုငါးမူးကို ကျွန်တော် အံ့ဩမိသည်။ သူ့လက်ထဲမှာ ထင်းခုတ်ဓားမတစ်ချောင်းပဲ ရှိသည်။ သည်ဓားဖြင့် လက်ပံပင်ကြီးပေါ်တက်ပြီး လိုချင်သည့်ကိုင်းတွေကို ခုတ်ချသည်။ ထို့နောက် ခုတ်ထားသည့် လက်ပံသားတွေကို အိမ်ကိုသယ်လာပြီး ခုတ်ထစ်၍ ခုံဖိနပ်တွေ ပုံကြမ်းဖော်သည်။ ပြီးတော့ သည်ဓားနှင့် အချောသတ်။ အားလုံးပြီးတာနှင့် ဆေးနီတွေဖျော်ပြီးသုတ် နေပူလှမ်း။ နောက်တစ်ရက်တော့ အရာတော်က ဝယ်လာသည့် မော်တော်ကားတာယာ သဲကြိုးတွေကိုတပ်ပြီး သံရိုက်။ တစ်နေ့ ခုံဖိနပ် လေး ငါးရံလောက်ပြီးသည်။ ပြောချင်တာက ကိုငါးမူး လက်ထဲမှာရှိသည့် ဓားသည် သူ့အလိုကျအတိုင်း လိုက်နာရသည်။ ဓားသည် အသက်မဲ့ပစ္စည်းဖြစ်သော်လည်း သုံးစွဲသူအပေါ် မှာပဲ မူတည်နေလျက်။

မနက်မိုးလင်းခါနီးမှာ မိုးတစ်ပြိုက် ရွာချလိုက်၍ လှည်းလမ်းတလျှောက် ဖုံတွေမထတော့။ ကြိုရခဲပြီး အေးချမ်းသည့်မြင်ကွင်း။ လေကလည်း တသုန်သုန် တိုက်နေလျက်။ ကျွန်တော်နှင့် ကိုငါးမူးက ကိုလှကြည်၏ လှည်းနှင့် လိုက်လာကြသည်။ ကိုလှကြည်တို့အိမ်က ကိုငါးမူးတို့အိမ်နှင့် ခြံစည်းရိုးလေးပဲ ခြားထားသည်။ မူးမြစ်ကမ်းဆီက ဝါးတွေကိုလည်း သူ့လှည်းနှင့်ပဲ သယ်သည်။ ကိုအောင်ဝင်းကတော့ လှည်းရှေ့ကနေပြီး ရှေ့ကို ဟေးဟေး အော်ရင်းပြေးလိုက်၊ နည်းနည်းဝေးသွားသည်နှင့် လှည်းဆီကို ပြန်ပြေးလာလိုက်။ သူ့ကြည့်ရတာ မိုးဦးကျချိန် ချိုသွေးမြူးကြွနေသည့် နွားသိုးပေါက်လေးနှယ်။ ကိုလှကြည်ရဲ့လှည်း ဘယ်ကိုပဲသွားသွား သူ့ခွေးနှစ်ကောင်က အမြဲပါလာစမြဲ။

အခုတော့ သွားရင်းလာရင်း ကိုအောင်ဝင်းနှင့် ဆော့ဖော်ဆော့ဖက် ဖြစ်သွားကြပြီ။ လက်ပံပင်ကြီးတွေ ရှိသည့်နေရာက ရွာနှင့် သိပ်မဝေးသော်လည်း လှည်းလမ်းမပေါက်၍ တကွေ့တပတ်ကြီး မောင်းနေရပြီး နာရီဝက်လောက်ကြာမှ ရောက်သည်။ အပင်အောက်ကို ရောက်တော့ ကိုလှကြည်က နွားတွေဖြုတ်ပြီး လှည်းခွထောက် ထောက်ထားလိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


မိုးရိပ်မိုးသားတွေကင်းသွားပြီး နေပွင့်လာသည်။ ကိုအောင်ဝင်းနှင့် ခွေးနှစ်ကောင်လည်း ဘယ်ရောက်သွားမှန်း မသိ။ အပင်အောက်တစ်နေရာမှာထိုင်ရင်း လက်ပံတုံးတွေကို မ၍ လှည်းပေါ် ကိုတင်နေကြသည့် ကိုငါးမူးနှင့် ကိုလှကြည်ကို ငေးကြည့်နေမိသည်။ လက်ပံတုံးအရွယ်အစားကလည်း ခပ်ကြီးကြီး။ သစ်ကိုင်းတွေဟု ဆိုရသော်လည်း သစ်တုံးတစ်တုံး၏ လုံးပတ်က ကျွန်တော်တို့ ကလေးလက်နှစ်ဖက်ဖြင့် ပွေ့လိုက်သည့်တိုင် လက်ဖျားချင်း မထိချင်။

ချိုင်ထားသည့် သစ်တုံးတွေကလည်း တစ်နေရာတည်း မဟုတ်။ တချို့က လှည်းနားလေးမှာ။ တချို့ကတော့ ဆယ့်လေးငါးပေ အကွာအဝေးမှာ။ သည်ထက်ဝေးတဲ့ နေရာမှာလည်း ရှိသေးသည်။ တစ်နာရီလောက်အကြာ လှည်းပေါ်ကို အားလုံးတင်ပြီးချိန်တွင် သူတို့နှစ်ယောက်စလုံး ချွေးပြိုက်ပြိုက်ကျပြီး တော်တော်ဖားနေကြပြီ။

အမောဖြေနေပြီး တအောင့်အကြာတွင် ကိုလှကြည်က မတ်တတ်ရပ်လိုက်ရင်း ရှီရှီနှင့် လေချွန်လိုက်သည်။ သူ့ခွေးတွေကို ခေါ် လိုက်ခြင်း ဖြစ်သည်။ လေချွန်သံစူးစူးက တိတ်ဆိတ်နေသည့် ကွင်းပြင်ထဲကို ပြန့်လွင့်သွားပြီး မကြာခင် ခွေးနှစ်ကောင်လည်း ခြုံတောထဲက ပြေးထွက်လာကြသည်။ ကိုအောင်ဝင်း အရိပ်အခြည်ကိုတော့ မတွေ့ရ။ ဘယ်နေရာမှာ သဝေထိုးနေသည် မသိ။

နွားတွေ ပန်းပန်းမှာ စိုး၍ ကျွန်တော်တို့နှစ်ယောက် လှည်းမစီးတော့ဘဲ ခြေလျင်ပြန်လာခဲ့ကြသည်။ ဖြတ်လမ်းကပြန်လာ၍ ရွာကို လှည်းထက်စောပြီးရောက်နှင့်မည်။ သစ်ပင်အောက်က ထွက်လိုက်သည်နှင့် ထန်းတဖျား အမြင့်ဆီက နေရောင်သည် အဆီးအတားမဲ့ သွန်ကျလာခဲ့၏။ ယာခင်းတွေက ရွာခြေအထိ တမျှော်တခေါ်ကြီး တွေ့ရသည်။ ပဲစင်းခုံခင်းတွေ၊ ပြောင်းခင်းတွေ။ ထွန်ယက်ပြီး ယာခင်းတွေ။ တချို့နေရာတွေမှာ ယာခင်းထဲမှ ဖြတ်လာခဲ့ကြသည်။

ယာတစ်ခင်းဆုံးသွားသည်နှင့် ဆီးပင်နှင့် ဆူးခြုံတွေကြားမှ ယာခရိုးတန်းကို ကျော်ရသည်။ တောင်သူတစ်ယောက်၏ သားသမီးဖြစ်သော်လည်း ကျွန်တော့်ကို အဖေက ယာတောဆီကို တစ်ခါမျှ ခေါ် မသွားခဲ့။ ငယ်သေး၍ ထင်သည်။ ကျွန်တော်တို့ ယာတွေဆီသို့ ရွာတောင်ဘက် သဲချောင်းကိုကျော်ပြီး တစ်မိုင်နီးပါး သွားရတာတဲ့။ ကျွန်တော်တို့ ယာခင်းတွေမှ ရှေ့ဆက်သွားလျှင် မုံရွာ မန္တလေးမော်တော်ကားလမ်းရှိ ထီးဆောင်းလမ်းခွဲနေရာကို ရောက်သည်ဟု သိရသည်။ အဲသည် လမ်းခွဲမှာ မော်တော်ကားစောင့်၍ မန္တလေးကို သွားလို့ရတယ်လို့လည်း ပြောကြသည်။ သို့ရာ

mgyoe.com

mgyoe.com SAMPLE BOOK

တွင် ရွာနှင့် ထီးဆောင်းလမ်းခွဲသည် လှည်းလမ်းလည်းမပေါက်၊ မိုင်နှစ်ဆယ်လောက် ဝေး၍ မည်သူမျှ မသွားကြ။ အရာတော် မုံရွာကားစီးပြီး မုံရွာကမှတစ်ဆင့် မန္တလေး ကို သွားကြစမြဲ။

မန္တလေးမှာ အမေ့အစ်မ ဒွေးလေး ဒေါ် ခင်မှီရှိသည်။ မန္တလေးကို မရောက် ဖူး၍ သွားချင်နေမိသည်။ အမေကလည်း လိုက်ပို့မည်ဟု ပြောသည်။ တကယ်တော့ မန္တလေးဆိုတာထက် ဘာမျှမဝေးသည့် အရာတော်ကိုလည်း မသွားဖြစ်ခဲ့။ အရာ တော်သည် အမေ့ရွာ။ ကျွန်တော့်အဘွားနှင့် ဒွေးကြီး ရှိသည်။ ဝမ်းကွဲဆွေမျိုးတွေ ကလည်း များမှများ။ တစ်ရွာလုံး ဆွေမျိုးတွေချည်းပဲဟု ပြောလိုက်သည့် အမေ့ မျက်နှာပေါ် တွင် ဆွေမျိုးသားချင်းတွေအကြောင်း ပြောလိုက်တိုင်း ကြည်နူး ပျော်ရွှင် မှုတွေကို အမြဲ မြင်တွေ့ရစမြဲ။

နဘူးကိုင်းတစ်ခုကို ချိုးပြီး တရမ်းရမ်းလုပ်ရင်းဖြင့် နောက်ကလိုက်လာ သည့် ကိုငါးမူးကို စိတ်ထဲ ရောက်သမျှတွေ ပြောနေမိသည်။ အရာတော်အကြောင်း၊ ကျွန်တော် ရောက်ဖူးချင်သည့် မန္တလေးအကြောင်း။ အမေပြောပြသည့် ကျွန်တော်တို့ ဆွေမျိုးတွေအကြောင်း။ ကိုငါးမူးကတော့ ကျွန်တော်ပြောသမျှတွေကို နားထောင်နေ ရှာမှာပါ။ သူ့ခမျာလည်း အရေးလုပ်ပြီး သူ့ကို စကားပြောမည့်သူဆို၍ ကျွန်တော် တစ်ယောက်တည်းပဲ ရှိတာကိုး။ လမ်းလျှောက်လာကြရင်း ရွာနှင့် တဖြည်းဖြည်း နီးလာ၍ ကျွန်တော့်ခြေလှမ်းတွေ သွက်လာခဲ့သည်။ ထိုအခိုက် ဆူးခြုံတွေကြားက လူတစ်ကိုယ်စာကွက်လပ်ဖြစ်နေသည့် မြေကမူလေးကိုကျော်ဖို့ ခြေလှမ်းပြင်နေစဉ် ကိုငါးမူးက အင်္ကျီကော်လာစကို ရုတ်တရက် ဆောင့်ဆွဲလိုက်၍ ပက်လက်လန်ကျ တော့မလို ဖြစ်သွားသည်။

"ကိုငါးမူး ခင်ဗျား ဘာလုပ်တာလဲ"

ဒေါသဖြစ်ဖြစ်နှင့် မေးလိုက်ပေမဲ့ သူက ကျွန်တော့်ကို လှည့်မကြည့်။ အွန်းအွတ်အွတ် အသံပြု၍ ရှေ့ကို လက်ညှိုးထိုးပြလိုက်သည်။ ကြည့်လိုက်မိတော့ တုန်လှုပ်ချောက်ချားသွားပြီး အားခနဲအော်ရင်း သူ့လက်မောင်းကို ဖက်ထားမိသည်။ ဆူးခြုံအောက်မှာ ခွေနေသည့် မြွေပွေးကြီးတစ်ကောင်။ အရွယ်အစားကလည်း တော်တော်ကြီးသည်။ လူကြီးလက်ဖျံလောက်ရှိမည်လားမသိ။ ကိုငါးမူးက ကျွန်တော့် အင်္ကျီစကို မဆွဲလိုက်လျှင်။ ကျွန်တော် ရှေ့ဆက် မတွေးရဲ။ ကြောက်လွန်း၍ တစ်ကိုယ်လုံး တုန်ရင်နေသည်။ သူ့အနားက ဖြတ်ပြီးလည်း မသွားဝံ့တော့။

သည်အချိန်မှာပဲ ကိုအောင်ဝင်း တစ်ယောက် သီချင်းတအေးအေးဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

ရောက်လာခဲ့သည်။ သူက ကျွန်တော်တို့အနားမှ ဖြတ်သွားသည်။ ကျွန်တော်တို့ကို ရှိသည်ဟု မထင်သည့် သူ့ကိုကြည့်ရင်း ကိုငါးမူးနှင့် ကျွန်တော်တို့နှစ်ယောက်စလုံး ထိတ်လန့်သွား၏။ ဘာလုပ်ရမှန်း မသိတော့။ သူ့ခြေလှမ်းတွေက မြွေပွေးခွေနေသည့် နေရာဆီကိုအရောက် ကိုအောင်ဝင်း ခင်ဖျားခြေထောက်အောက်မှာ မြွေပွေး . . . မြွေပွေးကြီးရယ်ဟု အသံကုန် အော်လိုက်မိသည်။

သူ့ကို လှမ်းဆွဲချိန်မရလိုက်၍ ကိုငါးမူးလည်း ပျာယာခတ်သွားသည်။ ကျွန်တော် အော်ပြောတာကို ကြားရောကြားရဲ့လား မသိပါ။ ကိုအောင်ဝင်းအဖြစ်ကို တွေးမိရင်း မကြည့်ဝံ့တော့၍ မျက်စိစုံမှိတ်လိုက်မိသည်။ သို့သော်လည်း အံ့ဩလွန်း၍ ကျွန်တော့်မျက်လုံးတွေကို မယုံနိုင်လောက်အောင်ဖြစ်သွား၏။ ကိုအောင်ဝင်း ခြေထောက်က ခွေနေသည့် မြွေပွေးနှင့် ထိသွားခဲ့သော်လည်း မြွေသတ္တဝါက မလှုပ်မရှက် ငြိမ်သက်နေလျက်။ သူ့ကို အန္တရာယ်မပြုမှန်း သိနေတာကြောင့်လား မပြောတတ်ပါ။

ကိုအောင်ဝင်းသည် အတော် ထူးဆန်းနေ၏။ ကျွန်တော် အော်ပြောတာလည်း ဂရုမစိုက်၊ ရှေ့ကို ဆက်သွားရင်းဖြင့် ယာခင်းတစ်ဝက်လောက် ကျော်တော့ ရွာဆီကို မသွားတော့ဘဲ ဘယ်ဘက်ကို ချိုးကွေ့သွားသည်။ အဲသည်အတိုင်း တည့်တည့်သွားလျှင် ယာခင်းတွေပျောက်သွားပြီး ဖုန်းဆိုးတောထဲ ရောက်သွားတော့မည်။ ကျတ်တီးမြေဖြစ်၍ ဘာမျှ စိုက်မရဘဲ ကန္တာရဆူးပင်တွေနှင့် တောထပြီး မြွေဆိုးတွေလည်း ပေါသည်။ ချောက်တွေ၊ လျှိုတွေနှင့် ဥစ္စာသိုက် ရှိသည်ဆိုသည့် နေရာ။ မြေကြမ်းလွန်း၍ အဲသည်ဘက်ကို ဘယ်သူမှ မသွားရဲကြ။ အရင်တုန်းက မြွေဖမ်းတဲ့လူတွေ ရောက်လာကြသေးသည်။

မြွေပွေးသားက ချက်စားလျှင် လေးပြီးချိုတာမို့ ဈေးကောင်းရ၍ လာဖမ်းကြတာတဲ့။ ကျွန်တော်တို့က ကြောက်နေမိသော်လည်း မြွေပွေးက ဖမ်းရတာအလွယ်ဆုံးဟု ပြောကြသည်။ နှောကုန်းမှာ မြွေပွေးတွေ ပေါတယ်ဆိုတော့ မြွေဖမ်းတဲ့ သူတွေ အကြိုက်ပေါ့။ သို့ဖြင့် မြွေတွေပေါတယ်ဆိုသည့် ကျပ်တီးမြေနေရာဘက်ကို ကရိယာအစုံအလင်ဖြင့် မြွေဖမ်း ထွက်ကြသည်။ တစ်ကောင်မျှ မရသည့်အပြင် နတ်မြွေတွေလိုက်လို့ ထွက်ပြေးလာရတယ်ဆိုပြီး ပြောသံကြားဖူးသည်။ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့၊ မြွေဆိုးတွေပေါတာတော့ သေချာသည်။ သည်အကြောင်းတွေ ကိုအောင်ဝင်း မသိဘဲ အဲဒီဘက်ကို သွားနေပြီကော။ ကန္တာရဆူးခြုံတွေနှင့် ဆီးကိုင်းတွေကြား တိုးဝှေ့ပြီး သူ သွားနေပုံက လရောင်အောက်မှာ အညောင်းအညာပြေ လမ်းလျှောက်

mgyoe.com

mgyoe.com SAMPLE BOOK

နေသလိုမျိုး။ ပူပန်မှုမရှိ အေးအေးဆေးဆေး။

ကိုငါးမူးကို လှည့်ကြည့်လိုက်သည်။ သူ့မျက်လုံးတွေကလည်း ကိုအောင်ဝင်းဆီကို ရောက်နေသည်။ ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီး ရပ်နေ၏။ အသက်ရှူမှ ရှူသေးရဲ့လား။ ကိုငါးမူး၊ ကိုငါးမူး။ သူ့လက်မောင်းကို သုံးခါလှုပ်ပြီး ခေါ်လိုက်တော့ သတိဝင်သွား၏။

"ကိုအောင်ဝင်းက ဟိုအထဲကို သွားတော့မှာ ဘယ်လိုကြလုပ်မလဲ"

အထစ်ထစ်အငေါ့ငေါ့ဖြင့် သူ့ကို မေးလိုက်သည်။ သူသည် ကျွန်တော့်ကို စောင်းငဲ့ကြည့်ပြီးနောက် ကန္တာရဆူးပင်တွေကြားထဲသို့ တိုးဝှေ့ပျောက်ကွယ်သွားသည့် ကိုအောင်ဝင်းဆီကိုပဲ ငေးနေဆဲ။ အဲသည်နေရာက အန္တရာယ်ကြီးမှန်း ကျွန်တော့်ထက် သူက ပိုပြီး သိမှာပါ။ ဘာဖြစ်လို့ ကိုအောင်ဝင်းကို မတားရတာလဲ။ တွေးရင်းဖြင့် စိတ်တိုသွားသည်။

သူ့မျက်လုံးတွေထဲမှာ ရှုပ်ထွေးနေသလို ရှိနေသည်။ အဖြေတစ်ခုခုကို ရှာနေသလား မသိ။ ထို့နောက် အွန်းအွတ်အွတ် အသံပြုပြီး ရွာကိုသွားဖို့ အချက်ပြလိုက်သည်။ ကိုအောင်ဝင်းကို သူ့ထိုက်နှင့်သူ့ကံပဲဟု ပစ်ထားလိုက် ဟန်တူပါသည်။ ကိုအောင်ဝင်းအတွက် စိတ်ပူတာကလွဲပြီး ကျွန်တော်ကကော ဘာတတ်နိုင်မည်နည်း။ ခြေလှမ်းတွေ လေးကန်နေပြီး၊ မြွေရှိသည့်နေရာဘက်ကို ကွေ့ရှောင်ပြီး သွားရသည်။ သည်တစ်ခါတော့ ကိုငါးမူးက ရှေ့မှသွား၍ ကျွန်တော်က သူ့နောက်မှာ။ စောစောတုန်းကလို စကားတဖောင်ဖောင်လည်း မပြောနိုင်တော့ပေ။ ကျွန်တော်တို့ ရွာကိုပြန်ရောက်တော့ ကိုလှကြည် လှည်း ရောက်မလာသေး။ ကျွန်တော့် မျက်လုံးထဲတွင် ကိုအောင်ဝင်းကိုပဲ မြင်ယောင်နေမိသည်။ အိမ်ပြန်ဖို့ ခြေလှမ်းပြင်နေစဉ် ကိုငါးမူးက ကျောက်သင်ပုန်းပေါ်မှာ စာရေးပြီး ကျွန်တော့်ကို ပေးလိုက်သည်။

"ဒီနေ့ မင်း မြင်တာတွေကို ဘယ်သူ့မှမပြောနဲ့နော်"

တခြားသူတွေကို ကျွန်တော် ပြောမိမှာ စိုးရိမ်နေရှာသည်။ စာဖတ်ပြီး ဟုတ်ကဲ့ပါ ကျွန်တော် မပြောပါဘူး နားလည်ပါတယ်ဗျဟု ပြန်၍ပြောလိုက်ရသော်လည်း ဘာကိုနားလည်မှန်း ကျွန်တော်လည်း မသိ။ အိမ်အပြန်တွင် နေသည် လောင်မီးကျတော့မည့်အလား တရှိန်ငြီးငြီး ပူပြင်းနေလျက်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၇)

ရာသီဥတုက ရုတ်တရက် ပြောင်းသွားသည်။ မိုးသည် တဖွဲဖွဲ ရွာသွန်းနေလျက်။ စရွာကတည်းက သည်းကြီးမည်းကြီး ရွာသည်မျိုး မဟုတ်ဘဲ မိုးဖွဲလေးတွေ အဆက်မပြတ် ကျလာသည်။ နောက်တော့ အရှိန်ရလာပြီး နေ့လည်းရွာ၊ ညလည်းရွာ။ မိုးဖြူမစဲ မိုးမည်းမရွာဟု ပြောကြသည်။ တချို့ကလည်း စနေ ညနေစောင်းမှာ ရွာသည့်မိုးသည် ရက်တစ်ပတ်အထိ ကြာတတ်သည်ဟု ဆိုကြပြန်သည်။

"မိုးကလည်း ကောင်းချက်တော်"

ဟုတ်ပါသည်၊ အမေပြောလည်း ပြောစရာပါ။ ဝါဆိုလဆန်း တစ်ရက်နေ့ကတည်းက တစိမ့်စိမ့်ရွာနေသည့်မိုး။ သည်ကနေ့ လေးရက်မြောက်နေ့ ရောက်လာသည့်တိုင် အားကုန်သွားမည့်အရိပ်အရောင် မတွေ့ရသေးပေ။ အညာမှာ ရွာသည့်မိုးသည် ခန့်မှန်းရခက်၏။ မရွာတော့လည်း မရွာသမို့ မိုးကိုမျှော်နေရ။ ရွာပဟော့ ဆိုလျှင်လည်း စိမ်ပြေပြေ။ သုံးလေးရက် ဆက်တိုက်ရွာပြီဆိုမှဖြင့် စိမ့်နေအောင် အေးနေ၍ မိုးပေါက်ထိမှာကိုပဲ ကြောက်နေကြသည်။ အရေးတကြီးကိစ္စ မရှိလျှင် အပြင်မထွက်ကြဘဲ အိမ်တွင်းအောင်းနေကြရသည်။ မြို့မှာနေကြသူတွေလို ထီးတို့ မိုးကာအင်္ကျီတို့လို ဆောင်းစရာတွေလည်း မရှိပေ။ သည်ဟာတွေက တစ်နှစ်လုံးမှာ မိုးရွာတာနည်းပြီး နေပူတာချည်းမို့ ဝယ်ထားစရာ မလိုဟုလည်း တွေးထား၏။ အလကားမတ်တင်း ပိုက်ဆံအကုန်မခံချင်ကြတာလည်း ပါသည်။ ကျေးလက်ဒေသ

mgyoe.com

mgyoe.com SAMPLE BOOK

က အညာသူအညာသားတွေအတွက် နေပူပြင်းသည်ကို ရေးကြီးခွင်ကျယ် လုပ်မနေကြ။ ပြီးတော့ မိုးရာသီရောက်လာသော်လည်း တစ်မိုးတွင်းလုံး အဆက်မပြတ် ရွာနေသည့် အောက်အရပ်ဒေသတွေလို မဟုတ်။

အညာမှာ မိုးတွေ သည်းကြီးမည်းကြီးရွာတာ နည်းသည်။ ခပ်ဖွဲဖွဲလေး ဖြိုးဖြိုးဖျောက်ဖျောက်လေးပဲဆိုတော့ တစ်အိမ့်တစ်အိမ်ကို သွားစရာရှိလျှင် ပုဆိုးလေး ခေါင်းပေါ်တင်ပြီး သွားလိုက်ကြစမြဲ။ ရှိတာလေး ချက်ပြုတ်စားပြီး အပြင်မထွက်ကြတော့ဘဲ အိမ်တွင်းအောင်းနေကြစမြဲ။ ထို့ကြောင့် မိုးရာသီအချိန်ရောက်တိုင်း မိုးကိုမျှော်ကြရတာ ထုံးစံလိုဖြစ်နေသည့်တိုင် မိုးကိုကြောက်သည့် အညာဟု ပြောရမည်လားမသိ။

အိမ်တံစက်မြိတ်ဆီက စီးကျနေသည့် မိုးရေစက်တွေကို ငေးကြည့်နေမိသည်။ ကျွန်တော်တို့အိမ်က အုတ်ဖိနပ်ခံ ထရံကာ သွပ်မိုးနှစ်ထပ်အိမ်။ ရှေ့ကို ထန်းရွက်မိုးပြီး အဖီချထားသည်။ မျက်နှာချင်းဆိုင်နေသည့် တန်းလျားခုံနှစ်လုံး အလယ်မှာ စားပွဲကြမ်းတစ်လုံး ရှိသည်။ ဧည့်သည်ဆောင်သည် ရောက်လာလျှင် ဧည့်ခံဖို့၊ ထမင်းစားတော့လည်း သည်နေရာ။ မလှမ်းမကမ်းမှာတော့ အမေ့ယက္ကန်းစင် ရှိသည်။ များသောအားဖြင့် ညအိပ်ချိန်ရောက်မှပဲ အိမ်ထဲကို ဝင်ကြသည်။ တစ်ခါတစ်လေ ပူလွန်း၍ အိမ့်တောင်ဘက် နှမ်းတွေလှမ်းသည့် တလင်းပြင်မှာ ခုတင်ရွှေ့ပြီး အိပ်ကြသည်။ အဲသည်လို ညမျိုးဆိုလျှင် ကျွန်တော် ပျော်သည်။ မိုးကောင်းကင်ကြီးထဲက ကြယ်တွေကို ငေးရတာ သဘောကျသည်။ အနားမှာ အဖေနှင့်အမေ ရှိနေတာကြောင့် ထိတ်လန့်ကြောက်ရွံ့စိတ်တွေလည်း မဖြစ်။ ကြယ်တွေကို ရေတွက်ရင်းဖြင့် မည်သည့်အချိန်မှာ အိပ်ပျော်သွားမှန်းတောင် မသိခဲ့။ ခြံဝင်းက ကျယ်ဝန်းသည်။ အိမ်နောက်ဖေး ထနောင်းပင်အောက်မှာ နွားတဲရှိသည်။ အိမ်ခြံဝင်းထောင့်မှာ သူရင်းငှား ကိုသန်းကြွယ်တို့ မိသားစု နေကြသည်။

တကယ်တော့ မိုးရွာရန်ကောဟူ၍ ပြောနေရသော်လည်း ဝါဆိုလမှာ မိုးရွာစမြဲ။ တစ်လလုံး မိုးတစ်စက်မျှ မကျလျှင်ဖြင့် စိတ်ပူရသည်။

"ခြေတော်ရာဘုရားပွဲလည်း မိုးလွတ်ပါ့မလား မသိဘူး"

အမေ့စိတ်အာရုံတွေက အရာတော် ခြေတော်ရာဘုရားပွဲကို ရောက်နေလေပြီ။ ဝါဆိုလပြည့်နေ့အထိ ရက်တစ်ပတ်ကျော် ကျင်းပသည့် ဘုရားပွဲဖြစ်၍ စည်ကားသည်။ အမေသည် တစ်နှစ်လုံး အရာတော်ကို မပြန်ဖြစ်သော်လည်း ခြေတော်ရာဘုရားပွဲ ရောက်လျှင်ဖြင့် မနေနိုင်တော့။ လဆန်း ၁၁ ရက်နေ့ကတည်းက

mgyoe.com

mgyoe.com SAMPLE BOOK

အရာတော်ကိုသွားဖို့ ဟန်တပြင်ပြင် ဖြစ်နေလျက်။

"ကဲ ဘာအလုပ်မှ မရှိတဲ့အတူတူ ထမင်းစားကြစို့ရဲ့"

အဖေ့ပြောသံ မဆုံးသေး သံဇလုံထဲကို ထည့်လာသည့် ပဲထမင်းတွေက အငွေ့တထောင်းထောင်းဖြင့် စားပွဲပေါ်ကို အဆင်သင့် ရောက်နှင့်နေချေပြီ။ ပဲထမင်းဆိုတာက ဆန်နှင့်ပဲကို ရောချက်ထားခြင်းဖြစ်သည်။ ပဲကြားနှင့်ချက်ထား၍ ထမင်းတွေလည်း နီနီရဲရဲ။ ပဲထမင်းရယ်၊ ငံပြာရည်ချက်ရယ်၊ တို့စရာက ရေနွေးဖျောထားသည့် အဝေရာ အရွက်တွေရယ်။ ဆူးပုတ်လေးနှင့် ဟင်းရွက်စုံ ဟင်းချိုပူပူရယ်။ မိုးအေးအေးမှာ နှာရည်တရွဲရွဲ၊ ရှူးရှူးရှဲရှဲနှင့် တွယ်လိုက်ရလျှင်ဖြင့် မြိန်ချက်ကတော့ ကမ်းကုန်။ ကျွန်တော်က ဆူးပုတ်ကြီးကို အနံ့ပြင်းလွန်း၍ မကြိုက်ပေ။ သို့ရာတွင် ဆူးပုတ်ကြီးခပ်ထားသည့် ပဲကြီးဟင်းချိုကြတော့လည်း ခံတွင်းအတွေ့သား။ ပဲတွေထဲတွင် ပဲကြီးဟင်းက တစ်မျိုးတစ်ဘာသာ။ သူ့ကို နူးအိသွားအောင် ချက်ဖို့ အချိန်နည်းနည်း ကြာသော်လည်း သူ့အရသာက ဆိမ့်နေပြီး အချိုဓာတ်အနည်းငယ်ပါသည်။

အညာမှာ ဟင်းချက်စရာ အသီးအရွက်တွေကလည်း သူ့ရာသီနှင့် သူပေါပေါ့။ ကင်းပုံသီး၊ ခွေးတောက်ရွက်၊ ပြည်ပန်းညို၊ ဆူးပုတ်လေး၊ ကင်ပွန်းချဉ်စသည်။ ညနေစောင်း တောကပြန်လာတိုင်း ခူးလာကြစမြဲ။ ကိုယ့်အတွက်သာ မဟုတ်ပါ အိမ်နီးချင်းတွေကို ပြည်ပန်းညိုလည်း ပါတယ်ဟဲ့၊ ခွေးတောက်ရွက်ကလေးလည်း ယူဦးဟဲ့ စသဖြင့် ဝေငှပေးကြလေ့ရှိသည်။ ကျွန်တော်ဖြင့် နွေဦးပေါက်ချိန်ရောက်တိုင်း ပျော်နေမိသည်။ ပေါက်ပန်းဖြူသုပ်၊ ခံတက်ချဉ်သုတ်၊ ဟင်းကလာချဉ်သုတ်တွေကို မုန်းနေအောင် စားရသည်ကော။

ဟင်းကလာချဉ်သုတ်ကို နေ့ခင်းမှာ သွားရည်စာလို သဘောထားပြီး သုတ်စားကြသည်။ ငရုတ်သီးစပ်စပ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူထောင်းပြီး စားလိုက်ရရင်ဖြင့် ပါးစပ်က လေချွန်နေရသည့်တိုင် မကုန်မချင်း တဇွပ်ဇွပ် စားနေမိပြန်၏။ တစ်ခါတော့ အမေမှာလိုက်၍ အရာတော်က အဖေပြန်လာတော့ ပဲပုတ်စေ့တွေပါလာခဲ့သည်။ အမေသည် ပဲပုတ်စေ့တွေကို ပထမဆုံး နူးအောင်ပြုတ်လိုက်သည်။ ထို့နောက် ရေစစ်ပြီး ဆုံထဲထည့်ထောင်း၍ မညက်တညက်ရှိသွားချိန်တွင် ဖျာကြမ်းပေါ်ကို သွန်ချလိုက်သည်။ ပြီးမှ ဆားနှင့် ငရုတ်သီးမှုန့်တွေဖြူး၍ နှံ့အောင်နယ်သည်။ လုပ်ရတာ နည်းနည်းလက်ဝင်ပေမယ့် မထွေးရင်၊ မစိန်တင့်တို့ အိမ်နီးချင်းတွေလည်း လာပြီးကူကြသည်။ ပဲပုတ်တွေကို လက်ဖြင့် နည်းနည်းချင်းဖဲ့ပြီး ကျပ်ပြားဝိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

သာသာ အပြားကလေးတွေလုပ်သည်။ တစ်ယောက်တစ်လက် ဆိုတော့လည်း တခဏ လေးဖြင့် ပြီးသွား၏။ သည့်နောက် ပဲပုတ်ပြားတွေကို နှစ်နေလောက် လှမ်းပြီးသည်နှင့် ပဲပုတ်ခြောက် ဖြစ်သွားပြီ။ အိမ်နီးချင်းတွေကို တစ်ယောက်ကို ပဲပုတ်ခြောက် ဆယ့် ငါးချပ်စီ ဝေပေးသည်။ အဲသည် ပဲပုတ်ခြောက်ပြားကလေးတွေကို မီးအုံးပြီး စား ချင်စား၊ နို့မဟုတ်လျှင်လည်း ဆီနှင့်ကြော်ပေါ့။

ပဲပုတ်ကြော်တွေကို မကြိုက်ကြသူတွေအတွက် နံလည်းနံ၊ ငံလည်းငံနေ၍ နှာခေါင်းရှုံ့စရာ ဖြစ်ပေမယ့် ကျွန်တော်ကတော့ ကြိုက်သည်။ ထမင်းပူပူနွေးနွေး ကလေးကို ပဲပုတ်ကြော်ဆီဆမ်း၍ ပဲပုတ်ပြားလေးဖဲ့ပြီး စားလိုက်ရလျှင်ဖြင့် ထမင်း တွေက ဗိုက်ထဲကို လျှောခနဲ လျှောခနဲ ဝင်သွား၏။ အမေက ဘာဟင်းပဲချက်ချက် ဆီကလည်းပေါ၍ ဆီရွှဲရွှဲနှင့် ချက်သည်။ ဆီနည်းနည်းနဲ့ ငါ မချက်တတ်ဘူးတဲ့။ ဟင်းချိုထဲကိုလည်း အနည်းဆုံး ဆီတစ်ဇွန်းလောက် ခပ်ထည့်လိုက်ရမှ ကျေနပ် သည်။ ဟင်းမှန်သမျှ ဆီတွေဝေ့နေမှ စားကောင်းတာရယ်ဟု ပြောစမြဲ။

ကျွန်တော်တို့ ရွာကို လူမိုက်ရွာဟု ဆိုကြသော်လည်း အမဲနှင့်ဝက်ပေါ်တဲ့ သူ မရှိပေ။ စားချင်လျှင် တခြားရွာတွေဆီသို့ သွားဝယ်ရသည်။ ဘယ်သူမှလည်း ဝယ်မစားကြ။ အသားငါးဆို၍ထမင်းဝိုင်းမှာ ငါးပိကောင်ကြော်လောက်ပဲ တစ်ခါ တစ်လေမှ တွေ့ရတတ်သည်။ ထမင်းဝိုင်းမှာ ပဲရေပွကြော်၊ ခါးဆစ်သီးနှင့် ချဉ်ပေါင် ရွက်ချဉ်ရေ ပြီးတော့ ငရုပ်သီးထောင်းဆိုလည်း စားလို့ ကောင်းသမှ။ ပဲကလည်း ပေါ်ဆိုတော့ ဘရိတ်ဖတ်စ်ဖြစ်ဖြစ်၊ လန့်ချ်ဖြစ်ဖြစ်၊ ဒင်နာပဲဖြစ်ဖြစ် သူ မပါလျှင်မပြီး။ ချက်၍တစ်နည်း၊ ကြော်၍တစ်ဖုံ၊ လှော်၍တစ်မျိုးနှင့် သူ့ခမျာ ထမင်းဝိုင်းမှာ လို သလို ပင်တိုင် အသုံးတော်ခံနေရသည်။ ထို့ကြောင့် ဟင်းတွေ ဘယ်လောက်ပဲ ကောင်းကောင်း အညာသားသည် ပဲမပါလျှင် ထမင်းမစားတတ်သလို ဖြစ်နေမည် လား မပြောတတ်ပေ။

ကျွန်တော်တို့ သားအမိ သားအဖသုံးယောက် ထမင်းစားနေစဉ် လူရိပ် လူယောင် တွေ့လိုက်ရ၍ လှမ်းကြည့်လိုက်သည်။

"ဟောဗျာ. . ."

မထင်မှတ်ဘဲ ကိုအောင်ဝင်းကို တွေ့လိုက်ရ၍ အံ့ဩဝမ်းသာသွားသည်။ ခေါ်မရ အော်မရဘဲ မြွေဆိုးတွေပေါသည့် ကန္တာရဆူးခြုံတွေထဲကို ဝင်သွားက တည်းက ကျွန်တော့်မှာ စိတ်တထင့်ထင့်။ သည်ရက်ပိုင်း မိုးတွေရွာနေ၍ ကိုင်းမူး ဆီကိုလည်း မရောက်ဖြစ်ခဲ့။ ကိုအောင်ဝင်း ဘယ်ကပြန်လာတာလဲ၊ သူ့တစ်ကိုယ်လုံး

mgyoe.com

mgyoe.com SAMPLE BOOK

မိုးရေတွေရွှဲစိုပြီး ခိုက်ခိုက်တုန်နေလျက်။

"ထမင်းဆာတယ် ထမင်းစားမယ်"

ကျွန်တော်တို့ ထမင်းဝိုင်းအနားကို ရောက်သည်နှင့် ကလေးလို ပူဆာတော့သည်။

"ဟာ. . . အေ. . . အေး. . . မခင်ရီရေ မောင်အောင်ဝင်း ထမင်းဆာလာဟန် တူတယ်ကွ၊ ဒီမှာလာထိုင်ကွာ"

အဖေက ပြောရင်းဖြင့် တန်းလျားခုံပေါ်မှာ နေရာချဲ့ပေးပြီး သူစားတော့မည့် ထမင်းပန်းကန်ကို ပေးလိုက်သည်။

"ဟောတော် ဒီကောင်လေးတော့ မိုးရွာကြီးထဲ ထွက်လာရတယ်လို့ ဖျားတော့ နာတော့မှာပါပဲ"

အမေ စိတ်ပူသွားပြီး ထန်းပလက်ပြား ပက်လက်ကုလားထိုင်ပေါ်မှာ တင်ထားသည့် ဖျင်တဘက်ကလေးကို သွားယူလိုက်သည်။ အအေးမိမှာစိုး၍ သူ့ဆံပင်တွေကို ခြောက်အောင် တဘက်နှင့် သုတ်ပေးနေပေမယ့် မရ။ ထမင်းစားမယ် ထမင်းစားမယ်ဟု တကျည်ကျည်ပြောနေဆဲ။ တော်တော်လေးကို ဆာနေရှာတာပါ။ သံပန်းကန်ပြားထဲက ငံပြာရည်ချက် ဆမ်းပေးထားတဲ့ ပဲထမင်းတွေ မျက်လှည့်ပြလိုက်သလို ခဏလေးဖြင့်ပျောက်သွားသည်။ တစ်ပန်းကန်ကုန်တော့ နောက်ထပ် တစ်ပန်းကန် ထပ်ထည့်ပေးလိုက်ရပြန်သည်။ သုံးပန်းကန်မြောက်ကုန်သွားတော့မှ ခေါင်းရမ်းပြသည်။ သည်နေ့မနက် ထမင်းတွေ ပိုချက်ထား၍တော်သေး၏။ အမေက ကိုအောင်ဝင်းတစ်ယောက် ထမင်းတွေ အားပါးတရစားနေသည်ကို ကြည့်ပြီး ပျော်နေရှာသည်။ ကျွန်တော်လည်း ပျော်နေမိသည်။ အန္တရာယ်ကြီးသည့် ဖုန်းဆိုးတောထဲက ဘာမှမဖြစ်ဘဲ ပြန်လာနိုင်ခဲ့၍ ပျော်နေခြင်းပါ။ သို့ရာတွင် သည်အကြောင်းကိုတော့ အမေတို့ကို ပြော၍မဖြစ်။

ကိုငါးမူးလည်း ခြေတော်ရာဘုရားပွဲကို သွားကြဦးမှာလား။ နောက်တစ်ရက်တွေ့မှပဲ မေးတော့မည်။ ဘုရားပွဲက ရက်ရှည်ကျင်းပ၍ စည်ကားသည်။ ပွဲဈေးတန်းမှာလည်း ကြိတ်ကြိတ်တိုး။ နေ့ခင်းဝယ်စရာရှိတာဝယ်၊ ညကျတော့ ဇာတ်ကြည့်ကြသည်။ ကျေးလက်ဒေသတွေ၏ တစ်နှစ်တာ စီးပွားရေးအခြေအနေကို ဘုရားပွဲဈေးသည်တွေ ဈေးရောင်းကောင်း မကောင်းနှင့် အကဲဖြတ်နိုင်သည်။ သီးနှံတွေအောင်သည့်နှစ်မှာ ဈေးသည်တွေ ဘုရားပွဲမပြီးခင်ကတည်းက ရောင်းစရာမကျန်လောက်အောင်အထိ ဈေးရောင်းကောင်းကြသည်။ ကျွန်တော်ဖြင့် ခြေတော်ရာ

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားပွဲမှာ တစ်ခြားဈေးသည်တွေ ရောင်းကောင်း မကောင်းတော့မသိ။ အုန်းသီးသည်တွေတော့ နှစ်တိုင်း ဈေးရောင်းကောင်းမည် ထင်သည်။ ဝါဝင်တော့မှာမို့ နတ်အုန်းဆွဲဖို့ ဝယ်ကြရပြီကိုး။ ကျွန်တော့်မှာလည်း ဒုက္ခ။ အုန်းသီးနှင့် နာနတ်သီး စားချင်လျှင် ဘုရားပွဲရောက်မှပဲ စားရသည်။

အုန်းသီးသည်တွေက ဘုရားပွဲမရောက်ခင် လေးငါးရက်လောက်ကတည်းက ကြိုရောက်နှင့်ကြတာတဲ့။ အုန်းသီးခုတ်ပြိုင်ပွဲ ရှိတာကိုး။ တကယ်တော့ အပျော်သဘောနှင့် လောင်းကြေးစားကြေး လုပ်ကြတာပါ။ အုန်းသီးတစ်လုံးကို ဓားနှင့် တစ်ချက်တည်းဖြင့် တိခနဲ ဖြတ်နိုင်မလား၊ အုန်းသီးနှစ်လုံးဆင့်ပြီး ခုတ်ရင် ဘယ်နှစ်ချက်နဲ့ ပြတ်အောင်ခုတ်နိုင်မလဲ။ ရှုံးတဲ့သူက အုန်းသီးဖိုးကို ပေးရသည်။ နံဘေးက ဝိုင်းကြည့်နေကြသူတွေကလည်း အုံခဲနေလျှက်။

တစ်ယောက်နှင့် တစ်ယောက် စကြနောက်ကြ၊ ရယ်ရယ်မောမော၊ ပျော်ပျော်ရွှင်ရွှင်။

ရပ်ဝေးရောက်နေကြသည့် အရာတော်သူ အရာတော်သားမှန်သမျှ ခြေတော်ရာ ဘုရားပွဲရောက်တိုင်း ပြန်လာကြစမြဲ။ မလာနိုင်ကြသူတွေကလည်း တန်ဆောင်မုန်း ကထိန်မှာ ပြန်လာကြတာတဲ့။ မည်သည့်နေရာမှာ မွေးဖွားကြသည်ဖြစ်စေ လူတိုင်းလိုလို ကိုယ့်မွေးဖွားရာ ဇာတိမြေကို သံယောဇဉ်တွယ် ချစ်မြတ်နိုးကြသည်။ ထို့ကြောင့် အကြောင်းကြုံဆိုက်လျှင် ပြန်ချင်ကြသည်။ ကိုယ့်ဇာတိ၊ ကိုယ်လူလားမြောက်ခဲ့ရသည့်နေရာမှာ ချစ်စရာကောင်းသည့် ကိုယ့်ငယ်ဘဝတွေရှိသည်။ ဆွေမျိုးအသိုင်းအဝိုင်းတွေ ရှိသည်။ မေ့မရသည့် ပျော်ရွှင်မှုတွေရှိသည်။ လဆန်း ၁၂ ရက်နေ့တွင် အမေနှင့် အရာတော်ကို သွားကြသည်။ မန္တလေးမှ ဒွေးလေး ဒေါ်ခင်မှိုလည်း ရောက်နှင့်နေပြီ။ အဘွား၏ အိမ်မှာပဲ တည်းသည်။ တောင်ဘက်အိမ်မှာနေသည့် ဒွေးကြီးဒေါ်ခင်သိန်းလည်း ရောက်လာသည်။

ဒွေးကြီးနှင့် အဘွားက အိမ်ဝိုင်းတစ်ခုတည်းမှာ နေကြတာပါ။ အိမ်နှစ်လုံးက ပေနှစ်ဆယ်လောက်ပဲ ဝေးသည်။

တစ်ချိန်က အဘွား၏ ကုန်ခြောက်ဆိုင်ကလေးကို ဒွေးကြီးက ဆက်၍ဖွင့်ထားသည်။ ညီအစ်မသုံးယောက် အတူ ဆုံကြတော့ အမေတို့မှာ စကားတွေ ပြောမကုန်။ အမေလည်း ရွာမှာနေရတုန်းကလို မဟုတ်ဘဲ ရွှင်ရွှင်လန်းလန်း။

"ငါ့မြေးလေး ထွားလာလိုက်တာ အဘွားတောင် မမှတ်မိဘူး"

ကျွန်တော့်လက်မောင်းကို အသာအယာ ဆုပ်ကိုင်ရင်း ပြောလိုက်တော့

mgyoe.com

mgyoe.com SAMPLE BOOK

ခွေးလေးတို့က ရယ်ကြသည်။ အဘွားက အသက်လည်းကြီး မျက်စိလည်းမှုံနေပြီ ဥစ္စာ။ သို့သော်လည်း အဘွား၏ အသိစိတ်ထဲတွင် ကျွန်တော် ငယ်ငယ်တုန်းက ပုံရိပ်တွေ ရှိနေခဲ့၍ နှိုင်းယှဉ်ပြောလိုက်ပုံ ရပါသည်။

အပြင်က ပြန်လာသည့်အစ်မကို တွေ့လိုက်၍ အမေ့မျက်နှာ အနည်းငယ် တင်းမာသွား၏။ အမေက အစ်မအပေါ် မှာ ဘာတွေ မကျေနပ်ချက်တွေ ရှိနေသည် မသိ။ သားအမိချင်းဖြစ်သော်လည်း သူစိမ်းဆန်နေသည်။ အစ်မက ငယ်ငယ်က တည်းက အဘွားနှင့် အတူနေခဲ့၍ အမေ့သမီးဆိုတာထက် အဘွား၏သမီး ဖြစ်နေ သည်။ အဘွားကလည်း အစ်မကို အလိုလိုက်သည်။ အစ်မပညာရေးက မကောင်း၊ ကိုးတန်းနှစ်နှစ်ကျပြီး ဆက်မဖြေတော့ဘဲ စက်ချုပ်နေသည်။ ခွေးလေးက ကြားက နေပြီး အားနာနေ၍ အစ်မနှင့် ခဏစကားပြောသည်။

အမေက အေးသလောက် ဒေါသကြီးသည်။ အရာတော်ကို ရောက်ခိုက် အစ်မကို စိတ်တိုင်းမကျလျှင် ဆံပင်ဆွဲပြီး ပါးရိုက်ပစ်လိုက်တာတဲ့။ သည်မှာပင် အဘွားက ကြားက မခံမရပ်နိုင်ဖြစ်ပြီး အမေ့ကို ဆူပါလေရော။

"အမေ့ကြောင့် ခက်တယ်၊ အမေကရှေ့ကနေ ကာဆီးကာဆီး လုပ်နေ တော့ ကျွန်မက ဘယ်လို ဆုံးမလို့ရမလဲ"

"ဒါတော့ ညည်းငယ်ငယ်တုန်းကလိုပဲလေ၊ အခုမှ ဘာများ ကြီးကြီးကျယ် ကျယ် လုပ်နေရတာတုန်း"

အဘွားရဲ့စကားက အမေ့ကို ချက်ကောင်းထိသွားစေပြီး နောက်နောင် အစ်မနှင့် ပတ်သက်လာလျှင် ဘာမှမပြောတော့ဘူးတဲ့။ အစ်မကလည်း ပြတ်သည်။ သူ့စိတ်ထဲတွင် အမေဆိုသည့် အသိက ခပ်ရေးရေးပဲ ရှိတော့ဟန်တူသည်။ ရွာကို တစ်နှစ်နေ၍ တစ်ခေါက်မလာခဲ့။ ထို့အတူ အစ်ကိုကလည်း အမေ ဘုရားပွဲလာမှန်း သိပေမယ့် အဘွားအိမ်ကို ရောက်မလာ။

ဒါကြောင့်လည်း အမေက "မမလေးရယ် ကျွန်မမှာ တင်မြိုင်နဲ့ အုန်းရွှေကို သားသမီးရယ်လို့ စိတ်ထဲမရှိတော့ပါဘူး။ ကျွန်မသားလေးကိုပဲ အားကိုးတော့မှာပါ" ဟု ခွေးလေးကို ပြောရှာသည်။ တစ်နေ့တစ်ချိန် ငါတို့ အိုမင်းလာပါက အားကိုးရမည့် သားဟု မိဘ၏မျှော်လင့်ချက်တွေ။ ကျွန်တော်က အမေအားကိုးရမည့် အားကိုးထိုက် သည့် သားတစ်ယောက်လား။

အမေတို့မှာ မောင်နှမလေးယောက်ရှိသည်။ အစ်ကိုအကြီးဆုံး ဦးထွန်းရီ က မိုးကုတ်မှာနေသည်။ ဘခွေးကြီးကို ကျွန်တော် တစ်ခါမျှမတွေ့ဖူးသေး။ ဒုတိယမှာက

mgyoe.com

mgyoe.com SAMPLE BOOK

ဒွေးကြီး ဒေါ်ခင်သိန်း။ ပြီးမှ ဒွေးလေး ဒေါ်ခင်မှီဖြစ်သည်။ အမေကတော့ အငယ်ဆုံးပေါ့။ ဒွေးလေးနှင့် အမေက နှစ်နှစ်ကြီး နှစ်နှစ်ငယ် ညီအစ်မလိုသာ မဟုတ်ဘဲ သူငယ်ချင်းတွေလိုလည်း ဖြစ်နေကြသည်။ သားသမီးလေးယောက်ထဲမှာ အငယ်ဆုံးဖြစ်သည့် အမေ့ကို အဘွားက အချစ်ဆုံး။

အဘွားက စိတ်ဓာတ်မာကျောသည်။ အဘိုးဆုံးပြီးနောက် သားသမီးလေးယောက်စလုံးကို ဈေးတောင်းခေါင်းရွက်ပြီး ကျွေးမွေးပြုစု ပျိုးထောင်လာခဲ့ရသည်။ ဈေးရောင်းတယ် ဆိုပေမယ့် အရာတော်မြို့ထဲမှာ ရောင်းတာမဟုတ်။

အရာတော်နှင့် အနည်းငယ်ဝေးသည့် ကြွေပုဂံတို့၊ ဝက်ခဲတို့လို ရွာတွေအထိ သွားရောင်းရခြင်းဖြစ်သည်။ အဘွား၏ ဈေးတောင်းထဲမှာ ငါးပိ၊ ငါးခြောက်၊ ဆား၊ နနွင်းမှုန့်တွေပါသည်။ ဈေးတောင်းကြီးကလည်း ကျွန်တော်တို့ ကလေးတစ်ယောက် ခွေအိပ်နိုင်လောက်အောင် ကြီးမားသည်။ ဈေးရောင်းတော့လည်း လက်ငင်း ပိုက်ဆံရတာနည်းပြီး တချို့က အကြွေး။ အများစုကတော့ ကုန်ပစ္စည်းချင်း ဖလှယ်ကြသည်။ ဤသို့ဖြင့် ငါးပိငါးခြောက်တွေ ထည့်လာသည့် ထန်းခေါက်တောင်းကြီးထဲမှာ ဈေးရောင်းပြီး အပြန်ကျတော့လည်း ထန်းလျက်တွေ၊ ပဲတွေပါလာခဲ့သည်။ အသွားရော အပြန်ရော ရွက်ရတာမသက်သာ။ ဘဒွေးကြီးက ငံပြာရည်ပုံးတွေထမ်းပြီး အဘွားနှင့် အတူ ဈေးရောင်းလိုက်ရသည်။ မနက် အရုဏ်တက်ကတည်းက ဈေးရောင်းဖို့ ထွက်သွားလိုက်တာ မွန်းတည့်ချိန်ရောက်မှပဲ အရာတော်ကို ပြန်ရောက်တာဟု အမေက ပြောပြဖူးသည်။ ဈေးရောင်းထွက်ရတာလည်း နေ့တိုင်းနားရက် မရှိ။ အမေ့မှာ အလေးနဲ့ ချိန်ခွင်သာရှိပါစေ ငါ့သားသမီးတွေကို ထမင်းဝအောင် ရှာကျွေးနိုင်တယ်ဆိုသည့် အဘွားရဲ့စကားတွေက သားသမီးတွေအပေါ်မှာ မိခင်တစ်ယောက်၏ မေတ္တာတရားနှင့် လောကဓံကို နောက်မတွန့်ဘဲ ရင်ဆိုင်ရဲသည့် သတ္တိနှင့် အားမန်တွေကို ဖော်ပြလျက်ရှိသည်။

အဘွား၏ စိတ်ဓာတ်က မာကျောသလို သားသမီး အားလုံးကိုလည်း လွှမ်းမိုးထားသည်။ အဘွားသဘောမတူဘဲ ဘာမှ ဆုံးဖြတ်ပိုင်ခွင့်မရှိ။ အိမ်ထောင်ပြုတာကအစ သူကိုယ်တိုင် ရွေးချယ်ပေးသည်။ သို့ရာတွင် အမေ့အလှည့် ရောက်တော့ မရတော့ပေ။ အဖေနှင့် အမေ့ကို အဘွားက လုံးဝသဘောမတူခဲ့။ အပြစ်က နှောကုန်းရွာသားမို့တဲ့။ နှောကုန်းဆိုတာ စရိုက်ကြမ်းပြီး လူမိုက်တွေနေတဲ့ရွာဟု အဘွားက သတ်မှတ်ထား၏။ အဖေလည်း နှောကုန်းသား ဖြစ်ရတာ ကံဆိုးသွားရှာသည်။

mgyoe.com

mgyee.com

"ငါ့သမီး လူမိုက်တွေပေါတဲ့ ရွာကလူနဲ့တော့ အမေ သဘောမတူဘူးနော်။ လူမိုက်နဲ့ရရင် လူမိုက်တွေပဲ မွေးမှာ"

အဘွားက ဘယ်လိုပဲပြောပြော အမေကလည်း လုံးဝမလျော့။ မအေတူ သမီးဖြစ်နေ၍ ဘူးဆိုရင် ဖရုံမသီးတဲ့ စိတ်ဓာတ်မျိုး။ အမေ သဘောမတူလည်း ကျွန်မကတော့ ကြိုက်မှာပဲဟု ဆိုပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် အဖေ့စက်ဘီး ကယ်ရီခုံပေါ် မှာထိုင်၍ နှောကုန်းကို လိုက်လာခဲ့သည်တဲ့။သည်အကြောင်းတွေကို ဒွေးလေး ပြောပြမှ သိရသည်။ ဒါကြောင့်မို့လည်း အဖေ့ကို အဘွားက အိမ်ရိပ် အနင်းမခံနိုင်အောင်အထိ ဖြစ်သွားဟန်တူပါသည်။

"အဲဒါလည်း အကြောင်းတစ်ချက်ပါတာပေါ့ ငါ့တူရယ်။ အရာတော်မှာ ပြည်သူပိုင်တွေ သိမ်းကြတော့ ဒွေးလေးတို့ဆိုင်လည်း အသိမ်းခံလိုက်ရတယ်လေ။ ဆိုင်က ဘာမှလည်း ကြီးကြီးကျယ်ကျယ်မဟုတ်ပါဘူးကွယ်။ တစ်နိုင်တစ်ပိုင် ဆိုင် ကလေးပါ။ အရာတော်မှာ ဒီလိုဆိုင်ကလေးချည်းပဲ။ ပြည်သူပိုင် အသိမ်းခံလိုက်ရ တော့ ကုန်းကောက်စရာမရှိအောင်အထိ ဖြစ်သွားတာ ငါ့တူရေ။ အဲဒီ ဆိုရှယ်လစ် အစိုးရဆိုတာကြီးကို အသည်းနာလွန်းလို့။ ဒါကိုကွယ် မင့်အဖေက သူတို့ပါတီယူနစ် ကော်မတီထဲမှာပါနေတော့ အရင်ကတည်းက အနာနဲ့မို့ ဒွေးလေးတို့က ဘယ်လို လုပ် သဘောတူနိုင်တော့မလဲ"

"ဘာလို့ ပြည်သူပိုင်သိမ်းတာလဲဟင်။ ဆိုရှယ်လစ်ဆိုတာက ဘာလဲဟင် ဒွေးလေး"

ကျွန်တော်က မေးလိုက်ပေမယ့် ဒွေးလေးလည်း ရေရေရာရာမပြောနိုင်။

"အရင်းရှင်မို့ သိမ်းတာလို့ကြားတာပဲ ငါ့တူရယ်။ အရင်းရှင်လို့ ပြောရ အောင် ရှိတာက တစ်ပဲခြောက်ပြားရယ်။ အရင်းရှင်လည်း ကိုယ်လုပ်မှ ကိုယ်စားရ တာပါ။ ဆိုရှယ်လစ်ဆိုတာတော့ ဒွေးလေးလည်း မသိဘူး"

ကျွန်တော်တို့ မိသားစုအကြောင်းကို ဒွေးလေးက ဘာကြောင့်ပြောပြနေ မှန်း နားလည်ရခက်နေသည်။ အမေက တစ်ဆင့် ပြောခိုင်းတာလည်း မဖြစ်နိုင်။ နောင်တစ်ချိန်မှာ အဖေနှင့် အမေ့ကို အထင်အမြင် လွဲသွားမှာစိုး၍ အခုကတည်း က စကားကြုံရင်း ပြောပြလိုက်သည်လား။ အဘွားစိတ်ဓာတ်က ထက်မြက်သည်၊ မာကျောသည်။ ဇွတ်တရွတ်ဆန်ပြီး ခေါင်းမာသည်။ အမေကလည်း အမေတူသမီး။ အဘွားလိုပဲ ခေါင်းမာသူ။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ တစ်ခုခုကို ယုံကြည်မိ လျှင် စွဲနစ်အောင်ယုံကြည်သူ။ ဒါကြောင့်လည်း အစ်ကိုနှင့် အစ်မကို စိတ်တိုင်းမကျ

mgyoe.com
SAMPLE BOOK


ကျွန်တော့်အပေါ်မှာပဲ မျှော်လင့်ချက်တွေထားသည့် အမေ့ရှေ့ရေးကို တွေးပြီး ကျွန်တော်သာ အဘွား၏ စိတ်ဓာတ်မျိုးရှိခဲ့လျှင် ကျွန်တော့်အနာဂတ်မှာ အမေ သဘောမတူတာမျိုးဖြင့် ကြုံတွေ့လာသည့်အခါ အမေစိတ်ဆင်းရဲမှာစိုး၍ ဒွေးလေး က ပြောပြဟန်တူပါသည်။ သည်အကြောင်းတွေကို အသက်ကြီးလာမှ အေးအေး ဆေးဆေးနှင့် တွေးကြည့်မိခြင်းဖြစ်သည်။

ဝင့်ဆိုတာ ဘဝမကူးဘူး ခံကြရတယ်တဲ့။ အမေဝင့်ရလည်မှာစိုး၍ဒွေးလေး က ပြောပြလိုက်တာလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ ညီမလေးအတွက် စိုးရိမ်သောကတွေနှင့် ဒွေးလေး၏ ချစ်ခြင်းမေတ္တာတွေကို မြင်တွေ့လိုက်ရ၍ ကြည်နူးသွားရသည်။ အမှန်တော့ ဒွေးလေးက စိတ်ပူနေလို့သာပါ၊ ကျွန်တော်က အဘွားနှင့် အမေတို့၏ စိတ်ဓာတ်တွေ မရှိသလောက်ဟု ဆိုရမည်။ အဲသည်တုန်းက ဒွေးလေးနှင့် စကားပြောရင်း ဆိုရှယ် လစ်ဆိုသည့် ဝေါဟာရကို ပထမဆုံး မှတ်မှတ်ရရ ကြားဖူးလိုက်သည်။ အံ့သြစရာ တော့ကောင်း၏။ ဆိုရှယ်လစ်ဆိုတာ ဘာမှန်းမသိကြဘဲ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီနှင့် အစိုးရအောက်မှာ ဒွေးလေးတို့၊ ကျွန်တော်တို့တစ်တွေ နှစ်ပေါင်းအတော် ကြာ နေခဲ့ကြရသည်။

ဒွေးလေးရဲ့ခင်ပွန်း ဦးလေးကြိုင်က ရှေ့ပန်းတိမ်ဆရာဖြစ်သည်။ ဦးလေး ကလည်း ပေါ့သေးသေးတော့မဟုတ်။ အခြေခံအလုပ်သမားအစည်းအရုံးအဖွဲ့ဝင်။ ဒွေးလေးကတော့ လုံးဝ သဘောမကျပေ။

"မြို့နယ်ပါတီယူနစ်က ဝင်ပါဆိုလို့ ငါလည်း ဝင်လိုက်ရတာလေ။ ဘာ မှန်းတော့ မသိပါဘူး။ အစည်းအဝေးတော့ မကောင်းတတ်လို့ တစ်ခါနှစ်ခါလောက် တက်လိုက်ရတာပေါ့ဟာ"

"တော့်ဘာသာ သွားချင်သွား၊ ဘာကြေးညာကြေး ထည့်ရမယ်ဆိုရင်တော့ တစ်ခါတည်း ထွက်ပစ်လိုက်"

ဒွေးလေး၏ နိုင်ငံရေး ရပ်တည်ချက်က ပြတ်သား၏။ အဘွားရဲ့ ဆိုင် ကလေး ပြည်သူပိုင် အသိမ်းခံလိုက်ရသည့် နာကျည်းမှုက ဒွေးလေးရင်ထဲမှာ ဘယ် လိုမှ ချေမရနိုင်သည့် အကြိတ်အခဲအဖြစ် ရှိနေဆဲ။ အမေလည်း ဖွင့်မပြောပေမယ့် ဒွေးလေးလိုပဲ ဖြစ်ပါလိမ့်မည်။ ထို့အတွက် အဖေ့အပေါ်မှာ မကြည်လင်တာတွေ ရှိနေမှာ သေချာသည်။ အမေသည် နိုင်ငံရေးအကြောင်း ဘာမျှမသိ။ ဒွေးလေးလိုပဲ ဆိုရှယ်လစ်ဆိုတာကိုလည်း နားမလည်။

mgyoe.com

mgyoe.com SAMPLE BOOK

"လူတွေမုန်းနေကြတာကို မင့်အဖေ မသိတာ အံ့အံ့ပါရဲ့"ဟု ကျွန်တော့်ကို ပြောခဲ့သည်။ ဤကား ကျေးလက်နေ ပြည်သူတစ်ယောက်၏ လက်တွေ့ဆန်သည့် နိုင်ငံရေးသုံးသပ်ချက်ဖြစ်သည်။

ခြေတော်ရာဘုရားပွဲရှိ၍ အရာတော်ကို ပြန်ရောက်တော့ အမေနှင့် ဒွေးလေးတို့လည်း ငယ်ဘဝတုန်းက အရိပ်တွေ ပြန်ပူးကပ်သွားပြီး ပျော်နေကြ၏။ ဘုရားပွဲဈေးတန်းကို သွားလိုက်။ ဆွေမျိုးတွေရဲ့အိမ်ကို သွားလည်ကြဖြင့် အားတယ်လို့ကိုမရှိ။ တစ်ရွာလုံးကလည်း ဆွေမျိုးတွေချည်းကိုး။ အရာတော်သည် မြို့ဖြစ်နေသော်လည်း တစ်ယောက်နှင့် တစ်ယောက် စကားပြောကြတိုင်း ရွာဆိုသည့် အသုံးအနှုန်းက ခိုင်မြဲနေဆဲ။ ရွာထဲက ဘယ်သူ့အိမ်ကို သွားကြရအောင်တဲ့။ ဘယ်သူကဖြင့် ရွာအနောက်ပိုင်းမှာ နေတာတဲ့။ အရာတော်ကို ပြန်လျှင်လည်း ရွာပြန်ဦးမယ်တဲ့။ အဲဒီလိုရယ်။ အမေ့မောင်ဝမ်းကွဲ ကျောင်းဆရာ ဦးကျော်ဆွေ၊ ဦးလေးသိန်းဌေး၊ ဘဘကြီးဦးဖေအောင်၊ ဦးဖုန်းချို၊ ဦးသန်းရွှေ ဆွေမျိုးတွေ စုံနေကြချိန်မှာ အားပါးတရ စကားပြောသံတွေ၊ ရယ်မောသံတွေ။

အရာတော်သူ အရာတော်သားတွေက ဆင်းရဲကြသော်လည်း မမြဲသော လောကဓံတရားကို ရှုမှတ်ပြီး ဘဝကို ပေါ့ပေါ့ပါးပါးဖြင့် ဖြတ်သန်းနေကြသည်။ တစ်ယောက်ကိုတစ်ယောက် မေတ္တာစိတ်တွေထားပြီး နွေးနွေးထွေးထွေးရှိကြသည်။ ရပ်ဝေးမှ ပြန်လာကြသူတိုင်းကို အပြုံးတွေဖြင့် ဆီးကြိုနေလျက်။ သို့ဖြင့် အရာတော်ကို ရောက်သွားတော့ ဆွေမျိုးတွေ၏ ချစ်ခြင်းမေတ္တာတွေ၊ စေတနာကရုဏာတွေက ကျွန်တော့်အပေါ် လွှမ်းခြုံသွားခဲ့သည်။

အမေက သူ့ငယ်ဘဝအကြောင်းတွေကို တစ်ခါတလေ ပြောပြရင်းဖြင့် အမေ့အလွမ်းစိတ်တွေ ကျွန်တော့်ရင်ထဲကို ရောက်သွားပြီး အမေလွမ်းသလို လွမ်းရသလို အရာတော်ကိုလည်း အမေ ချစ်မြတ်နိုးသလို ချစ်သွားခဲ့ရသည်။

ဘုရားပွဲပြီး၍ ရွာပြန်တော့ ဒွေးလေးလည်း လိုက်လာခဲ့သည်။ နောက်တစ်နေ့မှ ဖျောက်ဆိပ်ပင်လမ်းခွဲမှာ အရာတော်မှထွက်လာသည့် မော်တော်ကားကို စောင့်ပြီးနောက် မုံရွာကတစ်ဆင့် မန္တလေးကိုပြန်မည်ဖြစ်သည်။

အသွားတုန်းက လှည်းခွဲပက်လက်ဖြစ်ပေမယ့် အပြန်မှာတော့ ဘုရားပွဲဈေးတန်းက ဝယ်ခဲ့သည့် ပစ္စည်းတွေနှင့် ပြည့်သိပ်သွား၏။ အမေနှင့် ဒွေးလေးခမျာ ပြောစရာစကားတွေက ကုန်ကိုမကုန်နိုင်။ ရယ်မောပျော်ရွှင်နေရင်း သူတို့၏အတိတ်ကာလဆီသို့ ရောက်နေကြသည်။ ဟဲ့ဒီန္တားဟာလေ၊ လှည်းသမား ကိုသန်းကြွယ်၏

mgyoe.com

mgyoe.com SAMPLE BOOK

ငေါက်သံနှင့်အတူ လှည်းသည် ရှေ့ဆီသို့ ခပ်နှေးနှေးသွားနေသည်။ ဘာမျှ စိတ်လောစရာမရှိ။

တိတ်ဆိတ်ငြိမ်သက်နေသည့် လောကဝန်းကျင်၊ ခြုံဖုတ်တွေ၊ သစ်ပင်ငယ်ကလေးတွေ၊ ယာခင်းတွေ တပြန့်တပြူးနှင့် လွင်ပြင်ကျယ်။ မိုးသားပြာပြာ ကောင်းကင်ထဲမှာ လွင့်မျောနေကြသည့် တိမ်တွေ။ တချို့က ဆုပ်ဆုပ်ခဲခဲနှင့်။

တိမ်မျှင်တန်းတွေလည်း ရှိရဲ့။ မိုးကောင်းကင်ဆီကို ငေးကြည့်နေရင်း စက္ကူစွန်ကလေးတွေကို ပစ်လွှတ်ချင်နေမိသည်။ အစ်ကိုဝမ်းကွဲတွေ ပေးလိုက်သည့် စက္ကူစွန်ကလေးတွေ ကျွန်တော့်အိပ်ထဲမှာ ရှိနေသည်။ မိုးပေါ် ကို စက္ကူစွန်ကလေးနှင့်အတူ ကျွန်တော် သွားလိုက်ဦးမှ။ တိမ်တွေနှင့်အတူ လွင့်မျောနေမှာပ။ ဒါပေမယ့် ညရောက်တဲ့အထိ ကျွန်တော် မနေချင်ပါဘူး။ လမင်းကြီးနဲ့ ကြယ်ကလေးတွေဆီကို ကျွန်တော် သွားချင်ပေမယ့် အမေ့ကို တစ်ယောက်တည်းထားခဲ့လို့ မရဘူးလေ။ အမေ လိုက်ချင်ရင်တော့ ကျွန်တော် ခေါ် မှာပေါ့။ ကောင်းကင်မှာ ပျံဝဲနေသည့် စက္ကူစွန်ကလေးသည် ဖြေးဖြေးညင်သာ ပျံဝဲရင်း ကျွန်တော့်ဆီကို ပြန်ရောက်လာခဲ့သည်။ ခဏအကြာမှာပဲ အမေ့ရင်ခွင်ထဲမှာ ကျွန်တော် တရှူးရှူး အိပ်ပျော်သွားခဲ့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၈)

အံမယ် သုံးရက်ကြာ ဝေးနေသည့် ကိုယ့်ရွာကလေးဆီကို ပြန်ရောက်တော့ တခြားကမ္ဘာက ပြန်ရောက်လာခဲ့သလိုလို အထူးအဆန်းတွေကိုဖြစ်လို့။ မျက်စိထဲမှာဖြင့် ရွာကလေးဟာ ပိစိကွေးကလေးပါလားဟု တွေးလိုက်မိသေးသည်။ ကျွန်တော့်မှာ ခြေတော်ရာဘုရားပွဲ သွားခဲ့သည့်အတွေ့အကြုံတွေ ပြည့်သိပ်နေလျက်။ ဘုရားပွဲဈေးတန်း သွားခဲ့ရတာတွေ။ ဝွမ်းလိုနူးညံ့ပြီး ချိုမွှေးနေသည့် အာတာပူစီစားခဲ့ရတာတွေ။ ပြီးတော့ ကစားစရာပစ္စည်း အရောင်းဆိုင်က သိပ်လှတဲ့ ဂျစ်ကုပ်မော်တော်ကားလေးအကြောင်း။ အမှန်တော့ ဂျစ်ကုပ်ဆိုတာ ဘောက်စ်ဝက်ဂွန်းမော်တော်ကားလေး ဖြစ်သည်။ ဂျစ်ကားနှင့် ကုန်တင်ကားကိုသာ မြင်ဖူးသည့်ကျွန်တော်သည် အဲသည် ဘောက်စ်ဝက်ဂွန်းကားကိုပဲ ဂျစ်ကုပ်ဟု ကိုယ်နားလည်သလို ပြောလိုက်မိသည်။ တကယ်တော့ ဘုရားပွဲပြန် ကျွန်တော့်တွင် ပြောစရာတွေက မကုန်နိုင်ပါ။ အစ်ကိုဝမ်းကွဲတွေနှင့် ဇာတ်ကြည့်ခဲ့ရ။ နောက်တစ်ညမှာ သုံးကားတွဲ မိုးအလင်းပြသည့် ရုပ်ရှင် ပထမဆုံး ကြည့်ဖူးခဲ့သည့် အတွေ့အကြုံ။ ရဟတ်စီးသည့်အခါ အထိတ်တလန့် ဖြစ်သွားခဲ့ရပုံ။ မုန့်သိုင်းခြိုစားဖူးခဲ့ရသည့် အရသာတွေကိုလည်း ပြောရဦးမည်။

ရွာပြန်ရောက်ရောက်ချင်း ဖိုးသောင်းတို့၊ ကိုငါးမူးတို့ဆီကို အမြန်သွားချင်နေမိသည်။ သူတို့က ဘာမှမသိကြတာပဲ။ ကျွန်တော် ပြောသမျှတွေကို အားရပါးရ

mgyoe.com

mgyoe.com SAMPLE BOOK

နားထောင်ကြမှာ သေချာသည်။ သို့ရာတွင် အမေက ခဏနေဦး ဘုရားပွဲပြန် မုန့်လက်ဆောင်တွေ အိမ်နီးချင်းတွေဆီ သွားပို့ပေးဦးဟု ပြောလိုက်၍ ခြေလှမ်းတွေ တုန့်ဆိုင်းသွားသည်။

အမေက ဝယ်လာခဲ့သည့် ကရေကရာနှင့် နုဆုပ်တွေကို တောင်းထဲက ထုတ်ယူလိုက်ပြီး သတင်းစာ စက္ကူဟောင်းဖြင့် အထုပ်ကလေးတွေ ခွဲ၍ ထုပ်လိုက်သည်။ ထို့နောက် မုန့်လက်ဆောင်တွေကို တစ်အိမ်ချင်းစီ လိုက်ပို့ပေးရသည်။

ဘထွန်းတို့ ဖိုးသောင်းတို့ အိမ်တွေဆီကိုလည်း ရောက်သည်။ လက်ဆောင်ရကြ၍ အားလုံးပျော်နေကြသလို ပေးရသည့် ကျွန်တော်လည်း ပျော်နေမိသည်။ ကိုငါမူးဆီကိုတော့ နောက်ဆုံးမှ ပို့ပေးခဲ့သည်။ သူနှင့် မတွေ့ဖြစ်တာ ရက်တစ်ပတ်လောက်ကြာနေပြီ။ စကားပြောဖော်ပြောဖက် မရှိ၍ ကျွန်တော့်ကို သူ မျှော်နေပါလိမ့်မည်။ ရေနွေးကြမ်းသောက်ရင်း ကရေကရာလေးမြည်းလိုက်။ နုဆုပ်လေးကို ဖဲ့စားလိုက်ဖြင့် ကျွန်တော် ပြောသမျှတွေကို နားထောင်မှာ သေချာသည်။ မျှော်လင့်ထားသည့်အတိုင်း ကျွန်တော့်ကို မြင်မြင်ချင်း ဝမ်းသာပြုံးရွှင်သွား၏။ အွန်းအွတ်ဆိုသည့် အသံ၏ နောက်ကွယ်မှာ ဘယ်တုန်းက ပြန်ရောက်တာလဲ၊ ခြေတော်ရာဘုရားပွဲမှာ ပျော်ခဲ့ရဲ့လား ငါ့ကိုလည်း ပြောပြပါဦးဟ။ အရာတော်က ဆွေမျိုးတွေနဲ့တွေ့လို့ ငါတို့ကိုမေ့သွားပြီ ထင်နေတာဆိုသည့် အဓိပ္ပာယ်တွေ ရှိနေမည်ကော။ သို့ရာတွင် ကိုငါးမူးကိုလည်း ဆွေမျိုးမို့ ဘယ်မေ့နိုင်ပါ့မလဲ။ ဆွေမျိုးဆိုတော့ သူစိမ်းတွေထက် ပိုရပြီလေ။ သူ့အတွက် ကရေကရာနှင့် နုဆုပ်လေးအပြင် နာနတ်သီးလည်းပါရဲ့။ အုန်းသီးစိတ်တွေလည်း ထည့်လာခဲ့ရဲ့။ ကျွန်တော် သည်လက်ဆောင်တွေပေးရင်း စကားတွေ တစ်ဝကြီးပြောဖို့ အားခဲထားသည်။ သူ့ဆီကို ကျွန်တော် ရောက်သွားသည့်အချိန် ကိုအောင်ဝင်းကို အဆင်သင့် တွေ့လိုက်ရ၍ သဘောကျသွားသည်။ ကျွန်တော့်လက်ဆောင်တွေကို သူလည်း ကြိုက်ပါလိမ့်မည်။

ငါစားမယ် ငါစားမယ် ပြောရင်းဖြင့် သူသည် ကိုငါးမူး လက်ထဲက သတင်းစာ စက္ကူတွေနှင့် ထုတ်ထားသည့် မုန့်ထုပ်တွေကို ဖွင့်ကြည့်သည်။ ကိုငါးမူးကတော့ ခေါင်းတညိတ်ညိတ်။ စားစရာတွေကို အရင်ဆုံး သူ့ညီလေးကို စားစေချင်သည့် စေတနာတွေ ပေါ်လွင်နေလျက်။

"ကိုအောင်ဝင်း ခင်ဗျား ဒီဟာလေး အရင် စားကြည့်လိုက် ချိုမွှေးနေတာဗျ" ကရေကရာကို ဖဲ့ပြီး သူ့ကို ကျွေးလိုက်သော်လည်း ကျွန်တော့်လက်ထဲက မုန့်ကိုကြည့်ပြီး ခေါင်းရမ်းပြသည်။ "ပြီးမှ ဇလေမုန့်စားမယ် ဦးကောက်ရ ဦးကောက်ရ

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုပြီး” အော်လိုက်၍ ကျွန်တော် အံ့သြသွားသည်။ သူပြောတာ ဘာမှန်းမသိ၊ ကျွန်တော် နားမလည်။ စေတနာဖြင့် ကျွေးတာကို မစားဘဲ လေမုန့် လေမုန့် ဆိုတာချည်း တတွတ်တွတ် ပြောနေတာမို့ နည်းနည်းစိတ်တိုသွားသည်။

“ခင်ဗျား စားချင်ရင် အမေ့ဆီကို သွားတောင်းချီ” နားပူသက်သာအောင် ပြောလိုက်သော်လည်း မရ၊ အမေ့ဆီကို သွားမယ်သွားမယ်ဟု ပြောနေပြန်သည်။ ခက်လိုက်ပါဘိ သူနှောင့်ယှက်နေ၍ ကိုငါးမူးကို ပြောမည့်စကားတွေ ဘယ်ရောက်လို့ ရောက်မှန်းမသိတော့ပြီ။ ကျွန်တော် သည်းမခံနိုင်တော့ပေ။ ဘုရားပွဲရောက်မှ မက်မက်မောမော စားရသည့် မုန့်ကလေးကို အရေးမလုပ်ဘဲ ကျွန်တော် မကြားဘူးသည့်မုန့်ကိုပဲ ဇွတ်အတင်း တောင်းဆိုသမို့ ခင်ဗျားစားချင်ရင် လိုက်ခဲ့ဗျာဟုပြောပြီး အိမ်ကို ပြန်လာခဲ့ရသည်။ ကျွန်တော် မရှင်းနိုင်သည့် ပြဿနာကို အမေ့ဆီကိုပဲ လွှဲရတော့မည်။

ကျွန်တော့်နောက်က သူ့ကိုတွေ့လိုက်ရ၍ အမေ အံ့သြသွား၏။ ကိုအောင်ဝင်းသည် အမေနှင့် ဒွေးလေးရှေ့မှာ တောင့်တောင့်ကြီးရပ်ရင်း လေမုန့် လေမုန့် ဟူသော စကားတွေကိုပဲ ထပ်တလဲလဲ ရွတ်ဆိုနေပြန်သည်။ ပုံမှန်မဟုတ်သည့် သူ့အမူအရာတွေကို အကဲခတ်ရတာမလွယ်။ စိတ်နှင့် ခန္ဓာကိုယ်သည် တစ်ခြားစီဖြစ်နေပြီး သူ့စိတ်အာရုံတွေ ဘယ်ရောက်နေလဲ။ သူ့မျက်လုံးတွေက ကျွန်တော်တို့ကို ကြည့်နေသည့်တိုင် မြင်ရဟန်မတူ။

“မောင်အောင်ဝင်းက ဦးကောက်ရ လေမုန့်ကို စားချင်လို့လား ပါလာပါ့တော်” အမေက ပြုံးပြုံးရယ်ရယ် ပြောလိုက်ရင်း အနားမှာ ချထားသည့် ထန်းခေါက်တောင်းထဲမှ မုန့်ထုပ်ကို နှိုက်ယူလိုက်၍ အံ့အားသင့်သွားရသည်။ သည်မုန့်တွေက ဘုရားပွဲဈေးတန်းမှာ မရှိ။ ဒွေးလေးက ထိုးမုန့်နှင့် လေမုန့်ကို ကျွန်တော်စားဖို့ လက်ဆောင်ယူလာခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်လည်း အခုမှ ထိုးမုန့်နှင့် လေမုန့်ကို မြင်ဖူးသည်။ အရသာက ဘယ်လိုနေမှန်းတောင် မသိသေး။

ကိုအောင်ဝင်း ကံကောင်းချက်၊ သူ စားချင်သည့်မုန့်သည် အဆင်သင့်ရှိနေလျက်။ အမေ့ဆီမှာ လေမုန့် ပါလာမှန်း စိတ်ချင်းဆက်ပြီး သူ သိနေသည်လား မပြောတတ်ပါ။ သူသည် လေမုန့်တစ်ခုကို ချက်ချင်းဆွဲယူပြီး တဟေးဟေးအော်ရင်း ကစားစရာ အသစ်အဆန်းရသည့် ကလေးတစ်ယောက်လို ဝမ်းသာအားရဖြင့် ခုန်ပေါက်၍ ပြေးထွက်သွားသည်။

“ဒီကောင်လေးက ညည်းတို့ ရွာကလား”

mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်ဘူး မမ၊ ဘယ်ကရောက်လာမှန်းမသိဘူး၊ ကျွန်မတို့လည်း သူ့ကို သံယောဇဉ်ဖြစ်နေမိတယ်။ တစ်ခုခုကြောင့် စိတ်လွတ်ကိုယ်လွတ် ဖြစ်နေရှာဟန်တူပါရဲ့ သနားစရာလေးပါ မမရယ်"

ဒွေးလေးက မျက်မှောင်ကြုံ့ရင်း စဉ်းစားနေပြီး အသံတိတ်နေ၏။ ခဏကြာတော့မှ "ဒီကောင်လေးကို မြင်ဖူးသလိုလိုရှိလို့အေ၊ ဘယ်မှာ မြင်ဖူးခဲ့မှန်းလဲ မသိဘူး" ဟု အသံတိုးတိုးနှင့်ပြောလိုက်သည်။ ကိုအောင်ဝင်းအကြောင်းကို အမေတို့ ပြောနေကြပေမယ့် ကျွန်တော် စိတ်မဝင်စားနိုင်၊ ဧလေမုန့်ကို အငမ်းမရစားနေမိသည်။ ကောင်းမှကောင်းဗျာ။ ပထမဆုံးစားဖူးသည့်အရသာ၊ ချိုလို့ မွှေးလို့ဆိမ့်လို့။

"သားလေး ထမင်းမစားနိုင်ဘဲ ဖြစ်လိမ့်မယ်။ တော်တော့နော်"

မုန့်ထုပ်တွေကို အမေက သိမ်းလိုက်၍ စိတ်ထဲမှာ မချင့်မရဲကြီး ဖြစ်သွားခဲ့သည်။ စိတ်တိုင်းကျသာဆိုလျှင်ဖြင့် တစ်ဝတစ်ပြဲကြီးကို စားချင်နေမိသည်။ညအိပ်တော့လည်း အိပ်မက်ထဲအထိ ရောက်လာသေး၏။ ဧလေမုန့် စားခဲ့ရတာရယ်၊ စက္ကူစွန်ကလေးတွေ လွှတ်တာရယ်၊ ခြေတော်ရာဘုရားပွဲ သွားခဲ့တာရယ်။

ကလေးတစ်ယောက်၏ ပထမဆုံး တွေ့ကြုံခံစားမှုတွေက အိပ်မက်တွေလို ဖြစ်သွားခဲ့သော်လည်း ကျွန်တော့်ကို အမြဲသတိရနေမိစေသည်။ ထိုအခါ ဖျိုးခနဲ ဖျတ်ခနဲ လင်းလက်သွားသည့် အတွေးစတွေနှင့်အတူ ပြုံးရယ်ကြည်နူးသွားရသည်။ နောက်တစ်နေ့ မန္တလေးကို ဒွေးလေးပြန်သွားတော့ ခြေတော်ရာဘုရားပွဲ ကျင်းပမည့်အချိန် ဒွေးလေးပြန်လာမှာကို ကြုံပြီး မျှော်နေမိပြန်၏။ ဒွေးလေးလာမှ ကျွန်တော်ကြိုက်သည့် မုန့်တွေကို အများကြီး စားရမှာကိုး။ မြို့ကိုပြန်တော့မည့် ဒွေးလေးပုံစံက ရယ်စရာ။ စတိုင်တွေ၊ မလိုင်တွေမရှိ၊ ခရီးဆောင်အိတ်အပြင် ထန်းခေါက်တောင်းကြီးလည်း ပါလိုက်သေး။ အဲသည်တောင်းထဲမှာဖြင့် ထန်းလျက်တွေ၊ ပဲကြားလော့တွေ၊ အမေဆူးပေးလိုက်သည့် ပြည်ပန်းညို ဆူးပုတ်လေးအရွက်တွေ၊ ကဆစ်သီးလည်း မကျန်စေရ။ မြေအိုးငယ်လေးထဲမှာတော့ ဇောင်ချမ်းချဉ်တွေတဲ့။ တောင်းတစ်ခုလုံး ပြည့်မောက်လုမတတ် ဖြစ်နေပါပကော။ ဆီးသီးခြောက်တွေကိုတော့ နောက်တစ်ခေါက် လာတော့မှပဲ ယူတော့မတဲ့။ မုံရွာရောက်သည်နှင့် ရန်အောင်မန်း ကားဂိတ်ကို ဆိုက်ကားမငှားဘဲ ခရီးဆောင်အိတ်ကို တစ်ဖက်ကဆွဲ၍ ထန်းခေါက်တောင်းကြီး ရွက်ပြီး သွားဟူ၏။

"ဘယ်လောက်မှ မဝေးတဲ့ခရီးကို ဆိုက်ကားခ သုံးကျပ်တောင်းတာ အေလွန်လွန်းတယ်။ ပိုက်ဆံများ အလကားရတာမှတ်လို့ ပေးနိုင်ပေါင်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်တယ်မမရဲ့ ပိုက်ဆံရှာရတာ မလွယ်ဘူးရယ်။ တစ်မတ် ငါးမူးဆို လည်း တစ်မတ် ငါးမူးမို့ ပိုက်ဆံပဲလေ"

အမေကလည်း ဒွေးလေး၏ စကားကို ထောက်ခံလိုက်သည်။ အမေတို့ ပြောနေကြတာတွေကို ကျွန်တော် သိပ်စိတ်မဝင်စားနိုင်။ ဆီးသီးခြောက်တွေ၊ နောက်တစ်ခေါက်လာတော့မှ ယူတော့မယ်ဆိုသည့် စကားကိုပဲ အာရုံစွဲနစ်နေပြီး စိတ်လှုပ်ရှားသွားရသည်။ ခြေတော်ရာဘုရားပွဲကို မြန်မြန် ရောက်စေချင်လှပါပြီ။ သို့ရာတွင် ရက်နှစ်ဆယ်လောက် အကြာတွင် ဒွေးလေး ပြန်ရောက်လာမည်ကို ကျွန်တော် မသိခဲ့။

ကိုအောင်ဝင်း ရောဂါက သက်သာလာသည်။ တစ်ချိန်ကလို စိတ်ထွေ ပြားပြီး ထင်ရာလျှောက်သွားတာမျိုး မရှိသလောက် နည်းပါးသွားသည်။ ကျွန်တော် တို့နှင့်အတူ ကစားသည်။ ကျောက်ဒိုးပစ်ကြ။ ရာဇူးသီး တောက်ကြ။ စက္ကူစွန်က လေးတွေ လုပ်ပေး၍ ကျွန်တော်တို့ သဘောကျသွား၏။ သူ လုပ်တတ်မှန်း သိမှ မသိဘဲ ဥစ္စာ။ မန်းကျည်းပင်အောက်မှာ ကျွန်တော်တို့အပြင် တခြားကလေးတွေ လည်း ရောက်လာကြသည်။ ကိုအောင်ဝင်းသည် ကလေးတွေအတွက် ခင်မင်စရာ ကောင်းသွားခဲ့ပြီ။ မိဘတွေကလည်း အမြင်ပြောင်းသွားပြီး သူ့အတွက် စိတ်ပူတတ် လာကြပြီ။

သူသည် ကိုးငါးမူးဆီက စာအုပ်တွေယူပြီး ဖတ်သည်။ ဆရာလေး ကိုတင်စန်းနှင့်လည်း အေးအေးဆေးဆေး စကားပြောနေသည်ကိုလည်း ရံဖန်ရံခါ တွေ့ရသည်။ အဝကျယ်နေသည့် သူ့ဘောင်းဘီရှည်ကြီး ညစ်ပတ်စုတ်ပြဲနေ၍ ကိုငါးမူးက ဓားမနှင့် ခြေသလုံးနားအထိ ဖြတ်ပေးလိုက်သည်။ သူက ရေချိုးရတိုင်း သိပ်ပျော်တာကော။

ကျွန်တော်တို့မှာလည်း ရေလောင်းပေးတဲ့ သူနှင့်၊ ချေးတွန်းပေးကြတဲ့ သူနှင့် သူ့ဘုန်းတန်ခိုးကလည်း ကြီးလိုက်ပါဘိသည်။ တစ်ခါတစ်လေ ရွာအနောက် ပိုင်းက ထန်းသမား ကိုမဲကြီးတို့ဘက်ကို ရောက်သွားပြီး ထန်းရေထည့်သည့် မြူ အိုးတွေကို သယ်ပေးသေးတာတဲ့။ သည်တော့ ကိုအောင်ဝင်း ဘယ်သွားသွား တစ်ရွာလုံးက အရေးတယူဖြင့် စောင့်ကြည့်ပေးကြသလို တစ်ခုခုဖြစ်မှာစိုး၍ ရွာနှင့် အလှမ်းဝေးသည့်နေရာတွေဆီကို မသွားစေချင်ကြ။

ဝမ်းသာစရာကောင်းတာက သူ့အပေါ် ရွာသူရွာသားတွေ၏ ချစ်ခင်မှုတွေ က ကိုငါးမူးဆီသို့ စီးဆင်းသွားခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတွေ အဝင်အထွက် ရှိလာကြသလို ငါးမူးရေပာ နှုတ်ဆက်စကား ပြောသံကလေးတွေ ကြားလာရသည်။

ကိုငါးမူးက သိုက်က ရောက်လာသည့်ဆိုသည့် အတွေးတွေလည်း မေ့လျော့ကုန်ကြပြီ။

"နောကုန်းရွာသားတွေဟာ လူမိုက်တွေ မဟုတ်သလို နောကုန်းရွာက လည်း အများထင်သလို လူမိုက်ရွာလည်း မဟုတ်ပါဘူးကွာ။ ရိုးရိုးသားသားနဲ့ အေးအေးဆေးဆေးနေတဲ့ရွာကလေး။ ချို့ယွင်းချက်တော့ နည်းနည်းရှိတာပေါ့ ကိုယ့်လောက ကိုယ့်ဝန်းကျင်ကလေးမှာပဲ နေကြတော့ အသိအမြင် မကျယ်ပြန့်ကြဘဲ ဖြစ်နေကြတယ်။ ပြဿနာကြုံတွေ့လာရင် အကျိုးအပြစ်ရဲ့ သဘောကို ဆင်ခြင်နိုင် စွမ်း နည်းပါးပြီး စိတ်အလိုအတိုင်း ကိုယ်ထိလက်ရောက် ဖြေရှင်းကုန်ကြတယ်။ ရိုးအလွန်းကြတော့လည်း ကိုယ့်အသိ ကိုယ့်အတွေးတွေထဲမှာပဲ ပိတ်လှောင်ခံထား ရသလို ဖြစ်နေတာပေါ့ကွာ။ တကယ်တော့ အညာက ရွာတွေဟာ သူ့လောက သူ့ဝန်းကျင်မှာပဲ အေးဆေးပျော်ရွှင်နေကြတဲ့ ရွာတွေချည်းပဲ။ အုပ်ချုပ်တဲ့ အစိုးရ ကိုလည်း ဘာမှ အန္တရာယ်မပေးတဲ့အပြင် အကြောက်ကြီး ကြောက်နေကြရသေး တယ်။ အဓိကကတော့ တိုင်းပြည်မဖွံ့ဖြိုးခြင်းရဲ့ အကျိုးဆက်တွေပေါ့ သိန်းနိုင်ရေ။ အစိုးရရဲ့ နိုင်ငံရေးစနစ်ကလည်း လူတွေကို အကြံဉာဏ်တုံးအောင် လုပ်ထားတာကွ။ အင်္ဂလိပ်ခေတ် ကျွန်ဖြစ်ရတုန်းကလိုပဲ အခုလည်း လူတွေကို အသိဉာဏ်တုံးအောင် လုပ်ထားတော့ အုပ်ချုပ်ရတာ လွယ်ကူတယ်လေ။ တောသားဆိုရင်ပဲ ဘာမှမသိတဲ့ ခပ်တုံးတုံး ခပ်အအတွေ၊ မြို့သားမှ အဟုတ်ပေါ့ လိမ္မာ ပါးနပ်ကြတယ်လို့ သတ်မှတ် ထားကြတာပေါ့။ မြို့နေတဲ့သူကသာ အကြားအမြင် ဗဟုသုတ စုံသလိုလို။ အသိ အမြင် ကျယ်ပြန့်တယ်ဆိုတာက မြို့မှာနေတာ၊ တောမှာနေတာနဲ့မဆိုင်ဘူး သိန်းနိုင်။ တို့နိုင်ငံကို အုပ်ချုပ်ထားတဲ့အစိုးရက ကမ္ဘာကြီးနဲ့ အဆက်ဖြတ်ထားလို့ မြို့မှာပဲ ဖြစ်ဖြစ်၊ တောမှာပဲဖြစ်ဖြစ်၊ ဘယ်မှာပဲနေနေ အကုန်လုံး အတူတူပဲ။ ရယ်စရာတော့ ကောင်းတယ်၊ သေချာတွေးကြည့်လိုက်ရင် အတဲ့သူ အချင်းချင်းကိုပဲ လူလည်လုပ် နေကြတယ်။ တို့နိုင်ငံမှာ ပညာဉာဏ်ဖွံ့ဖြိုးပြီး ပွင့်လင်းမြင်သာတဲ့ ခေတ်ကို ရောက် လာတဲ့အချိန်မှာ တောရယ် မြို့ရယ်လို့ ခွဲခြားမြင်တာတွေ ပျောက်သွားလိမ့်မယ်။ အခု ငါပြောတာတွေ အပြည့်အစုံ နားလည်ချင်မှ နားလည်လိမ့်မယ်။ တစ်ချိန်ကျ တော့ မင်း သိလာမှာပါ"

အသက်ငယ်သေး၍ ဆရာလေး ပြောသမျှတွေကို သိပ်နားမလည်။ သို့

mgyoe.com

mgyoe.com SAMPLE BOOK

သော်လည်း ကျွန်တော်တို့ရွာက လူမိုက်ရွာမဟုတ်ဘူး မှတ်ချက်ပြုလိုက်တာကိုဖြင့် သဘောကျမိသည်။ ကျွန်တော်တို့ကျောင်းက ကျောင်းအုပ်ကြီး ဆရာကြီး ဦးစိုးဝင်းနဲ့ ဆရာမကြီး ဒေါ်မြင့်မြင့်တို့ ဇနီးမောင်နှံနှစ်ယောက်စလုံး မြင်းမူကပါ။ဆရာမကြီး ဒေါ်ခင်သန်းညိုဆိုလည်း မုံရွာမြို့သူပါ။ ကျွန်တော်တို့ရွာက တကယ် လူမိုက်ရွာ ဖြစ်နေရင် ဆရာကြီး၊ ဆရာမကြီးတို့တစ်တွေ လာရဲပါ့မလား။

ကျွန်တော့်စိတ်တွေ ဝေခွဲမရ ဖြစ်နေမိသည်။ လူမိုက်ရွာဟု အပြောမခံချင်သော်လည်း တစ်ရွာနှင့်တစ်ရွာ ရိုက်ကြနှက်ကြလျှင် ကိုယ့်ရွာက နိုင်တယ်ဆိုတာကိုတော့ ကျေနပ်မိသည်။ ဆရာလေးကတော့ အဲသည်လို တွေးတာမျိုးကို လက်ခံမှာ မဟုတ်ပေ။ ရန်ဖြစ်တယ်ဆိုတာ လူမိုက်တွေပဲဟု ပြောခဲ့သည့် အဖေနှင့် တစ်သဘောတည်း ရှိနေကြသည်ပဲ။ ဘယ်သူက ရန်ဖြစ်ချင်မှာလဲ။ ကိုယ့်ထိရင် ငြိမ်ခံလို့ ရပါ့မလား။ ဆရာလေးကို မေးလိုက်ချင်ပေမယ့် မမေးရဲ။ ဆူငေါက်ခံရမှာစိုးသည်။

တစ်ခါတော့ ကိုငါးမူးနှင့် ဆရာလေးတို့ စကားပြောနေကြတာကို အမှတ်တမဲ့ ဝင်ပြီး နားထောင်မိသည်။ ကိုငါးမူးသည် ကျွန်တော်နှင့် စကားပြောတိုင်း အလုပ်လုပ်ရင်း နားထောင်ပေးနေသော်လည်း ဆရာလေးနှင့်ကျတော့ သူ့အလုပ်တွေကိုပစ်ပြီး ဂရုတစိုက်နားထောင်သည်။ အတန်းထဲမှာ စာသင်ကြားနေတဲ့ တပည့်တစ်ယောက်လို။ ရေးမှတ်စရာစာအုပ်နှင့် ခဲတံလည်း သူ့ရှေ့မှာ အဆင်သင့် ရှိနေလျက်။

"အရာရာတိုင်းဟာ အချိန်ရဲ့ကန့်သတ်ချက်ထဲမှာ ရွေ့လျားရှင်သန်နေကြရတယ်။ အိပ်မက်တွေရဲ့ နောက်ကို ရလိုဇောနဲ့ လိုက်နေကြသူတွေ ရှိမယ်။ ကိုယ့်အိပ်မက်ကလေးထဲမှာပဲ ပျော်မွေ့နေကြသူတွေလည်း ရှိမယ်။ နောက်ဆုံးတော့ လူတွေရဲ့ ဖြစ်တည်မှုတွေဟာ သူ့ကန့်သတ်ချက်ထဲမှာပဲ ပြီးဆုံးသွားရတယ်" တဲ့။ ထိုနေ့က ဆရာလေးပြောတာတွေကို အလုံးစုံမမှတ်မိ၊ ကျွန်တော့်နားထဲမှာ စွဲကျန်သလောက်ပဲ သတိရနေမိသည်။ အိပ်မက်ဆိုတာ လူတစ်ယောက်ရဲ့ ဆန္ဒတွေပဲ မဟုတ်လား။ အဲသလိုဆိုရင် ကျွန်တော့်ရဲ့ အိပ်မက်၊ ကျွန်တော့်ရဲ့ ဆန္ဒတွေက ကိုငါးမူးရယ်၊ ကိုအောင်ဝင်းရယ်၊ ဖိုးသောင်းတို့၊ အောင်မင်းတို့ သူငယ်ချင်းတွေရယ် သည်လိုလေးပဲ နေချင်မိသည်။ အသက်တွေကြီးသွားလည်း ကိုငါးမူးနှင့် ကိုအောင်ဝင်းက ကျွန်တော်နှင့်အတူ ရှိနေရင် ဘယ်လောက်ပျော်စရာကောင်းမလဲ။ ကျွန်တော် အသက်မကြီးချင်ပါ။ ရှေ့အကြောင်းကိုလည်း မတွေးတတ်ပါ။ ကိုယ့်လောက ဝန်းကျင်ကလေးမှာပဲ အမြဲနေခွင့်ရလျှင် ကျေနပ်နေမိပါလိမ့်မည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၉)

ဝါခေါင်လထဲ ရောက်သွားသည်နှင့် တိခနဲ ဖြတ်လိုက်သလို မိုးရွာတာ ရပ်သွား၏။ တစ်စက်ကလေးတောင်မျှ မကျတော့။ နေပူပြင်းပြီး လေတွေ တိုက်နေသည်။ တစ်ခါတစ်လေ လူပါလွင့်ပါသွားမတတ် ယိမ်းယိုင်ထွက်သွားသည်။

တစ်ရက် ညနေသုံးနာရီလောက်တွင် အိမ်ရှေ့မှာ ကိုလှကြည်၏လှည်း ရပ်လိုက်ပြီး လှည်းပေါ်မှ ဒွေးလေးနှင့် အမျိုးသမီးတစ်ယောက် ဆင်းလာ၍ အံ့သြသွားသည်။

"အမေရေ ဒွေးလေးတို့ လာတယ်"

ယက္ကန်းခတ်နေသည့် အမေ့ကို ဝမ်းသာအားရ ပြောရင်း အထုပ်တွေကို ကူညီဆွဲဖို့ လှည်းဆီကို ပြေးထွက်သွားခဲ့သည်။ အမေကတော့ အံ့သြဟန်မပြ။ တမြန်နေ့ပြင် မနေ့လောက်ကတည်းက မမတို့ကို မျှော်နေတာတဲ့။ သည်အချိန်မှာပဲ အဖေလည်း တောက တိုက်တိုက်ဆိုင်ဆိုင် ပြန်ရောက်လာသည်။ အားလုံး တန်းလျားခုံပေါ်မှာ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

ကျွန်တော်ကတော့ တန်းလျားခုံအစွန်းမှာ ထိုင်နေသည့် အမေ့အနားမှာ မတ်တတ်ရပ်နေလျက်။

"မိတ်ဆက်ပေးရဦးမယ်၊ သူက ညည်းတို့ ပြောနေကြတဲ့ မောင်အောင်ဝင်း ရဲ့ အစ်မ မခင်မြမူတဲ့။ မောင်အောင်ဝင်းကို မြင်လိုက်ကတည်းက ငါ့စိတ်ထဲမှာ

mgyoe.com

mgyoe.com SAMPLE BOOK

မြင်ဖူးသလိုလို ရှိနေတာ။ မခင်မြမူနဲ့ တွေ့လိုက်တော့မှ သူ့ရဲ့မောင် ဖြစ်နေမှန်း သိလိုက်တာကိုး အေ။ ကဲ မူမူရေ ဒီက ဦးလေးနဲ့ ဒေါ်ဒေါ်ကို ဖြစ်တာတွေ ရှင်းပြလိုက်ပေါ့။ ပြီးမှ ဘာလုပ်သင့်လဲလို့ တိုင်ပင်ကြရအောင်"

မခင်မြမူက သူ့အိပ်ထဲက ဓာတ်ပုံတွေကို ထုတ်ပြီး အဖေနှင့် အမေ့ကို ပြလိုက်သည်။ ကိုအောင်ဝင်း ဓာတ်ပုံတွေဖြစ်၍ အံ့သြသွားသည်။ သေချာကြည့်လိုက်တော့မှ ဒွေးလေး ပြောသလို ရုပ်ချင်းလည်း ခပ်ဆင်ဆင်။ မခင်မြမူက အသားဖြူဖြူ အရပ်အနည်းငယ်မြင့်၍ ကျောလည်လောက်ရှိမည့် ဆံပင်တွေကို ခေါင်းနောက်မှာ စုပြီးချိထားသည်။ ဆင်ယင်ထုံးဖွဲ့မှုက ခပ်ရိုးရိုးဖြစ်သော်လည်း ပင်ကိုယ်အလှတွေ ပေါ်လွင်နေသည့် အမျိုးသမီးတစ်ဦးဖြစ်သည်။ သူတို့က မန္တလေး အောင်တော်မူ ရပ်ကွက်ထဲမှာနေသည်။ ဖခင်ကြီး ဦးစိန်ဝင်းက အငြိမ်းစား သစ်တောဝန်ထောက် ဖြစ်ပြီး မိခင် ဒေါ်ခင်မာတင်က ဈေးချို ရွှေဆိုင်တန်းမှာ ဆိုင်ဖွင့်ထားသည်။

"ကျွန်မက မန္တလေးတက္ကသိုလ် ပထဝီဌာနမှာ လက်ထောက်ကထိကဆရာမပါ။ မောင်လေး ခင်မောင်စိုးကတော့ ဒီနှစ် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပထမနှစ်မှာ တက်နေပါတယ်"

"ဟင်. . . ဒီမှာတော့ သူ့ကိုယ်သူ မောင်အောင်ဝင်းလို့ပဲ ပြောနေတယ်"

ကြားဖြတ်ပြောလိုက်သည့် အမေ့ကို အဖေလှည့်ကြည့်လိုက်၏။ တစ်ဖက်က ဆုံးအောင်ပြောသည်အထိ နားထောင်ပါဦး ဆိုသည့်သဘော။

"အဲဒီနေ့တုန်းက အလုပ်ကိစ္စရှိလို့ မေမေ မုံရွာသွားတော့ မောင်လေးလည်း လိုက်သွားခဲ့တယ်။ အပြန်မှာ သမ္ဗုဒ္ဓေဘုရားဖူးမယ်လို့လည်း ပြောပါတယ်။ အိမ်က လင့်ရိုဘာကားနဲ့ ကျွန်မမောင် ဝမ်းကွဲတစ်ယောက် မောင်းပါတယ်။ ညနေသုံးနာရီလောက်မှာ မော်တော်ကား မှောက်တဲ့သတင်း ကြားရတာပါပဲ ဦးကြီးရယ်။ ထီးဆောင်း လမ်းခွဲနားမှာတဲ့။

ကြားကြားရချင်း စိတ်တွေပူလွန်းလို့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပါတယ်။ ချက်ချင်းပဲ အသိမိတ်ဆွေတွေကိုခေါ်ပြီး မြင်းမူဆေးရုံကို လိုက်သွားရတယ်။ မေမေက ညှပ်ရိုးတစ်ချောင်း ကြိုးသွားပေမယ့် သတိကောင်းကောင်းရပါတယ်။ မော်တော်ကား မောင်းတဲ့ မောင်ဝမ်းကွဲလည်း ညာဘက်လက် ကျိုးသွားခဲ့တယ်။ ဒါပေမဲ့ မောင်လေးကို မတွေ့ရဘူး။

မြင်းမူဆေးရုံကို မေမေတို့နှစ်ယောက်ပဲ ရောက်လာတယ်လို့ ဆေးရုံက ပြောတယ်ရှင့်။ မေမေတို့ကို မန္တလေးကို ချက်ချင်း ပြန်ခေါ်လာခဲ့ပါတယ်။ အဲဒီနေ့

mgyoe.com

mgyoe.com SAMPLE BOOK

တုန်းက မောင်လေးကို မတွေ့ရပေမယ့် အနီးအနား တဝိုက်မှာပဲ ရှိလောက်မယ် လို့တွေးပြီး စိတ်မပူခဲ့ဘူး။ နောက်တစ်နေ့ရောက်တော့ မော်တော်ကားမှောက်တဲ့ နေရာ အနားက ရွာတွေကို တစ်ရွာပြီးတစ်ရွာ လိုက်စုံစမ်းပေမယ့် သတင်းအစအနကို မရပါဘူးရှင်။ ရွာတွေကလည်း ကျွန်မတို့ကို အကူအညီပေးကြပါတယ်။ ရက်နှစ်ပတ် ကျော် ရှာပေမယ့် သတင်းမကြားရလို့ ကျွန်မစိတ်ထဲမှာ ပစ်လိုက်ရပြီလို့ တွေးမိလိုက် တော့တယ် ဦးကြီးရယ်။ ဖေဒင်တွေ၊ နတ်တွေမေးတာလည်း စုံနေပါပြီ။ မောင်လေး အသက်ရှင်နေတုန်းပါ ဟောကြလို့ အားတက်သွားခဲ့ရပေမယ့် သတင်းအဆက် အသွယ် တစ်ခုမှမကြားရလို့ နေ့တိုင်း စိတ်ဆင်းရဲနေရတာပါရှင်။ ဖေဖေရော၊ မေမေရော ကျန်းမာရေး မကောင်းကြဘူး။ ဖေဖေက ယောက်ျားသားမို့ ဣန္ဒြေ ဆောင်ထားနိုင်သေးပေမယ့် မေမေ့ခမျာတော့ နေ့တိုင်း ငိုနေရှာတယ်။ ညလည်း ကောင်းကောင်း မအိပ်ဘူး။ အိပ်ရာက နိုးလာရင် သားလေးရေလို့ တိုးတိုးလေး ပြောပြီး မျက်ရည်တွေကျနေတယ်။ မုံရွာကို ခေါ်သွားမိလို့ သူ့ကိုယ်သူ အပြစ်တင်လို့ မဆုံးတော့ဘူး။ ကျွန်မလေ မေမေ့ကိုကြည့်ပြီး မခံစားနိုင်လွန်းလို့ ကွယ်ရာမှာပဲ တိတ်တိတ် ကြိတ်ငိုနေရတာပါ ဦးကြီးရယ်"

အားတင်းပြောနေရင်းဖြင့် စကားသံတွေ တိုးသွားပြီး ရှိုက်သံတွေနှင့် မျက်ရည်တွေ ကျလာခဲ့သည်။ မည်သူမျှစကား မပြောကြဘဲ တိတ်ဆိတ်သွားခဲ့သည်။ တခဏအကြာမှ ဒွေးလေးက-

"ကျွန်မက မော်တော်ကားမှောက်တဲ့ သတင်းကို မသိဘူး။ ကိုကြိုင့်ဆီကို အပ်ထားတဲ့ အထည်တွေပြီးလို့ မမြမူတို့အိမ်ကို သွားပို့တော့မှ အပြည့်အစုံသိရပြီး အံ့သြသွားတယ်။ မောင်အောင်ဝင်းကို တွေ့လိုက်တော့ ကျွန်မစိတ်ထဲမှာ ရင်းနှီး သလို ဖြစ်နေတယ်။ ကျွန်မ ညီမကို ညည်းတို့ရွာကို တစ်ခေါက် ပြန်လာရဦးမယ် ထင်တယ်အေလို့တောင် မန္တလေးမပြန်ခင်ညက ပြောလိုက်မိသေးတယ်။ ကိုယ်စောင့် နတ်က နှိုးဆော်နေသလားပဲ။ အခုတော့ ကောင်းကောင်းမွန်မွန် ပြန်တွေ့ရလို့ ဝမ်းသာစရာ ဖြစ်သွားပါပြီ"

"ဟုတ်တယ် ကျွန်မလည်း မမပြောတာကို စိတ်ထဲစွဲပြီး မမကို မျှော်နေမိ တာ"

ဒွေးလေးနှင့် အမေ့ကို မခင်မြမူက မျက်ရည်တွေသုတ်ရင်း အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

"အံ့သြစရာ ကောင်းနေတယ်။ ထီးဆောင်းလမ်းခွဲနဲ့ ဦးကြီးတို့ရွာက

mgyoe.com

mgyoe.com SAMPLE BOOK

တော်တော်ဝေးတယ်။ လှည်းလမ်း မပေါက်သလို လူသွားလမ်းတောင် မရှိဘူး။ ဒါကြောင့်လည်း တူမကြီးတို့ ဘယ်လိုပဲရှာရှာ မတွေ့နိုင်ဘဲ ဖြစ်နေတာကိုး။ အခု မောင်အောင်ဝင်းအတွက် တူမကြီး ဘယ်လို စိတ်ကူးထားလဲ"

"ဖြစ်နိုင်ရင်တော့ မန္တလေးကို ပြန်ခေါ်ချင်တာပဲ ဦးကြီးရယ်"

အဖေက မျက်မှောင်ကြုံ့ရင်း စဉ်းစားနေသည်။ ပြီးမှ-

"ချက်ချင်းကြီးတော့ မလွယ်ဘူးထင်တယ်။ သူ့စိတ်က ပုံမှန်မဟုတ်သေးဘူးလေ။ သူ့နာမည်ရင်း မေ့ပြီး သူ့ကိုယ်သူ အောင်ဝင်းလို့ပဲ စွဲနေတာကိုး။ ဒီလို လုပ်ကြည့်ရအောင်။ အရင်ဆုံး သူနဲ့တွေ့ပြီး သူ့အခြေအနေကို အကဲခတ်ကြည့်ကြတာပေါ့။ နောက်တော့မှ အခြေအနေကြည့်ပြီး လုပ်သင့်တာကို ဆုံးဖြတ်ကြရင် မကောင်းဘူးလား"

"ကျွန်မလည်း အဲဒီစိတ်ကူးကို သဘောကျမိတယ်။ တူမတို့ မောင်နှမချင်း တွေ့ဖို့တော့ မောင်အောင်ဝင်းဆီကို တစ်ခါတည်း သွားတွေ့မယ်ဆိုရင် အဆင်မပြေဘူး။ နဘေးက သိကုန်ပြီး အထူးအဆန်းလိုနဲ့ ဝိုင်းကြည့်ကြရင် သူ့အတွက်လည်း စိတ်အနှောက်အယှက် ဖြစ်သွားနိုင်တယ်လေ။ ဘယ်လိုစီစဉ်ရင် ကောင်းမလဲ"

"သူကြိုက်တဲ့ ဦးကောက်ရ လေမုန့်လည်း ပါလာတယ်လေ။ လေမုန့်စားရအောင်လို့ ဒီကို ခေါ်လိုက်ကြတာပေါ့"

ဒွေးလေးက ပြောလိုက်တော့မှ အမေလည်း သတိရသွားသည်။

"ဟုတ်ပါရဲ့ ကျွန်မကလည်း မေ့နေမိတယ်။ သားလေး မောင်အောင်ဝင်းကို မုန့်စားရအောင်လို့ သွားခေါ်လိုက်နော်"

ကျွန်တော့်ဖက် လှည့်ပြီး အမေက ပြောလိုက်၍ ကျွန်တော်လည်း ခေါင်းညိတ်ပြီး ဟုတ်လို့ ဆိုလိုက်မိသည်။ အမေတို့ အနားက ထွက်လာခဲ့ရပေမယ့် ကိုအောင်ဝင်းကို အိမ်ခေါ်လာဖို့ တက်တက်ကြွကြွ မရှိပေ။ ကျွန်တော့်စိတ်ထဲတွင် မန္တလေးကို သူ့အစ်မနှင့် ကိုအောင်ဝင်း ပြန်လိုက်သွားမှာ စိုးသည်။ နို့ပေမယ့် ကိုအောင်ဝင်းက ဟိုအစ်မပျောက်နေတဲ့ သူ့ရဲ့ မောင်ဆိုတာလည်း ဟုတ်ချင်မှ ဟုတ်မှာပါ။ နာမည်ချင်းလည်း မတူတဲ့ဥစ္စာ။ သည်လို တွေးမိလိုက်တော့လည်း အနည်းငယ် စိတ်သက်သာရာရသွား၏။

မန်ကျည်းပင်အောက်မှာ တစ်ယောက်တည်း အေးအေးဆေးဆေး ထိုင်နေသည့် ကိုအောင်ဝင်းကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရသည်။ ကိုငါးမူးကတော့ ရေခပ်သွားနေဟန်တူပါရဲ့။ ကျွန်တော်တို့ရွာမှာ အဝီစိရေကို အင်ဂျင်နှင့် မောင်းပြီး

mgyoe.com

mgyoe.com SAMPLE BOOK

အုတ်ကန်ထဲသို့ ထည့်ပေးထားသည့် အဝီစိတွင်းရှိသည်။ ရေလိုချင်လျှင် ဘာမျှမခဲယဉ်း၊ နှစ်လက်မပိုက်ကို ဆို့ထားသည့် တစ်ထွာလောက် ကုက္ကိုသားတုံးကလေးကို ဖွင့်ပြီး ဆယ်ဝင်ပုံးထဲကို ထည့်လိုက်ရုံသာ။

ရေအတွက် ရွာမှာ အခက်အခဲမရှိပေ။ ဆရာတော် ဦးသုမင်္ဂလ ကျောင်းနားလေးမှာလည်း ရေကန်ရှိသေးသည်။ မိုးအခါ ရေဝင်သည့် တစ်ဖက်ဆည်ကန်ဖြစ်ပြီး နွေရောက်တော့မှပဲ ကန်ထဲကရေ ခမ်းသွားစမြဲ။

ကန်ပေါင်ရိုးပေါ်တွင် မန်ကျည်းပင်ကြီးတွေ တန်းစီပေါက်နေကြသည်။ ပင်စည်လုံးပတ်တွေက လူကြီးလက်နှစ်ဖက်ဖြင့် ဖက်ထားသည့်တိုင် လက်ဖျားချင်းမထိချင်။ တစ်ပင်နှင့်တစ်ပင် နီးကပ်နေ၍ အရိပ်ချင်း ဆက်နေကြသည်။

နွေရာသီရောက်လျှင် အပင်အောက်မှာ အေးအေးလူလူ နားနေနိုင်သည်။ သို့ရာတွင် နေဘယ်လောက်ပူပူ ကိုယ့်အိမ်ထဲမှာပဲ နေကြလေ့ရှိသည်။ တကယ်တော့ အိမ်ဟုပြောလိုက်ရသော်လည်း အများစုက ထန်းရွက်မိုး မြေစိုက်အိမ်တွေချည်း။ ဆောင်းကုန်သည်နှင့် တချို့တဲတွေက ထန်းရွက်တွေလဲပြီး အသစ်မိုးကြသည်။ ထန်းပင်တွေပေါ်၍ ထန်းရွက်ကိုလည်း ရွာအပြင်ထွက်ပြီး ချိုင်လိုက်ကြသည်။ နွေအခါ နေပူပြင်းချိန် ထန်းရွက်အသစ်လဲထားသည့် တဲထဲမှာ နေလိုက်ရလျှင်ဖြင့် ထန်းရွက်နံ့ သင်းသင်းမွှေး၊ အေးကလည်း အေးသနှင့်။ ထို့ကြောင့် ရွာကိုပစ်၍ ကိုအောင်ဝင်း မန္တလေးကို ပြန်သွားနိုင်ပါ့မလား။ တွေးရင်းဖြင့် ကျွန်တော့်စိတ်တွေ ရှုပ်ထွေးသွားသည်။

"ကိုအောင်ဝင်း ဇလေမုန့်တွေ စားမလား၊ စားချင်ရင် ကျွန်တော်တို့အိမ်ကို လိုက်ခဲ့ဗျာ"

အားတက်သရော မရှိဘဲ ပြောလိုက်သည်။ အမေက ခေါ်လို့ဆိုပြီး သူလိုက်ချင်အောင် ပြောမနေတော့။ တာဝန်ကျေလေး လုပ်လိုက်သည်ပဲ ဆိုပါတော့။ ကိုအောင်ဝင်း ကျွန်တော်နှင့် လိုက်လာတာ မလိုက်လာတာက သူ့ဆုံးဖြတ်ချက်။ ကျွန်တော်နဲ့မဆိုင်။ နို့ပေမယ့် လိုက်မယ်လိုက်မယ်ဆိုပြီး ပြောလိုက်၍ ကသိကအောင့်ဖြစ်သွားသည်။ ခုန်ဆွခုန်ဆွလုပ်ရင်း ကျွန်တော့်နောက်က သူ တကယ်လိုက်လာခဲ့၍ အနည်းငယ် စိတ်ညစ်သွားသည်။

တန်းလျားခုံပေါ်မှာ ထိုင်နေကြသူတွေ၏ မျက်လုံးတွေအားလုံး ကိုအောင်ဝင်းဆီကို ရောက်သွားခဲ့သည်။ မခင်မြမူလည်း ချက်ချင်း အံ့သြ ဝမ်းသာသွားပြီး ထိုင်ရမလို ထရမလိုဖြစ်ရင်း မောင်လေး ခင်မောင်စိုးဟု ခေါ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုအောင်ဝင်း ကတော့ လှည့်၍မကြည့်။ သူ့မျက်လုံးတွေက အမေ့ဆီမှာ။ အရင်တစ်ခေါက်ကလိုပဲ ကလေးလေးလို မုန့်စားချင်တယ်၊ မုန့်စားချင်တယ် တစာစာ တောင်းနေလျက်။

"ကျွေးမှာပေါ့ကွယ် အဒေါ်က မောင်အောင်ဝင်းကို ဇလမုန့်တွေ အများကြီးကျွေးမှာ ဒီမှာပဲ ထိုင်စားနော်"

သူ ခေါင်းရမ်းပြသည်။

"အိမ်ပြန်မယ်၊ အိမ်မှာ ဘယ်သူမှ မရှိဘူး၊ မုန့်တွေစားမယ် မုန့်ပေးပါ" ထိုစဉ် တန်းလျားခုံပေါ်မှ ဝုန်းဆိုထလိုက်ပြီး ကိုအောင်ဝင်း အနားကို မခင်မြမူ ရောက်သွားသည်။

"မောင်လေးခင်မောင်စိုး မမလေ၊ မမခင်မြမူလေ မမှတ်မိတော့ဘူးလား"

ကိုအောင်ဝင်းကို ဖက်ပြီး ပြောလည်းပြော ငိုလည်းငို။ ကိုအောင်ဝင်းက သူ့အစ်မကို တစ်ချက်ကြည့်ပြီး အမေ့ကို မုန့်ပေးပါဟု တောင်းနေဆဲ။ သူ့အစ်မက သူ့ကို ဖက်ထားပေမယ့် ရုန်းလည်းမရုန်း ဂရုလည်းမစိုက်။

ကိုအောင်ဝင်းသည် အတိတ်ကို မေ့နေပြီး သူ့အစ်မကိုလည်း မှတ်မိဟန်မတူတော့။ ဒါပေမယ့် ကျွန်တော် စိတ်အထင်လားမသိ။ အသက်ငယ်သေးပေမယ့် ကိုငါးမူးနှင့် စကားပြောတိုင်း သူ့မျက်လုံးတွေကိုကြည့်ပြီး စကားပြောသည့်အကျင့်ကို ရသွားခဲ့၍ လူတစ်ယောက်၏ စိတ်ခံစားမှုကို မျက်လုံးတွေမှတစ်ဆင့် နားလည်သလိုလို ရှိနေလေပြီ။

မခင်မြမူကို ကြောင်တောင်တောင်နှင့်ကြည့်နေသည့် ကိုအောင်ဝင်း၏ မျက်လုံးတွေထဲမှာ တစ်စက္ကန့်လောက် အမည်ဖော်ပြရမှာ ခက်သည့် အရိပ်အယောင်တွေ လှစ်ခနဲ ပြေးဖြတ်သွားတာကို သတိပြုမိလိုက်သည်။ မှတ်သားဉာဏ်တွေ ပျောက်ဆုံးသွားသော်လည်း မောင်နှမဆိုသည့် အသိစိတ်သည် သွေးထဲမှာ လှည့်လည်နေဆဲဟု ထင်မိသည်။

"မမြမူရေ ကလေးက မမှတ်မိသေးဘူးနဲ့ တူပါရဲ့ကွယ်။ သူ့ကို အိမ်ပြန်သွားပါစေတော့"

ဝမ်းနည်းပက်လက်ဖြင့် ဒွေးလေးက ပြောလိုက်၍ မခင်မြမူလည်း ဖက်ထားသည့် လက်တွေကိုလွှတ်ပြီး ကိုအောင်ဝင်းကို ငေးကြည့်နေရှာသည်။ ကိုအောင်ဝင်း ကတော့ အမေ့လက်ထဲက မုန့်ရရခြင်း အိမ်အပြင်ဘက်ကို ပြေးထွက်သွားသည်။ တင်းထားတဲ့စိတ်တွေ လျှော့လိုက်ရဟန်တူသည်။ မျှော်လင့်ချက်တွေ ဆုံးသွားရပြီဟု

mgyoe.com

mgyoe.com SAMPLE BOOK

တွေးရင်း မခင်မြမူတစ်ယောက် အရုပ်ကြိုးပြတ် ပုံလဲကျတော့မလို ဖြစ်သွား၍ အမေက ဆီးပွေ့လိုက်ရသည်။

"အသက်ရှင်လျက် တွေ့ရပေမယ့် သူ့အကြောင်းကို တစ်ခုမှ မမှတ်မိတော့ပါဘူးရှင်။ ဖြစ်ရလေ မောင်လေးရယ်။ ဖေဖေနဲ့ မေမေ့ကို မမ ဘယ်လိုပြောရမလဲ"

ပြောရင်းဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်သည်။ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ငိုနေလျက်။

"သမီးရယ် အဲဒီလိုတော့ မဟုတ်ပါဘူး။ နတ်ကောင်းနတ်မြတ်တွေကလည်း ကြည့်ရှုပေးမှာပါ။ အဒေါ်တို့လည်း ရှိနေသားကွယ်"

အမေ့ကို တအံ့တဩ ကြည့်မိလိုက်သည်။ အမေ့မျက်လုံးတွေထဲမှာ မျက်ရည်တွေ။ အမေသည် ကိုယ့်သမီးအရင်းခေါက်ခေါက်ကိုတောင် သမီးဟု ခေါ်ရမှာ ဝန်လေးနေသည်ပဲ။ သို့ရာတွင် မည်မျှပင် တင်းမာထားသည်ဖြစ်စေ မိခင်တို့၏ နှလုံးသားထဲမှ သားသမီးတွေအတွက် ချစ်မြတ်နိုးခြင်းသည် အမြဲထာဝရ စိမ့်ယိုကျဆင်းနေလျက် ရှိသည်။

"နှစ်ရက် သုံးရက်လောက် စောင့်ကြည့်ကြတာပေါ့ တူမကြီး။ သိပ်စိတ်မပူစေချင်ဘူး။ သူ့ကို ထားခဲ့ရလည်း ဦးကြီးတို့ ရှိနေမင့်ပဲကွယ်။ မောင်ကျော်မြင့်တို့သားအမိကလည်း သူ့ကို ကိုယ့်သွေးကိုယ့်သားလို သဘောထားကြတာပါ"

အဖေက စိတ်သက်သာရအောင် ပြောလိုက်၍ မခင်မြမူလည်း အငိုတိတ်သွားခဲ့သည်။ သို့နှင့် အဖေပြောသလို ကိုအောင်ဝင်းက သူ့ကိုယ်သူပြန်ပြီး သတိရလို ရငြား ရွာမှာ နှစ်ရက်သုံးရက်ခန့်နေဖို့ ဒွေးလေး ဆုံးဖြတ်လိုက်သည်။ မျှော်လင့်ချက်တွေ ရှိနေဆဲ။

ညမှောင်ရီပျိုးချိန် အခင်းက ပြန်လာသည့် အမေအေးလည်း အိမ်ကို ရောက်လာခဲ့သည်။ အမေက အကြောင်းစုံရှင်းပြ၍ အံ့ဩသွားရှာသည်။

"ဒီကလေးကို မြင်မြင်ချင်းပဲ ကိုယ့်သားသမီးလို ဖြစ်သွားတာပါ တော်ရယ်။ ကျုပ်ရဲ့သား မောင်ကျော်မြင့်ကလည်း ညီတစ်ယောက် ကောက်ရလိုက်သလို ပျော်နေရှာတယ်။ မြို့လိုမဟုတ်လို့ သားလေးခမျာ အနေအစားတော့ ဆင်းရဲပေမယ့် ညည်းညူမနေဘဲ ကျွေးတာနဲ့ စားရှာပါတယ်။ တကယ်လို့ သူပြန်လိုက်ချင်ရင်လည်း ခွင့်ပြုပေးရမှာပေါ့တော်"

တိုးတိုးတိတ်တိတ်ပြောနေသည့် အမေအေး၏ အသံတွေက အက်ကွဲတုန်ခါနေလျက်။ အမေရယ်၊ ဒွေးလေးရယ်၊ မခင်မြမူရယ်၊ အမေအေးရယ်။ မီးခွက်

mgyoe.com

mgyoe.com
SAMPLE BOOK

ဆီက အလင်းရောင်ဖျော့ဖျော့အောက်မှာ မိန်းမသားလေးယောက်စလုံး၏ မျက်ဝန်းတွေပေါ်မှာ မျက်ရည်စတွေ။ အမေတို့အနားက တိတ်တဆိတ် ထွက်လာခဲ့သည်။ အပြင်ဘက်မှာ ဝါခေါင်လပြည့်ခါနီး၍ လမင်းကြီးက ရွှန်းရွှန်းမြမြ။ စိတ်လက်ပေါ့ပါး ကြည်လင်စရာကောင်းသော်လည်း ကိုအောင်ဝင်းက သူ့အစ်မနှင့် မန္တလေးကို ပြန်လိုက်သွားမှာလား ဆိုသည့်အတွေးကြောင့် ရင်ထဲမှာ တစ်ခုခုဖြင့် ဖိထားသလို လေးလံနေပါသည်။ ကျွန်တော့်လိုပဲ အမေအေးနှင့် ကိုငါးမူးလည်း ကိုအောင်ဝင်း မန္တလေးကိုပြန်သွားမှာ စိတ်ပူနေကြပါလိမ့်မည်။

နောက်တစ်နေ့ရောက်တော့ ကိုအောင်ဝင်းကို မန္တလေးက သူ့အစ်မ လာခေါ်သည့်သတင်း တစ်ရွာလုံး ပျံ့သွားပြီ။ အများစုက တောသွားနေကြ၍ အိမ်တွေမှာ မိန်းမတွေပဲ ကျန်ရစ်ခဲ့သည်။ မမမြမူနှင့်အတူ ကိုငါးမူးတို့အိမ်ဆီသို့ ထွက်လာခဲ့ကြသည်။ မြို့သူတစ်ယောက်၏ အပြင်အဆင်ကို မမြင်ဖူးကြ၍ ရွာလမ်းတစ်လျှောက်မှာ အိမ်တိုင်းလိုလို အိမ်ရှေ့ခြံစည်းပေါ်က ခေါင်းပြူပြီး ကြည့်နေကြ၏။ အံ့သြထူးဆန်းနေသည့် အကြည့်တွေနှင့် မျက်လုံးတွေ။

လမ်းတစ်နေရာတွင် မဆယ်မိနှင့် ကြုံကြဖန်ဖန် မျက်နှာချင်းဆိုင် ဆုံမိလိုက်သည်။ အေး. . . မြို့သူတွေများ လှချက်တော်၊ အဲသလိုကြီး ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့ ကျွန်တော့်မှာ ကြားကနေပြီး မဆီမဆိုင် အနေခက်သွား၏။

ကောင်းတာကို ချီးမွမ်းတာမို့ ကျွန်တော်က ဘာများ အနေခက်စရာရှိလို့လဲ။ တောဆိုတာ ပရိယယ်တွေ ဘာတွေမရှိ ရိုးသားပွင့်လင်းသည်။ ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ် ပြောကြစမြဲ။

ကျွန်တော်တို့ ရောက်သွားချိန်တွင် ကိုအောင်ဝင်းတစ်ယောက် မန်ကျည်းပင်ကြီးကို မှီပြီး ခြေဆန့်ထားရင်း သီချင်းဆိုနေ၏။ ကိုငါးမူး ခမျာ ပျာပျာသလဲ ဖြစ်သွားပြီး ထိုင်စရာ ကပ်ကြမ်းတစ်ချပ် ခင်းပေးလိုက်သည်။ ကျွန်တော်က မိတ်ဆက်ပေးလိုက်သောအခါ အွတ်အွန်းအွန်းဟု ပြောရင်း ခေါင်းညိတ်ပြလိုက်သည်။ ဆွံ့အ စကားမပြောနိုင်သူ တစ်ယောက်ရယ်၊ အိုမင်းနေသည့် မြေစိုက်တဲကလေးရယ်၊ သီချင်းဆိုနေသည့် ကိုအောင်ဝင်းရယ်၊ မိနစ်ပိုင်းမှာပဲ အခြေအနေတွေကို မမမြမူ သဘောပေါက် နားလည်သွားခဲ့သည်။ ဆင်းရဲကြပေမယ့် သူ့မောင်လေးအပေါ်မှာ မေတ္တာစေတနာတွေဖြင့် စောင့်ရှောက်ထားတာကိုလည်း တွေ့မြင်သွားခဲ့၍ မသိမသာ သက်ပြင်းရှိုက်လိုက်သည်။ စကားတစ်ခွန်းမျှ မပြောဘဲ ကိုငါးမူးတို့လောက ကမ္ဘာလေးကို ငေးကြည့်နေလျက်။

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်ခါနီးတော့ မမမြမူက ကိုအောင်ဝင်း အနားကိုသွား၍ "မောင်လေး ခင်မောင်စိုးရေ မမတို့ ပြန်လိုက်ဦးမယ်နော်"

ဟု နှုတ်ဆက်လိုက်သည်။ သည်တစ်ခါတော့ ကိုအောင်ဝင်းက ထူးထူး ခြားခြား သူ့အစ်မကို ပြုံးရယ်ပြလိုက်သည်။ ထို့နောက် သီချင်းကိုပဲ ဆိုနေဆဲ။ သီချင်းနှင့်အတူ လောကတစ်ခုဆီသို့ လွင့်မျောသွားဟန် တူပါသည်။

မမမြမူက ကျွန်တော့်ကို မောင်လေး မောင်သိန်းနိုင်ရေဟု ခေါ်လိုက်၍ ရင်ထဲမှာ သိမ့်ခနဲ ဖြစ်သွားရသည်။ ကိုယ့်အစ်မအရင်း ရှိခဲ့ပေမယ့် ကြင်ကြင်နာနာနှင့် တစ်ခါမျှ အခေါ်မခံခဲ့ရ၍ ငိုချင်သွား၏။ မမမြမူက သူ သီချင်တာတွေကို မေးသည်။ ကျွန်တော်ကလည်း ဖိုးပြောချင်ဆိုတော့ စိတ်ထဲပေါ်သမျှတွေကို ပြောပြနေမိသည်။ ဖျောက်ဆိပ်ပင်ကြီးပေါ်က သရဲလိုက်၍ ထွက်ပြေးကြရတဲ့ အကြောင်းလည်း ပါ လိုက်သေး။

ညနေစောင်းတော့ ကိုငါးမူးတို့ဆီကို တစ်ခေါက် ထပ်သွားခဲ့ကြသည်။ ကိုအောင်ဝင်းကို မတွေ့ရ။ ရေကန်ဆီသွားတယ်၊ ကိုငါးမူးက စာရေးပြီး ဆရာတော် ဉူးသုမနကျောင်းဘက်ဆီကို လက်ညှိုးညွှန်ပြလိုက်သည်။ အလိုဗျာ ကျွန်တော်တို့ ရောက်သွားတော့ ကိုအောင်ဝင်းသည် မန်ကျည်းပင်ကြီးအောက်မှာ ထိုင်ရင်း ရေ ခပ်လာကြသည့် အမျိုးသမီးတွေကို ရှုစားနေလျက်။

"မမမြမူ ကိုအောင်ဝင်းကြီးက လူပျိုလှည့်နေပြီ ထင်တယ်။ ဘယ်သူ့ကို ကြိုက်နေမှန်း မသိဘူးဗျ"

တိုးတိုးပြောလိုက်ရင်း ကန်ဘောင်ပေါ်ကို လှမ်းတက်လိုက်စဉ် ခြေချော် သွားပြီး လူတစ်ယောက်နှင့် တိုက်မိသလိုဖြစ်သွား၏။ ဟဲ့. . . ဟဲ့. . . မမမြမူက စိုးရိမ်တကြီး အော်လိုက်သည်။ ခန္ဓာကိုယ် ဟန်ချက်ကို ထိန်းလိုက်၍ လဲကျမသွား။ အနားမှာ ရပ်နေသည့်သူကို ကြည့်လိုက်မိသည်။

"ဟောဗျာ မမလှညို"

ကိုအောင်ကြည်ညီမ မလှညိုဖြစ်နေ၍ နည်းနည်း လန့်သွား၏။ အား လည်း နာသွားခဲ့သည်။ သူ့ခမျာ ရေခပ်ပြီး ကန်ပေါင်ပေါ်ကို တက်လာသည့်အချိန် ကျွန်တော်နှင့် တိုက်မိမလိုဖြစ်ပြီး ခေါင်းပေါ်မှာရွက်ထားသည့် ရေအိုးလည်း လှုပ်ခါ သွားသည်။ ရေတွေ ဖိတ်စင်ကုန်ပြီး သူ့မျက်နှာပေါ်ကို ရေစက်တွေ စီးကျနေလျက်။ အမေသာ သိလျှင်ဖြင့် ဒီလောက် လျှပ်ပျာပျာနိုင်ရသလားဟု ဆူတော့မည်။ ကိုအောင်ကြည်တို့က လူမိုက်ဆိုပေမယ့် သူ့ညီမကို တုန်နေအောင် ချစ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မမလှညွှိက သဘောကောင်းပါသည်။ ကျွန်တော့်ကို အပြစ်မဆို။ ပြုံးရယ်၍ကြည့်နေသည်။ သည်အချိန်မှာပဲ ကျွန်တော်တို့အနားသို့ ကိုအောင်ဝင်း ရောက်လာသည်။

"သိန်းနိုင် မကောင်းဘူး လှညွှိ ထိခိုက်လိမ့်မယ်" သူက မဆီမဆိုင်နှင့် ကျွန်တော့်ကို ပြောလိုက်၍ စိတ်တိုချင်ချင်။ မမလှညွှိနှင့် မမမြမူတို့ နှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် မျက်လုံးချင်း ဆုံလိုက်ကြသည်။ မမလှညွှိက ရေအိုး ရွက် ထားရင်းဖြင့် ခေါင်းညွတ်နှုတ်ဆက်ဟန်ပြု၍ လှေကားထစ်တွေအတိုင်း ဆင်း သွားသည်။

"မောင်လေး ခင်မောင်စိုးရေ၊ မမတို့ ပြန်ကြရအောင်နော်"

အံ့ဩစရာပါပဲ ကိုအောင်ဝင်းက သူ့အစ်မပြောတာကို လိုက်နာနေပါ သည်။ လမ်းလျှောက်လာကြရင်း-

"လှလိုက်တဲ့ မိန်းကလေးကွယ်" ဟု မမမြမူက ပြောလိုက်သည်။ မှန်ပါ သည်။ မမလှညွှိသည် သူ့အစ်ကိုနှစ်ယောက်နှင့် ရုပ်ချင်းတစ်ခြားစီ။ ကိုငါးမူးအိမ်ကို ရောက်တော့ သူက ကျွန်တော်တို့ကို မျှော်နေလျက်။ ကိုအောင်ဝင်းက ကျွန်တော် တို့အနားမှ ဖြတ်သွားပြီး တဲထဲကို ဝင်သွားသည်။

"ကျွန်မ မောင်လေးကို ဂရုစိုက်ပေးကြလို့ ကျေးဇူးတင်ပါတယ်ရှင်"

အသံမထွက်ဘဲ ငေးစိုက်ကြည့်နေသည့် ကိုငါးမူး မျက်လုံးတွေထဲမှာ စိုးရိမ် စိတ်ပူတာတွေ ရောယှက်နေလျက်။ သူသာ စကားပြောနိုင်လျှင် ဘာတွေ ပြောမည်ကို ကျွန်တော် မခန့်မှန်းနိုင်။

အလင်းရောင်တွေ ပျောက်၍ အမှောင်ရိပ် သန်းလာခဲ့ပြီ။ မမမြမူနှင့် ကျွန်တော်လည်း စကားတပြောပြောဖြင့် အိမ်ပြန်လာခဲ့ကြသည်။ စကားတပြော ပြောဟု ဆိုရသော်လည်း ကျွန်တော်ကပဲ ဒိုင်ခံပြီး စကားပြောရသည်။ အထူးသဖြင့် ကိုအောင်ဝင်း အကြောင်းတွေပါပဲ။ ကိုအောင်ဝင်း သီချင်းဆိုပြီး ကပြသည့်အကြောင်း ကို ပြောပြတော့ ပြုံးရယ်ရင်း-

"မောင်လေး ခင်မောင်စိုးက သီချင်းဆိုရတာ ဝါသနာပါတယ်။ အိမ်မှာ ဆိုရင် အခန်းထဲမှာ တစ်ယောက်တည်း သီချင်းဆိုပြီး ကနေတာလေ"ဟု ပြောလိုက် ပြီးမှ ရုတ်တရက် မျက်နှာညှိုးနွမ်းသွားသည်။ ဇရပ်ကတုံးပေါ်မှာ လောကဝန်းကျင် နှင့် အဆက်ပြတ်ပြီး သီချင်းဆို ကခုန်နေသည်ကို မြင်ယောင်သွားခြင်းကြောင့် ဖြစ်ပါသည်။

အိမ်ရှေ့ရောက်သည့်အချိန်မှာပဲ မမျှော်လင့်ဘဲ ဆရာလေး ကိုတင်စန်းနှင့်

mgyoe.com

mgyoe.com SAMPLE BOOK

တွေ့သည်။ ဆရာလေးဟု ဝမ်းသာအားရဖြင့် ခေါ်လိုက်သည်။ ဆရာလေးကလည်း ကျွန်တော့်ကို ပြုံးရယ် ကြည့်လိုက်သည်။ ပြီးမှ ကျွန်တော့်နောက်က မမမြမူကို တွေ့လိုက်ရ၍ အံ့အားသင့်သွားပြီး ပါးစပ်အဟောင်းသားဖြစ်သွား၏။ ဆရာလေး မျက်နှာပေါ်တွင် မယုံကြည်ဘဲဖြစ်နေလျက်။ မမမြမူလည်း ထိုနည်းတူ။ မျက်လုံးတွေ ဝိုင်းစက်သွားပြီး တအံ့တသြ ဖြစ်နေသည်ကော။

"ဟင်. . . မူမူ ဒီရွာကို မင်း ဘယ်လိုရောက်လာတာလဲ"

"ကိုစန်း ကိုစန်း ဟုတ်တယ်နော်"

ပြောလက်စ စကားကို ရှေ့မဆက်နိုင်ကြတော့ပဲ ကျောက်ရုပ်ကြီးတွေလို တောင့်တောင့်ကြီး ရပ်ရင်း တစ်ယောက်ကိုတစ်ယောက် ငေးစိုက်ကြည့်နေကြ၏။ ကျွန်တော့်မှာ အူကြောင်ကြောင်ဖြင့် ဘာမှန်းလည်းမသိ။ သူတို့နှစ်ယောက်ကလည်း ကျွန်တော့်ကို မေ့လျော့နေသလားတောင် ထင်ရ၏။ ထို့နောက် ဆရာလေးက သတိဝင်သွားပြီး အားပါးတရ ပြုံးရယ်ရင်း မမမြမူ လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ခြေတော်ရာဘုရားပွဲမှာ ကသည့်ဇာတ်ထဲက ပြဇာတ်ခန်းလိုပါပဲ။ အသံမထွက်ဘဲ မျက်လုံးတွေဖြင့် စကားပြောနေကြသည်။ ကျွန်တော်သည် သူတို့နှစ်ယောက်ကို မော့ကြည့်နေမိသည်။ အသံတိုးတိုးဖြင့် စကားတွေ ပြောနေကြသည်။ ကျွန်တော်နားမလည်သည့် စကားတွေ။ မမမြမူဆီက ရယ်သံလွင်လွင်ကလေး ကြားလိုက်ရသည်။ သူတို့အနားမှာ ကျွန်တော်ရှိနေဖို့ မသင့်တော်မှန်း နားလည်လိုက်သည်။ ကျွန်တော့်ကို သတိမပြုခင်မှာ အိမ်ဝင်းထဲကို ဖျတ်ခနဲပြေးသွားခဲ့သည်။ ဆရာလေးနှင့် မမမြမူတို့က သူငယ်ချင်းတွေဖြစ်နေကြမှန်း သိလိုက်ရ၍ ပျော်သွား၏။

ချည်တွေရှင်းရင်း ထိုင်စကားပြောနေသည့် အမေနှင့် ဒွေးလေးကို အဆင်သင့်တွေ့လိုက်ရ၍ "အမေရေ ဆရာလေးနဲ့ မမမူက သူငယ်ချင်းတွေဗျ သိလား" ဟု ဝမ်းသာအားရ ပြောလိုက်မိသည်။ အဲဒါလေ ဒွေးလေးက ဘယ်လိုကြောင့်မှန်းမသိ ကျွန်တော့်ကို 'ရှူး'ဆိုပြီး အသံပြုလိုက်၏။ ပြီးမှ အမေနှင့် ဒွေးလေးသည် အချင်းချင်း ကြည့်ပြီး ရယ်နေကြပြန်သည်။ စိတ်ရှုပ်စရာကောင်းလိုက်တာ၊ ဆရာလေးနဲ့ မမမူတို့က သူငယ်ချင်းတွေဟု ပြောမိတာ ဘာများ ရယ်စရာပါလို့လဲ။

ဆရာလေးတို့ကလည်း ခက်သည်။ အိမ်ထဲဝင်မလာဘဲ ဝင်းပေါက်ဝမှာ အကြာကြီး ရပ်စကားပြောနေကြ၏။ ခြေထောက်တွေ ညောင်းတောင့်နေမှာကို သိကြဟန်မတူ။ တော်တော်ကြာပြီး ထမင်းစားဖို့ ပြင်တော့မှ သူတို့ရောက်လာကြသည်။ မမမူက အနည်းငယ် ရှိုးတို့ရှန့်တန့်ဖြစ်နေပေမယ့် ဆရာလေးကတော့

mgyoe.com

mgyoe.com SAMPLE BOOK

ပြုံးပြုံးရယ်ရယ်။

"ဟော ဆရာလေးပါ ရောက်လာတာကိုး ထမင်းစားသွားနော်"

အမေရယ်လေ ဆရာလေးကို အခုမှ တွေ့လိုက်ရသည့်ပုံ အံ့ဩပါ့။

"ခင်မြမူနဲ့ ကျွန်တော်က တက္ကသိုလ်မှာ သူငယ်ချင်းတွေလေ။ မမျှော်လင့်ဘဲ ပြန်ဆုံကြလို့ အံ့ဩဝမ်းသာရတယ် ဒေါ်ဒေါ်ရေ"

အမေနှင့် ဒွေးလေးကလည်း အံ့ဩဝမ်းသာဟန်ပြုသည်။ "သူငယ်ချင်းတွေ ပြန်ဆုံကြရတာ ဝမ်းသာစရာပဲ မမြမူရေ"

ဒွေးလေးက ပြောလိုက်၍ ကျွန်တော် မသိမသာ နှာခေါင်းရှုံ့မိသွား၏။ ကျွန်တော် ပြောခဲ့တုန်းကတော့ ရှုးတိုးတိုးဆိုပြီး လုပ်သည်ကိုး။ လူကြီးတွေက ခက်ပါသည်။ တချို့ကိစ္စတွေကို သိပေမယ့် မသိချင်ယောင်ဆောင်နေကြ၍ ကျွန်တော် နားမလည်နိုင်။

ကျေးလက်တောရွာတွေမှာ နောက်တစ်နေ့မနက် တောကို မိုးမလင်ခင်ကတည်းက သွားကြရသည်ဖြစ်၍ အိပ်ရာဝင် စောကြပေမယ့် အမေတို့ စကားဝိုင်းသည် တော်တော် မိုးချုပ်မှ ပြီးသွားသည်။ စကားဝိုင်းမှာ မမြမူဆီက တခစ်ခစ် ရယ်သံတွေကို ကြားရသည်။ ဆရာလေးနှင့် တွေ့လိုက်၍လည်း ရယ်သံတွေ ထွက်လာသည်လား မပြောတတ်ပါ။ ဘာပဲဖြစ်ဖြစ် ကိုအောင်ဝင်းကို ပြန်ခေါ်သွားတော့မည် မထင်၍ နည်းနည်း စိတ်ပေါ့ပါးသွားရသည်။ ဆရာလေးလည်း ရှိနေမင့်ပဲဟာ စောင့်ရှောက်မယ့်သူ တိုးလာ၍ စိတ်ပူစရာ မလိုတော့ပြီပဲ။

နောက်တစ်နေ့ မနက် မမြမူကို အိမ်ကလှည်းဖြင့် အရာတော်ကို ကျွန်တော် လိုက်ပို့ရမည်မို့ ပျော်သွားသည်။ ကိုအောင်ဝင်းကို တွေ့သည့်အကြောင်း အရာတော်မှ သူ့မိဘတွေဆီသို့ ဖုန်းဆက်ပြောဖို့ဖြစ်သည်။ သို့ပေမယ့် ကျွန်တော် ထင်သလို မဟုတ်ပေပါင်။ ဆရာလေးက အဖေ့စက်ဘီးနှင့် အရာတော်ကို လိုက်ပို့ပေးသည်။ နေပေါ့ လူတောင် သက်သာသေး၏။ နေပူပြီး လေပြင်းပြင်းတိုက်သည့် ယခုလို အချိန်တွင် စက်ဘီးနင်းရတာ မသက်သာ။ နို့ပြီး ဝါခေါင်မိုးကလည်း ပြောမရ မထင်မှတ်ဘဲ ဖြုန်းဆို ရွာချင် ရွာချတတ်သည်။ ထားလိုက်ပါ မိုးမရွာလည်း နေပူလေတွေ လှိမ့်တိုက်နေ၍ စက်ဘီးက နင်းသလောက် ရှေ့ကို မရွေ့နိုင်။ အဖေ အရာတော်က စက်ဘီးစီးပြီးပြန်လာတိုင်း ချွေးဒီးဒီးကျလျက်။ ပြုံးပြုံးရယ်ရယ်နှင့် စက်ဘီးကယ်ရီယာနောက်မှာ ထိုင်လိုက်သွားသည့် မမြမူကို ကြည့်ရင်း အမေပြော တာကို သတိရလိုက်မိသည်။ အမေ့ကိုတင်ပြီး မင့်အဖေ စက်ဘီးစီးတာ ပင်ပန်း

mgyoe.com

mgyoe.com SAMPLE BOOK

ရှာလွန်းလို့ အရာတော်ကိုသွားရင် ဘယ်တော့မှ အဖေနဲ့ မလိုက်တော့ဘူးတဲ့။ ဆရာလေးကတော့ သည်လိုပင်ပန်းမှာကို တွေးမိမည်မထင်ပါ။ မမမြမူကို စက်ဘီး ကယ်ရီယာပေါ်တင်ပြီး ပြုံးပြုံးကြီးဖြင့် စက်ဘီးနင်းသွားခဲ့လေပြီ။

နေ့လယ်ခင်းမှာ ကိုငါးမူးတို့ဆီကို ထွက်လာခဲ့သည်။ ကိုငါးမူး၊ ကိုအောင် ဝင်းရော ကျွန်တော်က မေးလိုက်၍ တဲထဲကို မေးငေါ့ပြလိုက်သည်။ ခုတင်ကြမ်း ပေါ်မှာ ခွေခွေလေးအိပ်နေသည့် ကိုအောင်ဝင်းကို တွေ့လိုက်ရ၍ အံ့ဩသွား၏။ နေ့ခင်းမှာ တဲထဲကိုဝင်ပြီး သူ အိပ်နေတာမျိုး တစ်ခါမျှမတွေ့ဖူးခဲ့။

"မမမြမူက ကိုအောင်ဝင်းကို မန္တလေး ပြန်ခေါ်သွားမလား မသိဘူးဗျာ။ မန္တလေးရောက်မှ ဆေးကုပေးမယ်လို့ ပြောသံကြားရတယ်"

ကိုငါးမူးကို ကျွန်တော် ပြောလိုက်သော်လည်း လှုပ်လှုပ်ရှားရှားမရှိ။ သူ့ မျက်လုံးတွေထဲမှာ ဝမ်းနည်း ကြေကွဲရိပ်တွေ ယှက်သန်းနေလျက်။ သို့ဖြင့် ရှေ့ဆက် စကားပြောချင်စိတ် ကင်းမဲ့သွားပြီး သူ့အနားမှာထိုင်ရင်း ငေးမိငေးရာ ငေးနေမိ သည်။ ကိုအောင်ဝင်း မန္တလေးကို ပြန်သွားလျှင် ကျွန်တော်လည်း စိတ်မကောင်း ဖြစ်ရတော့မည်။ သူ သီချင်းဆိုတာတွေကို နားထောင်ရမှာ မဟုတ်တော့။ ကျွန်တော် တို့နှင့် ကစားဖော် ကစားဖက်တစ်ယောက် လျော့သွားတော့မည်။

ကိုအောင်ဝင်း မန္တလေးကို ပြန်သွားမှာလားဟု ဘထွန်းက မေးလိုက်သည်။ ကျွန်တော်လည်း မသိ။ အမှန်တော့ ကိုအောင်ဝင်း မန္တလေးပြန်မည့် ကိစ္စကို ကျွန်တော့်သူငယ်ချင်းတွေသာ မဟုတ်ဘဲ တစ်ရွာလုံးက စိတ်ဝင်စားနေကြသည်။ သံယောဇဉ်တွယ်သွားရပြီ ဆိုတော့လည်း ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သိချင်ကြရှာသည်။

ညနေစောင်းမှာ ဆရာလေးတို့ အရာတော်က ပြန်လာကြသည်။ မမမြမူက "ဖေဖေနဲ့ မေမေ့ကို အကျိုးအကြောင်းတွေ ရှင်းပြလိုက်တယ်။ မေမေကတော့ မောင်လေးကို ပြန်ခေါ်ချင်ရှာတာပေါ့။ နောက်မှ စိတ်လျှော့လိုက်ပြီး ငါ့သားလေး စိတ်ချမ်းသာသလို နေပါစေလို့ ပြောလိုက်တယ် ဒေါ်ဒေါ်ရေ" ဟု ပြောလိုက်၍ အမေနှင့် ဒွေးလေးလည်း ဝမ်းသာသွားသည်။ သတင်းကောင်းဖြစ်၍ ကျွန်တော် ပျော်သွား၏။ အမေအေးနှင့် ကိုငါးမူးတို့ကတော့ အပျော်ဆုံးဖြစ်ပါလိမ့်မည်။

"အမေအေးရယ်၊ ကျွန်မမောင်လေးကို စောင့်ရှောက်ပေးထားတာ ကျေးဇူး ကြီးလှပါတယ်ရှင်။ ကျွန်မကို ကန်တော့ခွင့်ပြုပါနော်" ပိုက်ဆံအချို့နှင့် လက်အုပ်ချီ ကန်တော့လိုက်၍ အမေအေးက ငြင်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ပိုက်ဆံတွေကိုတော့ လက်မခံပါရစေနဲ့ မိန်းကလေးရယ်။ မောင်အောင်ဝင်းကလည်း ကျုပ်ရဲ့သားတစ်ယောက်လိုပါပဲကွယ်။ သူ့အတွက် စိတ်ချပါ။ သူလည်း ဒီမှာ နေရတာ ပျော်နေရှာပါပြီ"

မမမြမူက သက်ပြင်းတစ်ချက်ချလိုက်ပြီး လက်ဆွဲအိတ်ထဲမှ အဝတ်အစား အချို့ကို ထုတ်ယူလိုက်သည်။

ကိုအောင်ဝင်း အင်္ကျီနှင့် ဘောင်းဘီရှည် လေးငါးစုံခန့် လိုလိုမယ်မယ် ယူလာခဲ့ခြင်းဖြစ်သည်။ အဝတ်အစားတွေကလည်း တကယ့် အကောင်းစားတွေ။ ရွာမှာ နောက်ထပ်တစ်ရက်နေပြီး ဒွေးလေးနှင့် မမမြမူလည်း မန္တလေးပြန်သွားကြ၏။ ဆရာလေးက သူတို့ကို မုံရွာအထိ လိုက်ပို့ပေးသည်။ ဆရာလေးနှယ် သူငယ်ချင်း သံယောဇဉ်ကလည်း ကြီးလိုက်ပါဘိဟု တွေးနေမိသည်။ သည်နှယ် သံယောဇဉ် ကြီးလွန်းတော့လည်း သူ့ကိုယ်သူ ပင်ပန်းလို့ ပင်ပန်းမှန်းမသိတော့။ အတော်ခက်သည့် ဆရာလေးပါပဲ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁၀)

မုန်တိုင်းရောက်မလာခင် လေပြေလေညင်းကလေးတွေ တိုက်ခတ်လာလေ့ရှိသည်ဟု ပြောကြသည်။ ကျွန်တော့်ငယ်ဘဝ ဖြတ်သန်းမှုတွင် ကျွန်တော့်ရွာ ကျွန်တော့်အသိုင်းအဝိုင်းနှင့် လောကဝန်းကျင်ကလေးသည် အေးချမ်းပျော်ရွှင်မှုတွေဖြင့် စိတ်နှလုံးကြည်လင် လန်းဆန်းနေခဲ့သည်။ သို့ရာတွင် မုန်တိုင်းတိုက်ခတ်သလို မမြင်နိုင်သော ကံကြမ္မာသည် ကျွန်တော့်မိသားစုအပေါ် မွှေ့ယမ်းလိုက်သော အခါ အရာအားလုံးသည် အစိတ်အပိုင်းတွေအဖြစ် လွင့်စဉ်ကွဲကြေသွားခဲ့ရတော့မည်ကို ကျွန်တော် မတွေးခဲ့မိ။ ရုတ်တရက် တွေ့ကြုံလိုက်ရသည့် ဘဝတစ်ဆစ်ချိုး အကွေ့သည် ကျွန်တော့်အား မသေချာ မရေရာမှုတွေဖြင့် ရောထွေးသွားစေပြီး ရှေ့ခရီးကို မောလျပင်ပန်းစွာ ဖြတ်သန်းရမည်ကိုလည်း သတိမပြုခဲ့။

မိုးလေကင်းစင်သည့် သီတင်းကျွတ်လထဲသို့ ရောက်လာခဲ့ပြီ။ သီတင်းကျွတ် လပြည့်နေ့မှာ ကျွန်တော်တို့ရွာ ဘုရားပွဲရှိသည်။ အမှန်တော့ ဘုရားပွဲဟု ဆိုလိုက်ရသော်လည်း ဆရာတော် ဦးသုမင်္ဂလကျောင်းဝင်းထဲရှိ စေတီကို မီးပူဇော်ကြခြင်းမျှသာ။ မည်သို့ပင်ဖြစ်စေ တစ်နှစ်တစ်ခါ ကျင်းပသည့် ကိုယ့်ရွာဘုရားပွဲမို့ တစ်ရွာလုံး ပေါ့ပါးပျော်ရွှင်နေကြပြီး စိတ်လှုပ်ရှားနေလျက်။ သီတင်းကျွတ်လဆန်း ဆယ်ရက်လောက်ကတည်းက နေ့စဉ် ဆောင်ရွက်နေကြသည့် လုပ်ငန်းကိစ္စတွေကို ရပ်နားလိုက်ကြသည်။ တောကိုလည်း မသွားကြတော့။ ထန်းတောထဲမှာနေသည့်

mgyoe.com

mgyoe.com SAMPLE BOOK

ကိုမဲကြီးတို့ တစ်တွေလည်း ရွာထဲသို့ ပြန်ရောက်လာကြသည်။ တစ်နှစ်မှာ သည်တစ်ကြိမ်ပဲ လူစုံတက်စုံ ဆုံကြရစမြဲ။

တဲအိမ်တွေလည်း ယခင်ကလို မဟုတ်တော့ဘဲ စကားပြောသံ၊ တစ်အိမ့်တစ်အိမ်ကို လှမ်းအော်ပြောသံ၊ ခွေးဟောင်သံတွေဖြင့် ဆူညံနေလျက်။ တိတ်ဆိတ်နေသည့် ရွာကလေးသည် အသက်ဝင် လှုပ်ရှားလာခဲ့သည်။ အမေက သည်နှစ်ဘုရားပွဲမှာ ကတိုးဝါကြော်ဖို့အတွက် လဆန်းဆယ့်တစ်ရက်လောက်ကတည်းက ပြင်ဆင်ထားသည်။ ဘုရားပွဲရောက်တိုင်း ကတိုးဝါ၊ မုန့်ဆီကြော်၊ မုန့်ပေါက် မုန့်သြဇာစသည်ဖြင့် မုန့်တွေကို အီလံနေအောင် စားရစမြဲ။ ဆီးယိုနှင့် နှမ်းပျစ်ကိုတော့စားရလွန်း၍ မမြင်ချင်ယောင်ဆောင်ပြီး နေရ၏။ ကျွန်တော်တို့ တစ်ရွာလုံး ဆင်းရဲကြသော်လည်း ဘုရားပွဲမှာ အိမ်တိုင်းလိုလို မုန့်တစ်မျိုးမျိုးတော့ ပြုလုပ်ကြသည်။ တချို့အိမ်တွေက မုန့်ဆီကြော်၊ တစ်ချို့အိမ်တွေက မုန့်ပေါက် စသည်ဖြင့်။ ထန်းလျက်နှင့် ဆီကလည်း ပေါသည်မို့ မုန့်တစ်မျိုးလောက် ကြော်လိုက်ရမှ နေသာထိုင်သာ ရှိသွားသည်။

လဆန်း ၁၃ ရက်နေ့မှာ အရာတော်က ငှားလာခဲ့သည့် အသံချဲ့စက်လည်းရောက်လာခဲ့ပြီ။ ဘုန်းကြီးကျောင်းထဲသို့ ရောက်လာသည့် အသံချဲ့စက်ဆရာအနားမှာ ကျွန်တော်တို့တစ်တွေ ဝိုင်းအုံနေကြ၏။ မြင်မြင်သမျှ အထူးအဆန်းတွေချည်း။ ကက်ဆက်ဆိုသည့် ပစ္စည်းကလေးကိုကြည့်ရင်း အံ့အံ့သြသြ ဖြစ်ရသည်။ တချို့ရွာတွေမှာ ကက်ဆက်တွေဝယ်သည့်သတင်း ကြားရသည်။ ဈေးကြီးသည်ဟု ဆို၏။

မန်ကျည်းပင်ထိပ်ဖျားရှိ အော်လံဆီက သီချင်းသံတွေကို ကြားလိုက်ရသည်နှင့် ကျွန်တော့်မှာဖြင့် အားပါးတရပျော်ရင်း ငိုချင်သလိုလို ဖြစ်သွားရသည်။ ဘာကြောင့်မှန်းလည်း မသိပါ။ တစ်နှစ်မှာ တစ်ခါတည်းသာ နားဆင်ခွင့်ရသည့် အသံချဲ့စက်သည် တစ်ရွာလုံးကို လှုပ်နှိုးလိုက်သည့်နှယ်။ မုန့်တွေကြော်ရင်း နားထောင်ကြသည်။ တချို့ကတော့ ကိုယ့်တဲထဲမှာ လှဲလျောင်းရင်း စည်းစိမ်ယူနေကြသည်။ ကက်ဆက်သည် အီလက်ထရွန်းနစ် နည်းပညာဖွံ့ဖြိုးမှုကြောင့် ရရှိလိုက်သည့်အသီးအပွင့်ဖြစ်သည်။ ထိုင်းနိုင်ငံမှ နယ်စပ်ကို ဖြတ်သန်းလာခဲ့သည့် ကက်ဆက်သည်ကျေးလက်ဒေသတွေဆီသို့ အချိန်ကာလတိုအတွင်းမှာ ပျံ့နှံ့သွားခဲ့သည်။ ကိုယ်ကြိုက်သည့် သီချင်းတွေကို နားထောင်နိုင်သည်။ ဆရာတော်ကြီးများ၏ တရားခွေတွေကို ဖွင့်ပြီး နာယူနိုင်သည်။ ဘယ်လောက် ဟန်ကျလိုက်ပါသလဲ။ အမှန်တော့ကက်ဆက်သည် စစ်ကြိုခေတ်ကတည်းက လူကြိုက်များခဲ့သည့် အလျှုမင်္ဂလာပွဲ

mgyoe.com

mgyoe.com SAMPLE BOOK

မှန်သမျှ သူမပါလျှင် မပြီးသည့် အသံချဲ့စက်၏ အင်ပါရာကို အဆုံးသတ်ချုပ်ငြိမ်း ပေးလိုက်ခြင်း ဖြစ်သည်။ ထို့ပြင် အီလက်ထရောနစ် နည်းပညာ ဖွံ့ဖြိုးမှုနှင့်အတူ အရှေ့မြန်သည့် ခေတ်ဆီသို့ ပြောင်းလဲသွားတော့မည့် အရိပ်နိမိတ်လက္ခဏာဖြစ် သည်။ သို့ဖြင့် အချိန်ကာလတိုအတွင်းမှာပင် ကျေးလက်ဒေသတွေဆီသို့ ကက်ဆက် တွေ ရောက်လာခဲ့သည်။ လယ်ကွင်းတွေ ယာခင်းတွေထဲမှာ၊ ထန်းတောထဲမှာ ကက်ဆက်သီချင်းသံတွေ လွင့်ပျံ့နေလျက်။

ကျွန်တော်လည်း တစ်နေ့လုံးလိုလို အသံချဲ့စက်အနားကိုပဲ ငေးမောနေမိ၍ ကိုငါးမူးတို့ဆီကို မရောက်ဖြစ်တော့။ လဆန်း ၁၄ ရက်နေ့မှာ မုန့်တွေကြော်ပြီး တစ်အိမ်တစ်အိမ်ကို ပေးကြရတာ ပျော်စရာကောင်းသည်။ ကတိုးဝါကြော် လက် ဆောင်ပေးပြီး အပြန်တွင် ကျွန်တော့်လက်ထဲမှာ မုန့်ဆီကြော်၊ မုန့်ပေါက်၊ မုန့်သြ ဇာတွေ တနင့်တပိုးကြီး သယ်ယူလာခဲ့ရသည်။ လပြည့်မနက်မှာတော့ ဆရာတော် ကျောင်းသို့ မုန့်တွေ သွားပြီး လှူဒါန်းကြသည်။ ကျောင်းမှာလည်း စားစရာတွေ အပြည့်။ လာသမျှလူတွေကို ကြက်တက်ရွက်သုတ်၊ ဂျင်းသုတ်တွေဖြင့် ဧည့်ခံသည်။ ကိုရင်ကြီးက ဧည့်ခံကျွေးမွေးဖို့အတွက် အဆင်ပြေအောင် ဦးဆောင်စီစဉ်သည်။ သူက လူထွက်သွားသော်လည်း ကျောင်း၏ ဝေယျာဝစ္စမှန်သမျှကို လာရောက်ဆောင် ရွက်ပေးရစမြဲ။ စိတ်သဘောထားကောင်းပေမင့် စိတ်က လက်တစ်ဆစ်စာမျှသာ။ သို့ရာတွင် ကျွန်တော်တို့ ကလေးတွေကိုတော့ ချစ်သည်။ ဆရာတော် ဦးသုမင်္ဂလ ကလည်း ကလေးတွေကို ချစ်သည်။ မျက်နှာဝိုင်းဝိုင်း အပြုံးချိုချို။ ကျောင်းက ကိုရင်လေးတွေနှင့် ကျွန်တော်တို့တစ်တွေ မျက်စိနောက်လောက်အောင်ဆော့လည်း မဆူမငေါက် ပြုံးပြုံးကြီး ကြည့်နေလျက်ရှိသည်။

နေ့လယ်ခင်းမှာ တခဏ ငြိမ်သက်သွားသည်။ အားလုံး မောသွားကြပြီ ထင်သည်။ ဘယ်ဟုတ်မှာတုန်း။ ညနေခင်း မီးပူဇော်ပွဲလှည့်ဖို့အတွက် ပြင်ဆင် နေကြခြင်းဖြစ်သည်။ အိမ်ကိုပြန်၍ ထမင်းစားသည်။ ထို့နောက် ဘုန်းကြီးကျောင်းကို အမြန်ပြန်ပြေးပြီး အသံချဲ့စက်ဖွင့်သည့် နေရာအနားမှာ ငေးမောနေမိပြန်သည်။ သည်အခိုက်-

"မီးစက်နိုးတော့မယ် ထင်တယ်ကွ"

ဖိုးသောင်းက ပြောလိုက်၍ ကျွန်တော့် စိတ်အာရုံတွေက လျှပ်စစ်မီးပေး မည့် မီးစက်ဆီသို့ ရောက်သွား၏။ အရာတော်မှငှားလာသည့် မီးဆရာသည် ည မှာ လျှပ်စစ်မီးထွန်းဖို့အတွက် လျှပ်စီးမီးကြိုးတွေ သွယ်တန်းနေဆဲ။ ကျွန်တော်တို့

mgyoe.com

mgyoe.com SAMPLE BOOK
တစ်တွေ ဝါယာကြိုးတွေနှင့် အလုပ်ရှုပ်နေသည့် မီးဆရာအနားသို့ မယောင်မလည်ဖြင့် ချဉ်းကပ်သွားကြသည်။ ဖရောဖရော ဝူးခနဲ မီးစက်နှိုးသံနှင့်အတူ လျှပ်စစ်မီးတွေ ပွင့်လာမှာကို ကျွန်တော်တို့ ကြည့်ချင်နေမိသည်။ လျှပ်စစ်မီးကြိုးတွေကလည်း ဆင်လို့ကို မပြီးနိုင်။ စိတ်ပျက်လက်ပျက်ဖြင့် ငေးနေကြစဉ် ဆိုင်းလှည်းနဲ့ မင်းသမီး ရောက်ပြီဆိုသည့် အသံကို ကြားလိုက်ရသည်။ ကျွန်တော်တို့တစ်တွေ လျှပ်စစ်မီးနှင့် အသံချဲ့စက်ကို သတိမရကြတော့။ ဒေါ်ဖွားမှင် အိမ်မှာ စတည်းချသည့် မင်းသမီး အနားကို ရောက်သွားကြပြန်သည်။ အရာတော်မှ ငှားလာသည့် မင်းသမီးဖြစ်သည်။ ပိန်ပိန်သွယ်သွယ် ဆံတိုဂုတ်ဝဲကလေးနှင့်။ မင်းသမီးကို လာကြည့်ကြသူတွေ တော်တော်များသည်။ လူပျိုတွေကလည်း ရစ်သီရစ်သီ။ တစ်နှစ်မှာ တစ်လ။ တစ်လမှာ သည်တစ်ရက်တည်း ကြုံရသည့်အခွင့်အရေးမို့ ဒေါ်ဖွားမှင်လည်း မျက်နှာပွင့်နေချေ၏။

"ကဲ. . . ကဲ. . . အားလုံးပြန်ကြတော့၊ မီးထွန်းပွဲလှည့်ခါနီးနေပြီ၊ မင်းသမီးလည်း အဝတ်အစားလဲတော့မှာ အဟမ်း ဟမ်း"

စကားအဆုံးတွင် အဟမ်းဟမ်း ဟူသော ချွဲဟပ်သံက ပြောလို့ရရင်ရ မရရင် ငါ့ပါးစပ်နဲ့ တွေ့မယ်ဆိုသည့်သဘော သက်ရောက်နေ၏။ သူ့အကြောင်းကို သိ၍ လူပျိုတွေလည်း မင်းသမီး၏အနားမှ မသိမသာ နောက်ဆုတ်သွားကြသည်။ ကျွန်တော်တို့တတွေကတော့ ယောင်ပေပေ လုပ်နေကြ၏။ မင်းသမီး ရေချိုးတာ၊ မိတ်ကပ်လိမ်းတာ၊ အဝတ်အစားလဲတာတွေက မြင်ရခဲပါဘိတောင်း။ သို့သော်လည်း ဘုန်းကြီးကျောင်းရှိ အသံချဲ့စက်ဆီမှ မကြာခင် မီးထွန်းပွဲလှည့်တော့မည်ဖြစ်ကြောင်း အော်ပြောသံကို ကြားလိုက်ရ၍ ဘုန်းကြီးကျောင်းဆီကိုပဲ ပြန်သွားရကောင်းနိုးနိုး၊ မင်းသမီး အဝတ်လဲတာကိုပဲ စောင့်ကြည့်ရကောင်းနိုးနိုး မဝေခွဲနိုင်ပဲ ဖြစ်သွားသည်။ သည်အခွင့်အရေးကို ဒေါ်ဖွားမှင်က အမိအရ အသုံးချလိုက်သည်။

"ဟဲ့ကလေးတွေ မီးထွန်းပွဲလှည့်တော့မှာ မသွားကြသေးဘူးလား"

ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးမှ ရွာလယ်လမ်းဆီသို့ ထွက်လာခဲ့ကြသည်။

မီးထွန်းပွဲလှည့်ဖို့ ခေတ်ပြားနှစ်ချပ်စာပဲ လိုတော့သည့်အကြောင်း အော်သံကို ကြားရပြန်သည်။ တကယ်တော့ မီးထွန်းပွဲကို လိုက်ကြမည့်ရွာထဲရှိ အပျိုတွေကို သတိပေးလိုက်ခြင်းဖြစ်သည်။ အပျိုတွေကလည်း မီးထွန်းပွဲကို ဆင်နွှဲကြဖို့ အားခဲထား၏။ ပိုက်ဆံကို တစ်နှစ်လုံး ကျစ်ကျစ်ပါအောင်စုပြီး မီးထွန်းပွဲရောက်ခါ
mgyoe.com

mgyoe.com SAMPLE BOOK

နီးမှ အဝတ်အစားအသစ်တွေ ချုပ်ကြသည်။ မြို့သူတွေလို အလှပြင်စရာပစ္စည်းတွေ မရှိ။ ဘထွန်းက သူ့အစ်မနှစ်ယောက်ကို ဒေါ်ပွနေ၏။

"အစ်မတို့ကွာ၊ မီးထွန်းပွဲဝတ်မယ့် အဝတ်အစားတွေ အကြောင်းကိုပဲ နေ့တိုင်းပြောနေကြတာကွ။ အမေမုန့်ကြော်နေတာကို တစ်ယောက်မှ မကူညီကြဘူး။ ငါ့ လုပ်ရတာ"

"ငါ့အစ်မလည်း အတူတူပါပဲကွာ၊ ယောက်ျားမြန်မြန်ရမှ အေးမယ့်ဟာမတွေ"

မည်သည့်အချိန်ကတည်းက မြို့သိပ်ထားရသည်မသိ အောင်မင်းကလည်း ပေါက်ကွဲပြန်၏။ သည့်နောက် မီးထွန်းပွဲလှည့်လာမှာကို မျှော်ရင်း ပေသီးပစ်နေမိကြပြန်သည်။ နေရောင်သည် တဖြည်းဖြည်း လျော့ကျသွားပြီ။ လေအေးကလေး တိုက်လာခဲ့သည်။ တူဝေဝေ ကြေးစည်သံကို ကြားလိုက်ရ၍ ကစားတာကို ချက်ချင်း ရပ်လိုက်ပြီး ဘုန်းတော်ကြီးကျောင်းဆီသို့ အမြန်ပြေးသွားကြသည်။ မီးထွန်းပွဲသည် ဘုန်းတော်ကြီးကျောင်းမှ စတင်ထွက်ခွာလာပြီး ရွာလယ်လမ်းတစ်လျှောက်အတိုင်း သွားရင်း ရွာမြောက်ဖျားကို ရောက်တော့မှ ကွေ့ပတ်၍ ဘုန်းကြီးကျောင်းဆီသို့ ပြန်သွားမည်ဖြစ်သည်။ သည်လမ်းကြောင်းကို ပုံမှန်လမ်းလျှောက်လျှင် ဆယ်ငါးမိနစ်လောက်ပဲ ကြာသော်လည်း မီးထွန်းပွဲ လှည့်သည့်အချိန်မှာတော့ တစ်နာရီမက ကြာတတ်သည်။

တွေးလို့ မဆုံးသေး ကြေးစည်သံ တူဝေဝေကို ကြားလိုက်ရ၍ ဟောထွက်လာပြီဟု ပြောရင်းဖြင့် ခေါင်းထောင်ကြည့်လိုက်ကြ၏။ ကြေးစည်သံသည် မီးထွန်းပွဲ လှည့်လာနေပြီဖြစ်ကြောင်း အချက်ပေးလိုက်သည့်အသံ။ အဲသည်နောက်မှာ ဆံသဆရာ ကိုတောကျော် ခေါင်းဆောင်သည့် ဗျောအဖွဲ့ရှိသည်။ အမှန်တော့ ဗျောအဖွဲ့ဟု အလွယ်ပြောလိုက်ရသော်လည်း ဗုံရှည်တစ်လုံး၊ စည်းတစ်စုံ လင်းကွင်းခြမ်းနှင့် မောင်းကြီးတစ်လုံးသာ ပါ၏။ နှဲဆရာက ကြာကန်ရွာသား ဦးပြည့်မောင်။ သူ့နှဲကြီးက တတော်တော် မြည်နေ၏။ ကိုတောကျော်က တုတ်ချောင်းနှစ်ခုနှင့် ဗုံရှည်ကို တတုံတုံခေါက်လျက်။ လင်ကွင်းမြည်သံက ရှဲခနဲ။ ချွင်ချွင်ဟု စည်းအဆုံးတွင် ဒူဟူဟူဆိုသည့် မောင်းထုသံကို ကြားရသည်။

နှဲဆရာ၏ အချွဲအနွဲ့တွေက လွမ်းချင်စရာဖြစ်အောင် ရင်ထဲသို့ တိုးဝှေ့လာခဲ့၏။ ကိုတောကျော်က ဗုံရှည်ကို တတုံတုံခေါက်ရင်း ရွာစားကြီး စိန်ဗေဒါ၏ မင်္ဂလာဗျောညွန့်သီချင်းကို သီဆိုနေလျက်။ နှလုံးသားကို ထိခတ်သွားရသည်ဖြစ်၍

mgyoe.com

mgyoe.com SAMPLE BOOK

မီးထွန်းပွဲကို ပျော်တပြုံးပြုံးဖြင့် စောင့်မျှော်နေကြသူတွေခမျာ ငေးငိုင်သွားကြရပါပကော။ လူအများ စုဝေးစောင့်ကြည့်နေရာတွင် အားပေးကြသူတွေကလည်း အုံ့ခဲနေသမို့ ဗျောအဖွဲ့သည် ရှေ့ကို တော်တော်ဖြင့် မရွေ့တော့။ နှဲဆရာလည်း ရှာန်ဝင်သွားပြီး သူ့နှဲကြီးကို အဆွဲအငင်၊ အရှိုက်အထုတ်၊ အနွဲ့အလှုပ်တွေဖြင့် နားသောတဆင်ကြသူအားလုံးကို ကမ္ဘာလောကတစ်ခုဆီသို့ ခေါ်ဆောင်သွားသည့်အလား။

"ဘယ်စာ ဘယ်နှဝါ မောင်သင်တော့မတုန်း ဘယ်စာဘယ်နှဝါကို ခင်ဗျာမောင်သင်တော့မတုန်း အုန်း. . . ဟုန်း. . . ဟုန်း. . . ချစ်တဲ့သူ သံချိုနှော အော်ဟော် ပြော. . ပြောခဲ့ပါဦးဟု . ဟုဟူ" ကိုတောကျော်၏ အက်ကွဲသံကြီးကို နှဲကြီးသံ တတော်ဖြင့် ဝန်းရံလိုက်သောအခါ ပွဲကြည့်ပရိသတ် အမယ်အိုတို့၏ မျက်လုံးအိမ်တွင် မျက်ရည်စတွေ စို့လာခဲ့ကြရတော့သည်။ ခဏအကြာ မောင်းသံ၊ ပုံရှည်ခေါက်သံ၊ ရှဲခနဲ လင်းကွင်းခြမ်းသံတွေ ရုတ်တရက် တိတ်ဆိတ်သွားပြီး နှဲဆရာ ဦးပြည့်မောင်၏ တစ်ကိုယ်တော်အစွမ်းပြခန်း ရောက်လာခဲ့ပြီ။

ခပ်နွမ်းနွမ်း ဗန်းမော်တဘက်ကို လည်ပင်းမှာပတ်ထားသည့် နှဲဆရာသည် သူ့အနားဝန်းကျင်ကို ရုတ်တရက် မေ့လျော့သွား၏။ တစ်ချိန်တစ်ခါက သူသည် အလှူမှာ ညည့်ခံဖျော်ဖြေသည့် ဆိုင်းအဖွဲ့၏ ပင်တိုင်နှဲဆရာ။ ငွေနှဲကျော် ဆရာပြည့်ဆိုသည့် အမည်နာမသည် သည်နယ်တရိုးမှာဖြင့် ဟိုးဟိုးကျော်ခဲ့သည်ကော။ ကျန်းမာရေးမကောင်း၍ ဆိုင်းပွဲမလိုက်နိုင်တော့ပဲ အနားယူနေရတာကြောင့် ငွေနှဲကျော် ဆရာပြည့်၏ အိပ်ကပ်ထဲမှာဖြင့် ပိုက်ဆံဆို၍ တစ်မတ် ငါးမူးလေးတောင်မထည့်နိုင်။ မည်သို့ပင်ဖြစ်စေ အတိတ်ကာလဆီက ဝိညာဉ်သည် သူ့ဆီကိုပြန်လည်ပူးကပ်လာခဲ့လေပြီ။ ပတ်ဝိုင်းနောက်က ဆိုင်းသေတ္တာပေါ်မှာ ဆောင့်ကြောင့်ထိုင်ရင်းနှဲကြီးတတော်တော်၊ နှဲကလေးတတီတီ မှုတ်နေသည့် သူ့ကိုယ်သူ ထင်မှတ်သွား၏။ ထို့ပြင်တဝ ကိုစိမ်းမောင်၏ ချွင်ချပ်ချွင်ချပ် စည်းလိုက်ပေးသံကလေးက သူ့ကိုအင်အားတွေ တိုးသွားစေသည့်နှယ်။ ရင်ထဲသို့ ရောက်လာသည့် သီချင်းတွေကသူ့နှုတ်ဖျားမှတစ်ဆင့် နှဲကြီးဆီသို့ စီးဆင်းသွားခဲ့သည်။

တစ်လောကလုံး တိတ်ဆိတ်သွားပြီး သူ့နှဲသံထဲမှာ နစ်မြောကုန်ကြပြီဟုတ်ပါသည်။ အစပထမတော့ သူတွေးသလို နားထောင်သူ ပရိသတ်တွေခမျာနှဲသံကြီးထဲမှာ အငိုက်မိသွားပြီး မျောပါသွားလျက်။ သို့ရာတွင် သူ့တစ်ကိုယ်တော်အစွမ်းပြခန်းသည် လိုသည်ထက်ပိုသွားပြီး အချိန်ကြာလာသည်နှင့် နဘေးကဝိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်နေကြသည့် ပရိသတ်နှင့် မီးထွန်းပွဲမှာ လိုက်ပါလာကြသူတွေက မကြည်လင်နိုင်ကြတော့။ ဘယ်နှယ် ရှေ့ကိုလည်း သွားမရ ရောက်သည့်နေရာမှာပဲ မတ်တတ်ကြီး ရပ်နေရ၍ ခြေထောက်တွေ ညောင်းတောင့်နေပြီပဲ။ နဲ့ချောတော့ တယောဟုဆိုသော်လည်း နားထဲသို့ လျောခနဲ မဝင်တော့ပြီ။

ဒီနဲ့ကြီးကလည်း တတော်တော်နဲ့ တော်ကို မတော်နိုင်တော့ဘူးဟု တွေးသူက တွေး၏။ နဲ့ဆရာကတော့ သူ့အား မေတ္တာပို့သနေသည်ကို မသိ၊ အနုပညာ ရှာန် ကွန့်မြူးနေဆဲ။ သည်မှာပင် ကံကောင်းချင်တော့ ကယ်တင်ရှင် ကိုရင်ကြီးရောက်လာခဲ့၏။ သူသည် ဘယ်က ရလာခဲ့သည်မသိ သံခရာကလေးကို တတွီတွီ မှုတ်ရင်း ဗျောအဖွဲ့ကို ရှေ့ဆီသို့ဆက်သွားဖို့ အမူအရာဖြင့် ညွှန်ပြလိုက်၏။ သံခရာကလေး၏ တန်ခိုးပါဝါကား ကြီးမားလှ၏။ ဖုံတောထဲမှာ ကြေးစည်ကို ပစ်ချထားပြီး မြေပြင်ကို ရွှေပလ္လင်အလား မှတ်ယူ၍ သကာလ အေးအေးလူလူ ထိုင်နေကြသူ နှစ်ယောက်လည်း ကပျာကယာဖြင့် မတ်တတ်ရပ်လိုက်ကြသည်။ ပြီးမှ ကြေးစည်ကို အားပါးတရ နှက်လိုက်သည်။

သို့နှင့် ကြေးစည်သံ ဗျောအဖွဲ့ဆီက ဗုံတောင်ခေါက်သံတွေဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ပေါ် ထွက်လာခဲ့ပြီး ရှေ့ဆီသို့ တရွေ့ရွေ့။

ဗျောအဖွဲ့နောက်မှ တံခွန် ကုက္ကားတွေ ကိုင်လာကြသည့် သုံးယောက်တစ်တန်း အဖေတို့လူကြီးအဖွဲ့ ရှိသည်။ ဆရာလေး ကိုတင်စန်းကိုလည်း တွေ့ရသည်။ ဆရာလေးသည် သီတင်းကျွတ် ကျောင်းပိတ်ရက်ဖြစ်သော်လည်း သူ့နေရပ်ကို မပြန်။ ရွာကိုရောက်တာ တစ်နှစ်မပြည့်သေးပေမယ့် ရွာနှင့်တစ်သားတည်း ရှိနေခဲ့ပြီ။ ရွာလယ်ပိုင်းကိုရောက်တော့ မီးထွန်းပွဲလှည့်လာသည်ကို တော်တော်များများ စောင့်မျှော်ကြည့်နေကြသည်။ သို့ရာတွင် အဖေတို့ လူကြီးတွေကိုတော့ မည်သူမျှ စိတ်မဝင်စားကြ။ ပွဲလှည့်လည်ရာတွင် ပါဝင်ကြသူတွေကလည်း ကိုယ့်ရွာသူရွာသားတွေ။ ကြည့်ရှုသူတွေကလည်း ကိုယ့်ရွာကဆိုပေမင့် အဖေတို့တစ်တွေကို မည်သူမျှ အရေးမလုပ်။ အားလုံး၏ မျက်လုံးတွေက လူကြီးတွေနောက်မှ တန်းစီလာကြသည့် အပျိုတွေဆီသို့ ရောက်နေကြ၏။ သည်ပွဲမှာ ရွာမှာရှိသည့် အပျိုတွေအားလုံး ပါဝင်ဆင်နွှဲကြစမြဲ။ လက်ထဲမှာ ဖရောင်းတိုင် တစ်တိုင်စီဖြင့် တစ်ယောက်ချင်း တန်းစီလျှောက်လာကြသည့် အပျိုတွေ လေးငါးခြောက်ဆယ်ခန့်ရှိမည်။

"အားလုံး ခြောက်ဆယ့်တစ်ယောက်ကွ ငါ သေချာရေထားတာ"

တိုးတိုးပြောလိုက်သည့် အောင်မင်းကို ကျွန်တော် အံ့သြသွား၏။ ခက်

mgyoe.com

mgyoe.com SAMPLE BOOK

တာက သူ့စကားကို ကျွန်တော် စိတ်မဝင်စားနိုင်။ ခပ်လှမ်းလှမ်းဆီက မမလှညွှိကို ငေးနေသည့် ကိုငါးမူးကိုပဲ ကြည့်နေမိသည်။ အပျိုအားလုံးထဲမှာ မမလှညွှိ အလှဆုံးဟု ကျွန်တော် ထင်မိသည်။ တကယ်တော့ ရွာထဲရှိသည့် အပျိုတွေအားလုံး တစ်ယောက်နှင့် တစ်ယောက် အဝတ်အစားနှင့် အပြင်အဆင်တွေ သိပ်မကွာ။ မိတ်ကပ်တွေလည်း မလိမ်းနိုင်ကြ။ အများစုက သနပ်ခါးရေကြဲလူးပြီး တယုတယ သိမ်းဆည်းထားသည့် ဝတ်စုံဖြင့် မီးထွန်းပွဲကို ဆင်နွဲကြသူတွေချည်း။ မမလှညွှိကတော့ အရာတော်မှ ဝယ်လာသည့် ပရိမီနာနှင့် အာချီမိတ်ကပ် လိမ်းထားသည်ဟု ဆို၏။ ဒါကြောင့်လည်း ကာလသားတွေရဲ့ မျက်လုံးတွေကလည်း သူ့ဆီသို့ရောက်နေကြသည်။ ကိုငါးမူးကတော့ လွန်ကို လွန်လွန်း၏။ မမလှညွှိ ကိုပဲ ငေးမောကြည့်နေလျက်။ တစ်ခါတစ်ရံတော့ မမလှညွှိကလည်း သူ့ကို ပြန်ကြည့်တာ တွေ့ရသည်။ မီးထွန်းပွဲလှည့်လာသည့် လူတန်းကြီးသည် ရှေ့သို့ရွေ့သွားလိုက် တခဏနေတော့ ရပ်တန့်သွားလိုက်။ သည်အခိုက် ကိုအောင်ဝင်း ရောက်လာ၏။ ခြေဖျားမှာ အဝကျယ်ထားသည့် ဘောင်းဘီရှည်နှင့် အင်္ကျီလက်ရှည် ခပ်ကျပ်ကျပ်။ ဆံပင်ရှည်တွေကလည်း ဂုတ်ကိုထောက်လျက်။ သူ့ကိုမြင်တော့ အပျိုတွေက ပြုံးကြသည်။ သူသည်လည်း အပျိုတွေအနားမှမခွာ၊ ရှေ့မှာရှိသည့် ဗျောအဖွဲ့ဆီကိုတော့ ကိုတောကျော်ရှိနေ၍ မသွားရဲ။

ဆိုင်းသံ ဗုံသံတွေ ကြားလိုက်ရ၍ တန်းစီသွားနေကြသူတွေ၏ နောက်ဆုံးနေရာဆီသို့ ကျွန်တော်တို့ ပြေးကြသည်။ အကအခုန်တွေဖြင့် ဆိုင်းမင်းသမီးအဖွဲ့ရှိသည်။ ရှေ့ဆုံးက သင်ဖြူးဖျာခင်းထားသည့် လှည်းပေါ်တွင် မင်းသမီးကပြနေသည်ကို တွေ့ရသည်။ နောက်ကလှည်းပေါ်မှာတော့ ဆိုင်းအဖွဲ့ပါလာ၏။သည်အဖွဲ့က မီးထွန်းပွဲလှည့်လည်ပွဲကို အစအဆုံး မလိုက်နိုင်။ တချို့အိမ်တွေက ဖိတ်ကြား၍ သွားရောက် ဖျော်ဖြေရသည်။ မေတ္တာတုန့်ပြန်မှုအဖြစ် ပဲတွေ၊ နှမ်းတွေကို လက်ဆောင် ပြန်ပေးကြသည်။ ကျွန်တော်ဖြင့် မီးထွန်းပွဲ လှည့်လည်သွားတာနောက်သို့ လိုက်ပါသွားချင်၊ ဆိုင်းမင်းသမီး ကပြနေသည်ကိုလည်း ငေးမောချင်ဖြင့် ဗျာများနေမိသည်။ မှောင်ရီပျိုးစအချိန်မှာပဲ စတင်ထွက်ခွာရာ ဘုန်းကြီးကျောင်းဝင်းထဲသို့ ပြန်ရောက်လာကြသည်။ ဗျောအဖွဲ့က ခရေပင်ကြီးအောက်မှာ တီးမှုတ်နေဆဲ။ မီးစက်နှိုးထား၍ ဘုန်းကြီးကျောင်းဝင်းတစ်ခုလုံး လျှပ်စစ်မီးတွေဖြင့် လင်းထိန်နေလျက်။ ကိုးတောင်ပြည့်စေတီကိုလည်း လျှပ်စစ်မီးကြိုးတွေ သွယ်တန်းပြီး မီးပူဇော်ထား၏။ အငြိမ့်ကပြမည့် စင်ပေါ်မှာလည်း လျှပ်စစ်မီးပွင့်တွေ ထွန်းထားသည်။
mgyoe.com

mgyboe.com


လူပျိုတွေက ဂက်စ်မီးခြစ် ကိုယ်စီဖြင့် ဘုန်းကြီးကျောင်းဝင်ပေါက်မှာ တန်းစီဝင်လာသည့် အပျိုတွေကို စောင့်ကြိုနေကြသည်။ ကိုယ်ကြိုက်နှစ်သက်ရသူ အမျိုးသမီးရဲ့လက်ထဲက ဖယောင်းတိုင်ကို မီးထွန်းပေးကြမည်ဖြစ်၍ တစ်နှစ်မှာ တစ်ခါပဲရသည့် အခွင့်အရေးကို မည်သူမျှ အလွတ်မခံနိုင်။ ဖယောင်းတိုင်မီးတွေ တစ်တိုင်ပြီးတစ်တိုင် လင်းလာသည်။ သည်အချိန်မှာပဲ ကိုအောင်ဝင်းလည်း ရောက်လာခဲ့ပြန်သည်။ သူ့လက်ထဲမှာ ဂက်စ်မီးခြစ်တစ်လုံး ရှိသည်။ တစ်ယောက်ယောက်က မြှောက်ပင့်ပေးလိုက်သည်လား မပြောတတ်ပါ။ သူသည် ဂက်စ်မီးခြစ် ခြစ်ပြီး ဖယောင်းတိုင်တွေကို တစ်တိုင်ပြီးတစ်တိုင် မီးငြှိသည်။ အောင်ဝင်းက ခြစ်တယ် ခြစ်. . . ခြစ်ဟုလည်း ပြောလိုက်သေးသည်။ သူ့ကြောင့် မီးထွန်းပွဲမစခင်ကတည်းက တိတ်တိတ်ချိတ်ဆက်ထားသည့် အစီအစဉ်တွေ လွဲချော်ကုန်သည်။ စိတ်တိုဒေါသ ထွက်ရအခက်၊ ရယ်ရအခက်။

ဖယောင်းတိုင်မီးတွေဖြင့် စေတီနှင့် ဘုန်းကြီးကျောင်းကြီးကို ကိုးပတ် တိတိ လှည့်ပတ်၍ ပူဇော်ကြ၏။ ကိုတောကျော်တို့ ဗျောအဖွဲ့ကလည်း လှည့်လည် ပူဇော်ပွဲ မပြီးမချင်း တီးမှုတ်နေလျက်။ တုံတုံချပ် တုံတုံ. . . တုံဒူဟူဟူ ဆိုင်းသံနှင့် အတူ ဖယောင်းတိုင် မီးတန်းကြီးသည် ရှေ့ဆီသို့ တရွေ့ရွေ့။ လေပြေလေညှင်း ရုတ်တရက် တိုက်ခတ်လာသည်။ မလှညိုလက်ထဲက ဖယောင်းတိုင် မီးငြိမ်းသွား၍ လှမ်းလက်စခြေလှမ်းတွေကို ရပ်လိုက်စဉ် ကိုငါးမူးက သူ့အနားဆီသို့ ဖျတ်ဆို ရောက်လာ၏။ ပြီးတော့ သူ့လက်ထဲက ဂက်စ်မီးခြစ်ဖြင့် မီးငြှိပေးလိုက်သည်။

ဖယောင်းတိုင်း မီးအလင်းရောင်ထဲမှာ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။ စက္ကန့်အနည်းငယ်လောက်သာ ကြာသော်လည်း မျက်လုံးတွေဖြင့် စကားပြောနေကြ၏။ မလှညိုက မျက်နှာလွှဲပြီး ရှေ့ဆက်သွားသည်။ ကျွန်တော်မှလွဲ၍ သူတို့နှစ်ယောက်၏ ထူးခြားမှုကို မည်သူမျှ မမြင်လိုက်ကြပါ။ အနားမှာ ရှိနေသည့် ဘထွန်းကလည်း သူ့အစ်မကို ဖယောင်းတိုင် ထွန်းပေးမည့်သူ ကိုပဲ စောင့်ကြည့်နေလျက်။

မီးထွန်းပွဲ ပြီးဆုံးသွား၍ အားလုံး အိမ်ပြန်ကြသည်။ သို့သော်လည်း ည ရှစ်နာရီလောက်မှာ ပွဲကြည့်စင်ရှေ့သို့ ပြန်ရောက်လာကြသည်။ စင်ပေါ်က ဆိုင်း အဖွဲ့ကလည်း တီးမှုတ် ဖျော်ဖြေနေလျက်။ မကြာခင် မင်းသမီး ထွက်လာသည်။ ညနေတုန်းက အဝတ်အစားမဟုတ်။ အစိမ်းရောင်အင်္ကျီနှင့် ထဘီမှာ ဘော်ကြယ်တွေ ဝင်းဝင်းလက်လက်။

mgyboe.com

mgyoe.com SAMPLE BOOK

လှူရှင်တော်နှစ်ယောက်က ဆိုင်းနောက်ထတွေဖြစ်သည်။ ဆိုင်းမင်းသမီးမို့လား မသိပါ အသံကောင်းသည်။ အဆိုလည်း ပိုင်သည်။ လာမည့်နှစ်မှာ မန္တလေးက နာမည်ကြီးအငြိမ့်မှာ သွားကပြတော့မည်ဟု ပြောသံကြားရသည်။ သဘင်အနုပညာကို မခံစားတတ်သေးပေမယ့် ဆိုင်းသံဗုံသံတွေ ကြားလိုက်ရသည်နှင့် ကြည်နူးပျော်ရွှင်ရသည်။ အငြိမ့်ခုံထောင့် နှစ်ဖက်စလုံးမှာ ကာလသားတွေ အုံးထနေ၏။

အငြိမ့်စင်ပေါ် သို့ ကျွန်တော် ငေးမောနေမိသည်။ ပြီးတော့ ပရိသတ်ထဲကိုလည်း ကြည့်မိပြန်သည်။ ပွဲခင်းအလယ်မှာ မမလှညိုကို တွေ့ရသည်။ ကိုငါးမူးကိုတော့ ရှာမတွေ့။ တစ်နှစ်မှာ တစ်ခါပဲ ပျော်ရသည့်ပွဲကို သူ ဘာဖြစ်လို့မလာရတာလဲ။ စိတ်မကောင်းဖြစ်သွားရင်း သူ့အိမ်သို့ အမြန်ပြေးသွားပြီး ပွဲခင်းဆီသို့ ခေါ်လာချင်မိသည်။ အများနည်းတူ သူ့ကို ပျော်ရွှင်စေချင်သည်။ အငြိမ့်ပွဲပြီး၍ အိမ်ပြန်ရောက်သော်လည်း ကျွန်တော် အိပ်မပျော်နိုင်သေးပါ။

ဆိုင်းသံ ဗုံသံတွေလည်း မကြားရတော့။ တစ်ရွာလုံး အပ်ကျသံ မကြားရသည်အထိ တိတ်ဆိတ် ငြိမ်သက်သွားသည်။ မိုးကောင်းကင်မှာ လမင်းကြီးသည် ပြည့်ပြည့်ဝန်းဝန်း ထွန်းလင်းနေဆဲ။ မီးထွန်းပွဲတော်က တစ်နေ့တည်းသာ ဖြစ်သော်လည်း စားမြုံ့ပြန် ပြောစရာတွေက အားလုံး၏ရင်ထဲမှာ ပြည့်သိပ်၍နေသည်။ ပဲဆွတ်ရင်း၊ ပေါင်းသင်ရင်း ပြောသည်။ အငြိမ့်မင်းသမီး၏ သီချင်းတွေကို ဆိုကြ၊ လှူရှင်တော် ပြက်လုံးတွေကို ပြောပြီး ရယ်မောကြ စသည်ဖြင့်။ ပြောစရာတွေက အပ်ကြောင်းထပ်နေသော်လည်း ပြောသူကလည်း မမောနိုင် မပန်းနိုင် ပြောနေဆဲ၊ နားထောင်သူတွေကလည်း စိတ်လိုလက်ရ နားထောင်နေဆဲ။ ထို့အတူ ကိုငါးမူးရင်ထဲမှာလည်း ပြောစရာတွေ ရှိနေမှာ သေချာသည်။ သူ့ခမျာ ကံကြမ္မာဝဋ်ကြွေးကြောင့် ကိုယ်ပြောချင်တာတွေကို ပြောနိုင်စွမ်း ချို့တဲ့နေရရှာသူ။ ပြီးတော့ ယုံယုံကြည်ကြည် ရင်ဖွင့်ရမည့်သူ ဆို၍ ကျွန်တော် တစ်ယောက်တည်းသာ ရှိသော်လည်း ကျွန်တော်ကလည်း ကလေးတစ်ယောက်ဖြစ်၍ သူ ပြောသမျှတွေကို အကုန်အစင် နားမလည်နိုင်။ မျှဝေခံစားဖို့ ခက်သည်။

ကျောင်းဆင်းချိန်တိုင်း နှစ်ရက်ခြားတစ်ခါလောက် သူ့ဆီကို ရောက်တတ်သည်။ မီးထွန်းပွဲအကြောင်း သူ ဘာမျှမပြောပါ။ ကျွန်တော်က စကားစလိုက်သော်လည်း သူ့ဆီက တုန့်ပြန်မှုတွေကို မတွေ့ရ။ သည်တော့လည်း အငြိမ့်ပွဲကို ဘာကြောင့် ခင်ဗျား ဘာဖြစ်လို့မလာတာလဲဟု မေးရမှာ အားနာသွားရသည်။ မီးထွန်းပွဲပြီး နောက်ပိုင်း သူသည် ပို၍ တိတ်ဆိတ်သွား၏။ ယခင်ကလို ကျွန်တော် မေး

mgyoe.com

mgyobe.com

သမျှတွေကို စာရေးပြီး ပြန်မပြောတော့။ သူ့မျက်လုံးတွေထဲမှာလည်း ကျွန်တော် မြင်တွေ့နေကျ ပြုံးပြုံးရယ်ရယ်တွေ ပျောက်ကွယ်နေလေပြီ။ ကိုအောင်ဝင်းကတော့ သူနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သွက်လက် မြူးကြွနေလျက်။ မထင်မှတ်ဘဲ ကျွန်တော်တို့ ကျောင်းစာကြည့်တိုက်ဆီကို ရောက်လာပြီး စာအုပ်တွေ ဖတ်နေသည် ကို တွေ့ရသည်။ သို့သော်လည်း သူ့စိတ်အခြေအနေ ကောင်းမွန်သွားပြီဟု တစ်ထစ်ချ ပြော၍ မရသေး။ တစ်ချက်တစ်ချက် ဗွေဖောက်ပြီး သွားချင်ရာ လျှောက် သွားနေဆဲ။ အထူးသဖြင့် ရွာတောင်ဘက်က ချောင်းထဲကို စက်ကျနေ၏။ ချောင်း ထဲက သဲပြင်ပေါ်ကို ခေါက်တုန့်ခေါက်ပြန် လျှောက်သည်။ ညနေစောင်း နေအေး သွားချိန်တွင် သဲပြင်ပေါ်မှာ ပက်လက်လှန်ပြီး အိပ်ချင်အိပ်နေတတ်သည်။ ပြီးတော့ မိုးကောင်းကင်ကြီးကို မျက်တောင်မခတ် ငေးမောနေလေ့ရှိသည်။ လရောင်ရွှန်းမြ သည့် ညမျိုးတွင် သန်းကောင်သန်းလွဲအထိ သဲချောင်းကြီးထဲမှာပဲ သူ ရှိနေသည်။ ကျွန်တော်တို့နှင့်လည်း မဆော့တော့ပါ။

တန်ဆောင်မုန်းလထဲသို့ ရောက်လာခဲ့ပြီး ဆောင်းဝင်တော့မည့် အရိပ် အယောင်တွေ တွေ့မြင်လာရပြီ။ မနက်ခင်းမှာ မြောက်ပြန်လေသည် မြူနှင်းတွေကို သယ်ဆောင်လာခဲ့သည်။ သို့ရာတွင် ဆောင်းသည် ပီပီပြင်ပြင်မရှိသေး။

သည်တစ်နှစ်တော့ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့မှာ ကျင်းပသည့် အရာတော် ကထိန်ပွဲကို သွားမည်ဟု အမေက ပြောလိုက်၍ ကျွန်တော် ပျော်သွား၏။ တစ်မြို့လုံး အုံးအုံးကြွက်ကြွက် စည်ကားသည့် ကထိန်ပွဲအကြောင်း အမေက ခဏ ခဏ ပြောဖန်များလွန်း၍ နားရည်ဝနေ၏။ အရာတော်ကို သွားဖို့အတွက် ရက်တွေ ကို တွက်ရင်းဖြင့် စိတ်မရှည်နိုင်။ လဆန်း ၁၂ ရက်နေ့ကို အမြန်ရောက်ချင်နေမိ သည်။ သို့ရာတွင် ကျွန်တော့်မျှော်လင့်ချက်တွေ ပျက်စီးသွားခဲ့ရတော့သည်။

တစ်ရက်က အရာတော်မှ ပြန်လာသည့် အဖေ့မျက်နှာ သိပ်မကောင်း။ အမေနှင့် တိုးတိုးကြိတ်ကြိတ် စကားပြောနေသည်ကို တွေ့ရသည်။ ထမင်းစားပြီး ကိုငါးမူးတို့ဆီကို ထွက်လာခဲ့သည်။ ညနေစောင်းချိန် အပြင်ထွက်တိုင်း အမေက သားလေး မမှောင်ခင် ပြန်လာခဲ့နော်ဟု သတိပေးစမြဲ။ ယခုတော့ ကျွန်တော့်ကို ပြောဖို့ မေ့လျော့နေပြီလားမသိ။ တစ်ခုခု ဖြစ်နေပုံရသည်။ စိတ်ထဲမှာ လေးသွား၍ ကိုငါးမူးအိမ်မှာ တစ်ခဏပဲနေပြီး ပြန်လာခဲ့သည်။ အမေ့မျက်နှာသည် တင်းတင်း မာမာ။ အမေနှင့် အဖေ တစ်ခါမျှ ရန်မဖြစ်ဘူးပါ။ မှောင်သွားပြီဖြစ်၍ မအိပ်ချင် သေးပေမယ့် အိပ်ယာဝင်လိုက်သည်။ ခဏနေတော့ ကျွန်တော် အိပ်ပျော်သွားသည်။

mgyobe.com

mgyoe.com SAMPLE BOOK
တစ်နာရီလောက်အကြာ တစ်ရေးနိုးလာသည့်အချိန် အမေနှင့် အဖေ စကားပြောသံကို ကြားရသည်။ ကျွန်တော် အိပ်ပျော်သွားပြီထင်၍ အေးအေးဆေးဆေး စကားပြောနေကြခြင်းဖြစ်သည်။ တိတ်တိတ်လေးနေပြီး နားထောင်ရင်းဖြင့် ထိတ်လန့်သွားရသည်။ အရာတော်သမဝါယမမှာ အလုပ်လုပ်နေသည့် အစ်ကိုကြီး ကိုအုန်းရွှေ တစ်ယောက် သမငွေတွေ ကွာနေ၍ ထွက်ပြေးသွားသည်တဲ့။

"ရှင်ပဲမြှောက်စားခဲ့တာလေ၊ သူ့အရည်အချင်းနဲ့ ဒီရာထူးက မတန်မှန်း လူတိုင်း သိနေကြတာတောင် ရှင်က မသိချင်ယောင်ဆောင်နေတာ၊ ငွေခြောက်သောင်းက နည်းတာ မဟုတ်ဘူး"

"ဟုတ်ပါတယ်ကွာ၊ ညည်းပြောသလို ငါ့အပြစ်တွေပါ။ ဒါပေမယ့် ကိုယ့်သားသမီးလေ၊ ငါတို့က ဒီအတိုင်း မျက်စိစုံမှိတ်ထားလို့ ရပ့ါမလား။ အမှုမဖွင့်သေးခင် ငွေတွေ လျော်ပေးမှဖြစ်မယ် မခင်ရီရယ်"

"ကိုယ့်သားသမီး ဟုတ်လား ကိုကျော်စိန်။ ကျွန်မ အရာတော်ကို တစ်ခေါက်လာတာတောင် မျက်နှာလေးတစ်ချက် လာပြဖော် မရတဲ့သားလေ။သူ့စိတ်ထဲမှာ အမေရယ်လို့တောင် မှတ်ချင်မှမှတ်တော့မှာ။ မလျော်နိုင်ရင် အဖမ်းခံလိုက်ပေါ့ရှင်။ ကျွန်မကတော့ ရှင်းရှင်းပဲ၊ သားငယ်လေးရှင်ပြုဖို့ စုထားတာတွေတော့ မပေးနိုင်ဘူး"

အမေသည် ပင်ကိုယ်အားဖြင့် စိတ်နှလုံးသိမ်မွေ့သော်လည်း သူ့စိတ်အလိုအတိုင်း ဖြစ်မလာလျှင် တင်းမာပြတ်သားသည်။ အဖေက အမေနှင့် ဆန့်ကျင်ဖက်။ အပေါ်ယံ တင်းမာသလောက် စိတ်ဓာတ်ပျော့ပြောင်းသူ။ ကျွန်တော် ငိုချင်သွားသည်။ အစ်ကိုကြီးကို မုန်းလည်း မုန်းသွားသည်။ သို့သော် သူ ထောင်ကျသွားမှာ စိုးသည်။ ကျွန်တော် ရှင်မပြုရလည်း အရေးမကြီးပါ။ စုဆောင်းထားသည့် ငွေတွေကို အစ်ကို့အတွက် အလျော်ပေးလိုက်စေချင်သည်။

အမေသည် ကျွန်တော့်ကို ရှင်ပြုပေးဖို့အတွက် လွန်ခဲ့သည့် နှစ်နှစ်လောက်ကတည်းက အားခဲထားရှာသည်။ အလှူမှာ အရာတော်က စိန်ကာတွန်ဆိုင်းအဖွဲ့ကို ငှားမည်ဟု ပြောသည်။ အကျွေးအမွေးက ငါးခြောက်ထောင်းချက်၊ ပဲတီချဉ်သုတ်၊ မုန်ရောင်ဟင်းချို။ အလှူထမင်း အလှူဟင်းသည် စားကောင်းလှသည်။ အလှူကြီးဖြစ်၍ နှစ်နှစ်လောက်ကတည်းက ကြိုတင်၍ အားခဲထားရသည်။ ယခုတော့ အမေ့စိတ်ကူး မျှော်မှန်းချက်တွေ ရေစုန်မျောရတော့မည်လား။

အရာတော် ကထိန်ပွဲကိုလည်း မသွားဖြစ်တော့ပါ။ အစ်ကို့ကိုစွဲကို
mgyoe.com